The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 5, 2018

# လောလောဆယ် ရပ်ဆိုင်းထားသည့် Re-export သကြား တင်ပို့၊ တင်သွင်းခဲ့မှုမှ ကုန်သွယ်မှုနယ်ပယ်တွင် အကျိုးသက်ရောက်ခဲ့မှု

စာမျက်နှာ - ၈ ➢




## မြန်မာနိုင်ငံမှ တင်ပို့သည့် ကွမ်းသီးခြမ်းအား သြစတြေးလျနိုင်ငံမှ တားမြစ်

စာမျက်နှာ - ၂၃ ➢

## ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စာမျက်နှာ - ၁၇ ➢

## မြန်မာ့ဆန်စပါးနဲ့ ကမ္ဘာ့ဆန်ဈေးကွက်

စာမျက်နှာ - ၂၉ ➢




Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.
MEGASUN
Agri-Tech
OIL-FREE CHAFF FURNACE DRYER
PRODUCT SPECIFICATION
LOW TEMPERATURE QUICK DRY ENERGY EFFICIENCY
COMPLETE MODELS FIRST CHOICE FOR QUALITY RICE
SELL TO THE WORLD
Web
http://www.sunshen.com.tw
Email
goldensun103@gmail.com
V model 6-12tons + AI 800D


POE POE
SERVICES COMPANY LIMITED
POE POE
CAR SALES CENTER
No.30-A Golden Valley St, Golden Valley 2nd Ward, Bahan Township, Yangon, Myanmar. No.51-B Shwe Taung Gone St, Bahan Township, Yangon, Myanmar.
PH : +95 01 532218, 01 504458
HP : + 95 09 5570555, 09 78557055, 09 795570555, 09 5590555
Email : poepoeseven@gmail.com


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MPU
JCB
UnionPay 银联
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans and Overdraft
Gift Cheque Services
Safe Deposit Locker
ATM / POS Services
Mobile Banking Services
Foreign Banking Services
Western Union နှင့် ချိတ်ဆက်၍ ငွေလွှဲဆောင်ရွက်ပေးခြင်း

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အာဂျင်တီးနားနိုင်ငံ သံအမတ်ကြီး H.E. Mrs. Maria Alicia Cuzzoni de Sonschein နှင့် ကျူးဘားနိုင်ငံသံအမတ်ကြီး H.E. Mr. Hector Conde Almeida တို့အား သီးခြားစီလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဗန်ကောက်အခြေစိုက်၊ အာဂျင်တီးနားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mrs. Maria Alicia Cuzzoni de Sonschein အား ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ဗန်ကောက်အခြေစိုက်၊ ကျူးဘားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Hector Conde Almeida အား နံနက် ၁၁ နာရီတွင် လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ(၁) ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

အာဂျင်တီးနားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mrs. Maria Alicia Cuzzoni de Sonschein ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့အကြား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ G-77 နှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍမှ စက်မှုကဏ္ဍသို့ ပြောင်းလဲရာတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကျူးဘားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Hector Conde Almeida အား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ကျူးဘားနိုင်ငံသို့ ဆန်နှင့် ပဲမျိုးစုံတင်ပို့နိုင်ရေး၊ ကျူးဘားနိုင်ငံမှ ဆေးဝါးများ တင်သွင်းရေး၊ ကျူးဘားနိုင်ငံတွင် အောက်တိုဘာလ၌ ကျင်းပမည့် နိုင်ငံတကာကုန်စည်ပြပွဲသို့ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခြင်းဖြင့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရေးတို့အား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ဆန်စပါးဈေးကွက်သစ်များရှာဖွေနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်

ဆန်စပါးဈေးကွက်သစ်များ ရှာဖွေနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအား ဖေဖော်ဝါရီ ၂၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အစည်းအဝေးခန်းမတွင်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုနှစ်ဆန်တင်ပို့မှုမှာ ထူးခြားစွာဖြင့် စံချိန်တင် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ယခုချိန်ထိ ဆန်တန်ချိန် ၃ ဒသမ ၁၇ သန်း တင်ပို့ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍လာမည့်နှစ်များတွင် ယခုတင်ပို့မှုစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ဆန်စပါးဈေးကွက်များအား တိုးချဲ့ရှာဖွေရန်၊ ဈေးကွက်ခိုင်မာစေရန်အတွက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆန်စပါးတိုးမြှင့်တင်ပို့နိုင်ခြင်းသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များနှင့် ပြည်ပဆန်တင်ပို့သူများ လက်တွဲကြိုးပမ်းဆောင်ရွက်မှုကြောင့်ဖြစ်ပါကြောင်း၊ ပြည်ပသို့ တိုးချဲ့တင်ပို့မှုဆောင်ရွက်သကဲ့သို့ ပြည်တွင်းဈေးကွက်တည်ငြိမ်ရေး၊ Supply Chain တစ်လျှောက်လုံးတွင် Supply & Demand မျှတစေရေး၊ ဈေးကွက်ကို တိုးချဲ့ရှာဖွေရာတွင် ဆန်စပါးအထွက်နှုန်း ပိုလျှံမှုနှင့် ပြည်တွင်းလိုအပ်ချက်ကိုချိန်ဆပြီး ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ပြီး ယခုနှစ်ဆန်တင်ပို့မှုတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်နှစ်ပိုင်းစလုံးမှ တိုးမြှင့်တင်ပို့ထားသည်ကို တွေ့ရပါကြောင်း၊ ဈေးကွက်တစ်ခုတည်းကို မှီခိုအားထားခြင်းများ မဖြစ်စေရေးအတွက် ကြိုတင်စီမံခန့်ခွဲထားရန်၊ ထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ပြည်တွင်း သုံးစွဲမှု၊ ပိုလျှံမှုများကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးပွဲတွင် တက်ရောက်လာသူများမှလည်း ပွင့်ပွင့်လင်းလင်းနှင့် ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများမှ မြန်မာ့ဆန်စပါးဈေးကွက် ရှာဖွေရေးနှင့်ပတ်သက်ပြီး ဆွေးနွေးကြရာတွင်ရရှိပြီးသားဈေးကွက်များ မပျောက်စေရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စာမျက်နှာ - ၄

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အိန္ဒိယနိုင်ငံ၌ကျင်းပသည့် Partnership Summit 2018 သို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ အန်ဒရာပရာဒက်ရှ်ပြည်နယ်၊ Visakhapatnam မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိကျင်းပသည့် Partnership Summit 2018 သို့တက်ရောက်ခဲ့သည်။

အဆိုပါ Partnership Summit 2018 ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က Visakhapatnam မြို့၊ Harbour Park ရှိ APIIC Ground Floor တွင် ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံ၊ ဒုတိယသမ္မတ H.E. Mr. M Venkaiah Naidu က ဖွင့်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားခဲ့ပြီး၊ အန်ဒရာပရာဒက်ရှ်ပြည်နယ် ဝန်ကြီးချုပ် Mr. N Chandrababu Naidu နှင့် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Suresh Prabhu တို့မှ အသီးသီး အဖွင့်အမှာစကားပြောကြားခဲ့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဖေဖော်ဝါရီလ ၂၅ ရက်တွင် Visakhapatnam မြို့ရှိ Novotel ဟိုတယ်၌ အိန္ဒိယနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Suresh Prabhu နှင့် Partnership Summit သို့ တက်ရောက်သော နိုင်ငံအသီးသီးမှ ကုန်သွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Partnership Summit 2018 ၏ Plenary Session များဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု၏ ရှေ့အလားအလာများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း အစီအစဉ်သို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် လွယ်ကူမှုမြှင့်တင်ခြင်း(Promoting Ease of Doing Business) ဆိုင်ရာ ဆွေးနွေးပွဲတွင် Panelist အဖြစ် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အရောင်းအဝယ်အေးလို့ ဆန်ဈေး အနည်းငယ်ပြန်ကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အရောင်းအဝယ်အေးသွားတဲ့အတွက် ဆန်ဈေးလည်းအနည်းငယ်ပြန်အေးသွားတယ်လို့ ရန်ကုန်ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။ ယခုတစ်ပတ် ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၅၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၉၀၀၀၊ နယ်စုံကျိုက်လတ် ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၂၀၀၀ နဲ့ ဈေးငြိမ်နေသော်လည်း ကျားပျံပေါ်ဆန်း ဆန်တစ်အိတ်ကျပ် ၃၈၀၀၀ မှ ကျပ် ၄၂၀၀၀၊ ပေါ်ဆန်းအသစ် တစ်အိတ် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၄၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် ဈေးကျကြောင်း သိရပါတယ်။ လူကြိုက်များတဲ့ ရွှေဘိုပေါ်ဆန်းဆန်ကတော့ အသစ်တစ်အိတ် ကျပ် ၅၄၀၀၀ မှ ကျပ် ၅၇၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်ဈေးတက်ကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိသော်လည်း ယခုတစ်ပတ် အရောင်းအဝယ်အေးသွားတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

ဆန်ချောအချို့ ဈေးကျသလို ဆန်ကြမ်းအချို့လည်း ဈေးကျကြောင်း သိရပါတယ်။ ဧည့်မထဆန်ထိပ်စ တစ်အိတ်ကျပ် ၂၃၂၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၂၁၂၀၀၊ အကြမ်းသစ် (ရှယ်) တစ်အိတ် ကျပ်၂၂၇၀၀မှကျပ် ၂၃၂၀၀၊ ရက် ၉၀ အသစ်တစ်အိတ် ကျပ် ၂၅၀၀၀ မှကျပ် ၂၅၅၀၀၊ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀ မှကျပ် ၂၆၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်ဈေးကျကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅ မှတ် မှော်ဘီ တစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ တစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၂၉ ယွမ်မှ ၁၃၁ ယွမ်၊ သုခ ၁၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ် တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ရက်၉၀ အသစ်တစ်အိတ်ယွမ် ၁၄၀ မှ ၁၄၄ ယွမ် ရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ တစ်ဖက်နိုင်ငံရဲ့ နှစ်သစ်ကူးပွဲတော်ပြီးတဲ့ နောက်ပိုင်း အရောင်းအဝယ် ပုံမှန်ပြန်ကောင်းလာပြီး ဆန်အဝင်လည်း ပြန်ကောင်းလာတယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ၁၈၁၁၉ တန်ရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## ဟင်္သာတမိုးဧည့်မထစပါးဈေး အနည်းငယ်ကျ၍ မအူပင်ဆန်ဈေးအနည်းငယ်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုဖေဖော်ဝါရီလ နောက်ဆုံးပတ်၌ ဟင်္သာတခရိုင် ဟင်္သာတ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် သဘော်အတင်မရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၉၀၀၀၀-၆၀၀၀၀၀ မှ ကျပ် ၅၈၀၀၀၀-၅၉၀၀၀၀ ဖြင့် ဈေးကျဆင်းနေပြီး စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင်ဖြင့် ဈေးကျဆင်းလျက်ရှိကြောင်း သိရသည်။

မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် အရောင်းအဝယ်သွက်လာမှု အပေါ်မူတည်၍ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ယခင်ကျပ် ၃၅၀၀၀ မှ ယခုကျပ် ၃၆၀၀၀၊ မိုးဧည့်မထဆန် တစ်အိတ်လျှင် ယခင်ကျပ် ၂၃၀၀၀ မှ ယခုကျပ် ၂၄၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဈေးမြင့်တက်သွားကြောင်း ဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သောကုမ္ပဏီမှ မျိုးသန့် (မျိုး) စပါးများ စတင်ရောင်းချလျက်ရှိ

ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သောကုမ္ပဏီသည် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ပုသိမ်မြို့ သရောင်းချောင်းမျိုးသန့်ခြံ၊ ဖျာပုံမျိုးသန့်ခြံ၊ မှော်ဘီမျိုးသန့်ခြံမှ မျိုးသန့် (မျိုး) စပါးများကို ဝယ်ယူ၍ ၂၀၀၉-၁၀ မိုးစပါးရာသီမှစတင်ကာ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များရှိ ဒေသခံတောင်သူများနှင့် ပူးပေါင်းလျက် မျိုးသန့်စပါးများ ထုတ်လုပ်၍ တောင်သူများကို ပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မျိုးသန့်စပါးများ စိုက်ပျိုးသည့် တောင်သူများကို ကုမ္ပဏီမှ မျိုးစပါး၊ သွင်းအားစု (ဓာတ်မြေဩဇာ၊ စက်သုံးဆီ)၊ စိုက်ပျိုးစရိတ်နှင့် လိုအပ်ပါက လယ်ယာသုံးစက်ကိရိယာများကိုလည်း ပံ့ပိုးပေးလျက်ရှိပြီး မျိုးသန့်စိုက်တောင်သူများအား စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ပင်ပွားချိန်၊ အနှံထွက်ချိန်၊ ရင့်မှည့်ချိန်များတွင် အခမဲ့မျိုးကွဲသုံးကြိမ်ပယ်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ အကူအညီများရယူလျက် ကုမ္ပဏီစိုက်ပျိုးရေးတာဝန်ခံနှင့် ပူးပေါင်းကာ ပိုးမွှားအန္တရာယ်ကာကွယ်ပေးရေး၊ ရောဂါအလေအလွင့်မဖြစ်ပွားရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ထွက်ရှိလာသော မျိုးသန့်စပါးများကိုလည်း ဒေသပေါက်ဈေးထက် ကျပ်တစ်သိန်းဈေးပိုပေးကာ ဝယ်ယူလျက်ရှိကြောင်း ဧရာပုသိမ်ကုမ္ပဏီမှ သိရသည်။

ဧရာပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီသည် နှစ်စဉ် ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ သီးထပ်ရင်၊ ဧရာမင်းစပါးမျိုး၊ မျိုးသန့်ဧက ၃၀၀ ကျော် နှစ်စဉ်ထုတ်လုပ်လျက်ရှိပြီး မျိုးသန့်တင်း ၈၀၀၀ - ၉၀၀၀ ခန့်ကို တိုင်းအတွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပုသိမ်၊ သာပေါင်း၊ ငပုတော၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ဝါးခယ်မ၊ ဇလွန်၊ ကြံခင်းမြို့နယ်များမှ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ မိုးစပါးအတွက် မျိုးများကိုနှစ်စဉ် မေလမှ စတင်ရောင်းချရသော်လည်း ယခုအချိန်မှစ၍ မျိုးစပါးတင်း ၅၀၀ ခန့် ရောင်းချပြီးစီးကြောင်း၊ ဧရာပုသိမ်မှ မျိုးစပါးများမှာ တောင်သူများ ကြိုက်နှစ်သက်မှုရှိပြီး တောင်သူများထားသော မျိုးထက် အထွက်နှုန်းကောင်း၍ ဧရာပုသိမ်မှ ရောင်းချသောမျိုးမှာ စတင်စိုက်ပျိုးချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ GAP စနစ်ဖြင့် စိုက်ပျိုးလျက် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရရှိထားပြီး မျိုးစပါးဈေးနှုန်းမှာ ဧရာဝတီ ပေါ်ဆန်း တစ်တင်း ကျပ် ၁၈၀၀၀၊ ပေါ်ဆန်ရင်တစ်တင်း ကျပ် ၁၆၀၀၀၊ ဧရာမင်း တစ်တင်း ကျပ် ၁၃၀၀၀၊ ဆင်းသွယ်လတ် တစ်တင်းကျပ် ၁၂၀၀၀၊ ဆင်းသုခတစ်တင်းကျပ် ၁၀၅၀၀၊ သီးထပ်ရင်တစ်တင်း ကျပ် ၁၀၅၀၀၊ ရက် ၉၀ စပါးတစ်တင်း ကျပ် ၁၂၀၀၀ ဈေးနှင့် ရောင်းချလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှတာဝန်ရှိသူက ပြောပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၈ | ၄၀၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၈ | ၃၉၃ | ▽ | ၄၁၄ | ၄၁၀ | ▽ | ၄၃၀ | ၄၃၅ | △ | ၃၈၆ | ၃၈၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၆ | ၃၉၁ | ▽ | ၄၁၁ | ၄၀၇ | ▽ | - | - | - | ၃၈၂ | ၃၈၁ | ▽ |
| ဆန်ဖြူ ၁၅% | ၃၉၃ | ၃၈၈ | ▽ | ၄၀၄ | ၄၀၀ | ▽ | - | - | - | ၃၇၆ | ၃၇၆ | □ |
| ဆန်ဖြူ ၂၅% | ၃၈၁ | ၃၇၆ | ▽ | ၃၉၄ | ၃၉၀ | ▽ | ၃၉၅ | ၃၈၅ | ▽ | ၃၅၄ | ၃၅၃ | △ |
| ပေါင်းဆန် | ၄၃၅ | ၄၃၅ | □ | - | - | - | ၄၃၅ | ၄၃၅ | □ | ၄၅၅ | ၄၅၅ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၈-၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၃၅၀၀ | □ | ၇၈၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၃၀၀၀ | □ | ၇၈၉၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၃၀၀၀ | ▽ | ၇၀၀၀ | □ | ၃၄၀၀၀ | ▽ |
| ရွှေဘို | ၆၀၀၀ | □ | ၂၆၀၀၀ | △ | ၁၅၀၀၀ | △ | ၄၈၀၀၀ | △ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | △ | ၂၄၅၀၀ | △ | - | - | ၄၈၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၂၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၆၃၀၀ | △ | ၂၄၀၀၀ | △ | - | - | ၄၂၀၀၀ | △ |
| မကွေး | ၆၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၅၀၀၀ | △ |
| မော်လမြိုင် | ၅၈၀၀ | △ | ၂၂၀၀၀ | □ | ၇၈၀၀ | □ | ၃၄၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | △ | ၃၀၀၀၀ | □ | - | - | ၆၄၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | △ | ၂၇၅၀၀ | △ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

စာမျက်နှာ (၃) ဆန်စပါးဈေးကွက်သစ်များ ⋯⋯ မှအဆက်

အရည်အသွေးမြင့်ဆန်များ တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များ၊ ပိုမိုတိုးချဲ့ တင်ပို့နိုင်ပါက လိုအပ်လာမည့်ဆိပ်ကမ်းနှင့် အခြေခံအဆောက်အဦလိုအပ်ချက်များ၊ ပြည်တွင်းဆန်ဈေးကွက် ထိန်းကျောင်းရေး လိုအပ်ချက်များ၊ ပြည်ပဆန်ဝယ်နိုင်ငံများနှင့် G to G စာချုပ် ချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ပသို့ ဆန်တင်ပို့နေသည့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၃/၂ | ၂၈/၂ | ပြောင်းလဲမှု | ၂၃/၂ | ၂၈/၂ | ပြောင်းလဲမှု | ၂၃/၂ | ၂၈/၂ | ပြောင်းလဲမှု | ၂၃/၂ | ၂၈/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၈၇ | ၈၃၀ | ▼ | ၈၃၃ | ၇၆၇ | ▼ | ၈၅၀ | ၇၇၅ | ▼ | ၈၆၀ | ၈၁၀ | ▼ |
| ပဲစင်းငုံ | ၆၉၇ | ၆၃၄ | ▼ | ၆၃၃ | ၅၅၈ | ▼ | ၆၂၅ | ၅၆၀ | ▼ | ၆၅၀ | ၅၄၅ | ▼ |
| ပဲတီစိမ်း | ၁၁၆၅ | ၁၂၀၀ | ▲ | ၁၇၃၃ | ၁၈၁၃ | ▲ | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ကုလားပဲရိုးရိုး | ၂၀၀၀ | ၁၉၅၀ | ▼ | ၁၄၈၅ | ၁၃၉၇ | ▼ | ၁၄၄၇ | ၁၂၁၁ | ▼ | ၁၄၂၀ | ၁၄၂၀ | ■ |
| ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၀၅ | ▼ | ၁၂၁၇ | - | - | - | ၁၄၀၅ | - | ၁၃၄၀ | ၁၂၈၀ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၅၇၈ | ၂၃၁၁ | ▼ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၈-၂-၂၀၁၈ ဒေါ်လာ/တန်


| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၃/၂ | ၂၈/၂ | ပြောင်းလဲမှု | ၂၂/၂ | ၂၇/၂ | ပြောင်းလဲမှု | ၂၂/၂ | ၂၇/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၁၀ | ၃၉၀ | ▼ | ၆၁၀ | ၆၆၃ | ▲ | ၅၆၉ | ၆၀၃ | ▲ |
| ပဲစင်းငုံ | ၃၅၀ | ၃၂၀ | ▼ | ၆၁၀ | ၆၁၇ | ▼ | ၆၆၅ | ၆၄၈ | ▼ |
| ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | - | - | - | ၇၅၃ | ၇၄၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၇၂၀ | ▼ | ၆၁၅ | ၅၈၆ | ▼ | ၆၅၀ | ၆၀၉ | ▼ ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ပြည်ပဲစင်းငုံသီးနှံဈေး အနိမ့်ဆုံးဖြစ်ပေမယ့် အရောင်းအဝယ်သွက်

ဖေဖော်ဝါရီလကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲသစ်မျိုးစုံနေ့စဉ်အဝင်ရှိနေပြီး အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲစင်းငုံသီးနှံသစ်များလည်း ဆက်တိုက်ဝင်ရောက်ခဲ့ကာ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်း၊ ကံမမြို့နယ်များမှ တစ်ရက် အိတ် ၄၀၀ကျော်အထိ ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်သမားများ ဝယ်ယူလျက်ရှိတာကြောင့် နေ့စဉ်အိတ် ၃၀၀ မှ ၄၀၀ကျော် ဝယ်ယူခဲ့တယ်လို့သိရပါတယ်။ ပဲစင်းငုံသီးနှံဟာ ဈေးကွက်အတွင်း မတ်ပဲ၊ ပဲတီစိမ်းသီးနှံသစ်များထက် အရောင်းအဝယ်ပိုသွက်ခဲ့ပြီး ဈေးမှာလည်း တစ်တင်းကျပ် ၁၁၅၀၀ သာရရှိခဲ့တဲ့အတွက် ပဲအရောင်းအဝယ်သွက်ပေမယ့် ဈေးအေးခဲ့ပါတယ်။ ဈေးကွက်အတွင်းမှာ အခြားပဲများ အားလုံးထက်ဈေးနိမ့်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ကြောင်းသတင်းရရှိပါတယ်။

**ခင်ဆွေဝင်း**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစို လျော့နည်းတင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၉၉၂၀ တန်ဖိုးရှိချင်းစို ၉၂ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၁၂၅ တန်နဲ့ နှိုင်းယှဉ်ပါက ၃၃ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

စစ်တွေမှာ ယခင်တစ်ပတ်က ချင်းစို တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၁၀၁၁၂၀၀ ရှိပြီး ယခုတစ်ပတ်မှာ ၁၀၁၀၄၉၆ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ပြည်ပဲကြီးသီးနှံသစ်များ ဈေးကွက်သို့ဝင်ရောက်လာပြီး ပဲကြော်ဖိုသမားများ ဝယ်လိုအားကောင်း

ပြည်ပဲမျိုးစုံဈေးကွက်သို့ ဖေဖော်ဝါရီလလယ်မှစ၍ ပဲကြီးသီးနှံသစ်များ ဝင်ရောက်ခဲ့တာကြောင့် ယခုတစ်ပတ်တွင် အိတ် ၃၀၀ မှ ၄၀၀ ကျော်အထိ ပဲအဝင်များလာခဲ့ပြီဖြစ်ပါတယ်။ ဝယ်လက်ကတော့ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်လိုအားကောင်းလို့ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်းကျပ် ၄၃၅၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၁၅၀၀တို့ဖြင့် အသီးသီးရောင်းဝယ်ခဲ့လို့ ပဲဟောင်းဈေးကိုမမီခဲ့ပေမယ့် အခြားပဲများအားလုံးထက် ဈေးကောင်းရလျက်ရှိပါတယ်။ ယခင်နှစ်က ပဲကြီးသီးနှံသစ်ပေါ် ချိန်မှာ ပဲတစ်တင်းကျပ် သုံးသောင်းအောက်သာရရှိလို့ ကုလားပဲသီးနှံထက်လည်း ဈေးနိမ့်သလို မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက်လည်း ဈေးလျော့ခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ရေစကြိုကုန်စည်ဒိုင်၌ ပြောင်းဖူးစေ့(CP)ဈေးကောင်းရလျက်ရှိ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းနှင့်တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင်ကျပ် ၂၃၀၀ မှ ၂၅၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ၂၃၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြို ဒေသထွက် မတ်ပဲဈေးသည် ဈေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင်ကျပ် ၁၃၀၀၀ မှ ၁၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၃၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၂၅၀၀ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့(CP) ဈေးမှာတစ်တင်းလျှင် ကျပ်၁၁၁၀၀ဖြင့် အိတ်၇၀၀ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်စားတော်ပဲ အရောင်းသွက်

ပြည်ပဈေးကွက်ရဲ့ လက်လီ အရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲသီးနှံထဲမှာ နှစ်စဉ်ဈေးကောင်းရပြီး အရောင်းအဝယ်ဖြစ်နေတဲ့ ပဲကတော့ စားတော်ပဲသီးနှံဖြစ်ကာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ယခုရက်ပိုင်းမှာ အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။ ဇန်နဝါရီလအထိ စားတော်ပဲသီးနှံဈေးဟာ တစ်တင်းကျပ် ငါးသောင်းဝန်းကျင်ဖြင့် ဒေသထွက်ပဲများ ရောင်းဝယ်နေခဲ့သလို ကနေဒါ စားတော်ပဲသီးနှံ အမျိုးအစားမှာတော့ တစ်တင်းကျပ်သုံးသောင်းဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

စားတော်ပဲသီးနှံမှာ ဒေသတွင်းထွက်ရှိမှုနည်းတဲ့အတွက် ဈေးကွက်မှာ လက်လီ၊ လက်ကား၊ အရောင်းအဝယ်သွက်တဲ့ပဲထဲမှာ မပါဝင်ပေမယ့် လက်လီဝယ်ယူမှုအနေဖြင့်တော့ နှစ်စဉ်လိုလို အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုလကုန်ပိုင်းတွင် စားတော်ပဲသီးနှံဟာ တစ်ရက်အိတ် ၄၀-၅၀ ကျော်ထိ ရောင်းဝယ်နေခဲ့ကြတဲ့အတွက် ထောပတ်ပဲ၊ ပဲလွန်းဖြူသီးနှံများထက် ပိုအရောင်းအဝယ်သွက်နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်နေပြီး မြေပဲဆီဈေးမြင့်တက်လာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်မြေပဲဆန်ဈေး မြင့်လာတာတွေ့ရပါတယ်။ ဝင်ရောက်မှုနည်းသွားပြီး ဝယ်လိုအားများလာလို့ ဈေးမြင့်လာတာ ဖြစ်တယ်လို့ သိရပါတယ်။

လုံးဆန်ကို ယိုးဒယားမှအဝယ်ရှိပြီး ဆီဆန်ကို ဆီစက်များက အဝယ်ရှိလို့ ဈေးကောင်းလာတာဖြစ်ပါတယ်။ ကံမနှင့် မင်းတုန်းဘက်မှလည်း မြေပဲဆန်ဝင်ရောက်မှုမှာ နေ့စဉ်မဟုတ်တောင် ရက်ခြားဝင်ရောက်လာလို့ဈေးကွက်တွင် ပစ္စည်းလက်ကျန်ရှားလာကြောင်းသိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ (အနီ) တစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း မြေပဲလုံးဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင် ၂၃၇၅ကျပ်ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးတူနေပြီး(အနီ) တစ်ပိဿာလျှင်ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင်ကျပ် ၁၅၀ ဈေးပိုနေတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ငြိမ်နေသော်လည်း မြေပဲဆီဈေးမှာ တစ်ပိဿာလျှင်ကျပ် ၅၄၀၀ဖြင့် ဈေးမြင့်လာကြောင်း သတင်းရရှိပါတယ်။

**ဝေဝေမင်း (ပြည်)**

## ပဲဟောင်းလက်ကျန်များဖြင့် လက်လီရောင်းဝယ်နေခဲ့တဲ့ ပြည်ထောပတ်ပဲ

ပြည်ဈေးကွက်အတွင်း ပဲသစ်မျိုးစုံ ဝင်ရောက်နေပြီဖြစ်သော်လည်း ထောပတ်ပဲသီးနှံမှာ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန် အနည်းငယ်ဖြင့်သာ ရောင်းဝယ်နေခဲ့တာကြောင့် ပဲဈေးမှာလည်း ဈေးကောင်းရနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပဲတစ်တင်းလျှင်ကျပ် ၃၀၀၀၀ ဖြင့် ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံသစ်များထက်ပင် ဈေးကောင်းရနေခဲ့ပါတယ်။ သို့သော်လည်း ပစ္စည်းလက်ကျန် နည်းနေပြီဖြစ်လို့ အရောင်းအဝယ်ဖြစ်မှု ပမာဏမများခဲ့ဘူးလို့ သိရပါတယ်။ ယခင်နှစ်ဖေဖော်ဝါရီလအတွင်း ထောပတ်ပဲသီးနှံဈေးဟာ တစ်တင်းကျပ် ၁၅၀၀၀ ခန့်သာရရှိလို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ရဲ့ ဈေးထက် နှစ်ဆခန့်ပိုရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်မန်ကျည်းမှည့်များ ဈေးကွက်ဝင်ရောက်လာမှုများလာပြီး ဈေးကျ

ဖေဖော်ဝါရီ လလယ်မှစ၍ ပြည်ဈေးကွက်သို့ ဒေသထွက် မန်ကျည်းမှည့်များ ဝင်ရောက်လာတာကြောင့် မန်ကျည်းမှည့်ဈေး ကျလာတာတွေ့ရ ပါတယ်။ ဇရာဝတီတိုင်းမှ စတင်ဝင်ရောက်စတွင် ဈေးကောင်းလျက်ရှိနေပြီး နယ်တင်ပို့မှု လည်းရှိနေခဲ့ပေမယ့် ယခုတစ်ပတ်ဒေသထွက် မန်ကျည်းသီးမှည့်များ ဝင်ရောက်လာတာကြောင့် ဈေးများကျလာပြီး အသားချည်းသက်သက်ရော အစေ့ပါ မန်ကျည်းနှစ်မျိုးစလုံး ဝင်ရောက်မှုရှိလာတာ တွေ့ရပါတယ်။ ဈေးနှုန်းတွေကတော့ ပြည်ပွဲရုံဈေးမန်းကျည်းမှည့်တစ်ပိဿာလျှင် (အစေ့မပါ) ကျပ် ၁၇၀၀၊ (အစေ့ပါ) ကျပ် ၁၂၀၀ တို့ဖြစ်ပြီး ဒေသတွင်း ဈေးကွက်များတွင် (အစေ့မပါ) ကျပ် ၂၅၀၀နှင့် (အစေ့ပါ)ကျပ် ၁၈၀၀တို့ဖြင့် ရောင်းချနေတာတွေ့ရပါတယ်။ ဒေသတွင်းဈေးကွက်များတွင် ဒေသခံများကတော့ အစေ့ပါမန်ကျည်းမှည့်များကို အသုံးများနေတာ တွေ့ရတဲ့အပြင် ရာသီစာဖြစ်တဲ့ အအေးရောင်းသူများရဲ့ ဝယ်ယူမှုသာမက ရန်ကုန်သို့လည်းစပြီး တင်ပို့နေပြီဖြစ်တာကြောင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ရက်ခြားဆိုသလို ဝင်ရောက်မှုများလာလေ ဈေးလည်းတဖြည်းဖြည်း ကျလာလေလို့သိရပါတယ်။ **နီနီဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇ . ၂ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၂) | - SIMA PERFECT | ကုန်သေတ္တာ၅၂၀ကုန်တင်၄၈၁ကုန်ချရန် |
| အလုံဆိပ်ကမ်း (၃) | - TAN BINH-89 | ကုန်သေတ္တာ၆၀၀၀ကုန်ချရန်ရှိ(အလုပ်မလုပ်သေး) |
| စက်မှုဆိပ်ကမ်း (၂) | - ANAN BHUM | ကုန်သေတ္တာ၅၅၃ကုန်တင်၄၅၀ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - SOUL OF LUCK | ကုန်သေတ္တာ၅၆၃ ကုန်တင် ၂၉၉ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄) | - GLOBE PEGASUS | ဆန်၃၀၀၀၀ တန်ကုန်တင်ရန်ရှိ(အလုပ်မလုပ်သေး) |
| ဆူးလေဆိပ်ကမ်း (၅) | - PINTAIL | ဆန် ၂၈၀၀၀ တန်ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - HAN THAR | Steel Product ၆၁၁၈တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - GEOGRIANA | STEEL ၂၅၇၂၇ ကုန်ချရန်ရှိ(အလုပ်မလုပ်သေး) |
| သီလဝါဆိပ်ကမ်း (၄) | - OCEAN PRINCESS | ဆန် ၂၇၆၅၀တန်ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၅) | - XING FU SONG | G/C ၁၆၃၈ ကုန်တင် ၆၉၅၃ ကုန်ချရန် |
| MMTM JETTY | - MT.OCEAN SUCCESS | Disel Oil Mogas(92Ron)၁၂၁၇၀ကုန်ချရန် |
| Green Asia JETTY | - MT.BELUGA PACIFIC | Disel Oil ၁၇၄၀၄ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HOANG HAI 88 ALCL | Steel Coils ၃၀၄၆ တန်ကုန်ချရန် | VIETNAM | ၂၈.၂.၂၀၁၈ |
| ATLANTIC FORTUNE | ဆန် ၂၄၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၂၈.၂.၂၀၁၈ |
| HONOR PESCADORES | IRON SLAG ၁၀၇၀၀တန်ကုန်ချရန် | JAPAN | ၂၈.၂.၂၀၁၈ |
| YUANG JING | Units RTG,CRANE ၉ ကုန်ချရန် | CHINA | ၂၈.၂.၂၀၁၈ |
| OCCITAN BARSAL | Steel ၁၉၇၉၈ တန်ကုန်ချရန် | CHINA | ၂၈.၂.၂၀၁၈ |
| RAIN BOW ANGEL | Steel Product ၂၉၀၂ တန်ကုန်ချရန် | JAPAN | ၂၈.၂.၂၀၁၈ |
| VIKING CHANCE | Units Vehicles ၁၃၁၃ တန်ကုန်ချရန် | JAPAN | ၂၈.၂.၂၀၁၈ |
| NORDANA ANDERA | Steel Product ၆၁၃၀ တန်ကုန်ချရန် | THAI | ၂၈.၂.၂၀၁၈ |
| HOANG LINH | Ammonium Nitrade ၇၀၀၀ ကုန်ချရန် | THAI | ၄.၃.၂၀၁၈ |
| GRAND CHOICE | Units Vehicles(RO/RO) ၁၈၆ တန်ကုန်ချရန် | JAPAN | ၅.၃.၂၀၀၈ |
| GH POUGH HABIT | Steel ၂၇၉၀၀ တန် ကုန်ချရန် | CHINA | ၅.၃.၂၀၁၈ |
| GARDENIA ACE | Units Vehicles(RO/RO) ၂၅၃တန်ကုန်ချရန် | JAPAN | ၆.၃.၂၀၀၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၂.၂၀၁၈ |
| SINAR BANDA | MALAYSIA | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၁၈ |
| MAX CRUSADERE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၂.၂၀၁၈ |
| BLPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၈.၂.၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၂.၂၀၁၈ |
| MAERSK WELLINTON | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၃.၂၀၁၈ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၃.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၃.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၃.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၃.၂၀၁၈ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၃.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၃.၂၀၁၈ |
| SHAHR E KORD | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၃.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၃.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၃.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၃.၂၀၁၈ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN WINNER | ဒီဇယ်ဆီ | - | ၂၈.၂.၂၀၁၈ |
| MT.IVER BEAUTY | Bltu men | - | ၂၈.၂.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၁.၃.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၁.၃.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | SINGAPORE | ၁.၃.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁.၃.၂၀၁၈ |
| MT.DELTA SEA | P'Oil(In Bulk) | SINGAPORE | ၁.၃.၂၀၁၈ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | SINGAPORE | ၁.၃.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | SINGAPORE | ၂.၃.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၇.၃.၂၀၁၈ |

# ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော အာဆီယံ

**သိန်းမြင့်ဝေ**

### tmqD;Hwkdvufl t vm;t vm

အာဆီယံသည် လွန်ခဲ့သော ဆယ်စုနှစ် ၅ ခုအတွင်း သိသိသာသာ တိုးတက်ခဲ့ပြီး စီးပွားရေးပါဝါရှိသောဒေသ (Economic Powerhouse) ဖြစ်လာခဲ့သည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကိန်းဂဏန်းများအရ အာဆီယံ၏ GDP သည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိခဲ့သည်။ ထို့ကြောင့် အာဆီယံသည် ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေး အင်အားကြီးသောဒေသ (World's six-largest economy) ဖြစ်လာခဲ့သည်။ အာဆီယံ၏ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်းသည် ၅ ရာခိုင်နှုန်းဝန်းကျင်ရှိပါသည်။ ဤနှုန်းအတိုင်း ဆက်လက် တိုးတက်သွားမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးဆုံးဒေသဖြစ်လာပါမည်။

ဒေသ၏ စီးပွားရေးအခြေခံကောင်းများ (Strong Fundamentals)က အာဆီယံ၏တိုးတက်မှုကို အထောက်အကူပြုနေပါသည်။ ဒေသ၏စီးပွားရေးအခြေခံကောင်းများအဖြစ် အလုပ်လုပ်နိုင်သော လူဦးရေ များပြားခြင်း၊ စားသုံးမှုတိုးတက်နေခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးဝင်လျက်ရှိခြင်းနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် အသုံးစရိတ် ပိုမိုသုံးစွဲခြင်း စသည်တို့ကို တွေ့မြင်နိုင်သည်။ သို့သော်လည်း အဆိုပါ တိုးတက်မှုများကို လွယ်ကူချောမွေ့စွာ ရရှိခဲ့ခြင်းမဟုတ်ပေ။ ၁၉၉၇ခုနှစ် အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis 1997) နှင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကမ္ဘာလုံးဆိုင်ရာငွေကြေးအကျပ်အတည်း (Global Financial Crisis) တို့က အာဆီယံဒေသ၏ စီးပွားရေးတိုးတက်မှုကိုလည်းကောင်း၊ ငွေကြေးနှင့်ဘဏ္ဍာရေး တိုးတက်မှုကိုလည်းကောင်း များစွာရိုက်ခတ်ခဲ့ပါသည်။

အဆိုပါ အကျပ်အတည်းများနှင့်ပတ်သက်၍ အာဆီယံအစိုးရများသည် သင်ခန်းစာကောင်းများရရှိခဲ့ပြီး မိမိတို့နိုင်ငံရှိ အဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ခံနိုင်ရည်ရှိသောအာဆီယံ (More Resilient Asean) ဖြစ်လာပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြားငွေလက်ကျန်တောင့်တင်းခြင်းနှင့် စီးပွားရေးတိုးတက်မှုအရှိန် ပိုကောင်းခြင်းတို့ဖြစ်လာခဲ့ပါသည်။ အာဆီယံ၏လူဦးရေသည် ၆၃၄ သန်းရှိပြီး ဈေးကွက်အရွယ်သည် တရုတ်နှင့်ဂျပန်ပြီးပါက တတိယမြောက် အကြီးဆုံးဈေးကွက်ဖြစ်သည်။ အထူးသဖြင့်အာဆီယံ၏လူလတ်တန်းစားအရေအတွက် တိုးပွားလျက်ရှိခြင်း၊ ကျွမ်းကျင်လုပ်သားထု ပိုမိုပြုစုပျိုးထောင်များပြားလာခြင်းတို့က ဒေသ၏ စီးပွားရေးအလားအလာကို ပိုမိုအားကောင်းစေပါသည်။

၂၀၁၀ပြည့်နှစ်တွင် ၂၉ရာခိုင်နှုန်းသာရှိခဲ့သော အာဆီယံ ဝင်ငွေအလယ်အလတ်တန်းစားအရေအတွက်သည် ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံလူဦးရေ၏ ၆၅ ရာခိုင်နှုန်းထိ တိုးတက်လာနိုင်သည်။ ထိုနည်းတူစွာပင် အာဆီယံ၏အလုပ်လုပ်နိုင်သော လူဦးရေ(Working Population)သည် လာမည့်ဆယ်စုနှစ် ၃ခုအတွင်း ၈၅သန်းထိ တိုးတက်လာနိုင်သည်။ ဤကဲ့သို့ အလုပ်လုပ်နိုင်သော အသက်အရွယ်များတိုးပွားလာခြင်းသည် သုံးစွဲနိုင်စွမ်းအား (Spending Power)ကို တိုးတက်စေပြီး စားသုံးမှုဝယ်လိုအား (Consumption Demand) ကို ဆက်လက်တိုးတက်စေမည်ဖြစ်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများအတွင်း လူဦးရေအများဆုံးနိုင်ငံများအဖြစ် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မြန်မာတို့ကို တွေ့ရှိရပါမည်။

### xkwfvkyfEdkifp;rf;oHkygay;ifvJ;u&Bif

ဗီယက်နမ်နိုင်ငံ၏ အလုပ်အကိုင်ဖန်တီးမှုအခြေအနေကို လေ့လာရာတွင် အလုပ်အကိုင်ရရှိမှု တိုးတက်လျက်ရှိသည့်အပြင် တန်ဖိုးပြောင်းလဲမှုကွင်းဆက် (Value Chain) ကိုလည်း မြင့်မားစေကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် စက်မှုကုန်ချောများနှင့် အစိတ်အပိုင်းများကို ပိုမိုထုတ်လုပ်တင်ပို့လာနိုင်သောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အီလက်ထရောနစ်ကဲ့သို့သော ပစ္စည်းများထုတ်လုပ်မှုက နိုင်ငံ၏ပို့ကုန်တွင် ပမာဏများစွာပါဝင်နေပြီး ချည်မျှင်နှင့် အထည်အလိပ်ကဲ့သို့သော သမားရိုးကျလုပ်ငန်းများ (Traditional Industries)၏ ပါဝင်မှုမှာနည်းပါးလာပါသည်။ တန်ဖိုးမြင့်စက်မှုကုန်ချောထုတ်လုပ်ခြင်း (High-value Manufacturing) သည် တန်ဖိုးမြင့်ထုတ်ကုန် (Higher-value Products) ထုတ်လုပ်သော ဗီယက်နမ်ကုမ္ပဏီများအား ဝင်ငွေပိုမိုရရှိစေပါသည်။ ထိုကဲ့သို့ဝင်ငွေပိုမိုရရှိသော ကုမ္ပဏီများအနေဖြင့် ကျွမ်းကျင်သောလုပ်သားများကို လုပ်ခပိုမိုပေးစွမ်းနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ဝယ်နိုင်စွမ်းအား (Purchasing Power) ကို ဆက်လက်တိုးတက်စေသည်။ အာဆီယံ၏ အလယ်အလတ်ဝင်ငွေရှိသော လူလတ်တန်းစားတိုးတက်ခြင်းက စားသုံးသူများ၏ သုံးစွဲမှုပုံစံကို ပြောင်းလဲစေသည်။ စားဝတ်နေရေးအတွက် မရှိမဖြစ်သော အခြေခံကုန်စည်များ (Basic Necessities) ကို ဝယ်ယူသုံးစွဲရာမှ မော်တော်ကား၊ တိုက်ခန်း၊ အိမ်ခြံမြေစသည့်အဆင့်မြင့်ကုန်စည်များ (Larger-ticket Items) ကို ပိုမိုဝယ်ယူ သုံးစွဲနေကြပြီဖြစ်သည်။ ထို့ပြင် အပန်းဖြေခရီးနှင့် လေ့လာရေးခရီးသွားခြင်းအပေါ် ပိုမိုသုံးစွဲလာခြင်း၊ လက်ရှိဥစ္စာခနေ ပိုမိုတိုးပွားရေးအတွက် စုဆောင်းမှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ပို၍ပြုလုပ်လာခြင်းတို့ကိုတွေ့ရသည်။

ထို့မျှသာမက အာဆီယံ၏စားသုံးမှုအလားအလာကောင်းခြင်းက E-commerce နှင့် ဆက်နွယ်နေသူများနှင့် လုပ်ငန်းရှင်များကို ဆွဲဆောင်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံဒေသသည်ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုချိတ်ဆက်သုံးစွဲပြီး ရောင်းဝယ်ဖောက်ကားလာသောကြောင့်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံသို့ Amazon ကုမ္ပဏီရောက်ရှိလာခြင်းနှင့် Alibaba ကုမ္ပဏီက မလေးရှားနိုင်ငံတွင် ဖြန့်ဖြူးရေးစင်တာ(Distribution Centre) ထူထောင်ရန် ကြိုးပမ်းနေခြင်းတို့က ဒေသအတွက် ထူးခြားချက်များဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် အာဆီယံဒေသရှိ အခြားသောနိုင်ငံများတွင်လည်း ဆက်လက်တိုးချဲ့တပ်ဆင်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

### &if;EDS;jrSKyfESHrIqif t ajccHaqmuf tOD;umif

အာဆီယံ၏ တိုးတက်မှုကိုမြှင့်တင်ပေးလျက်ရှိသော အခြားသော့ချက်ကျသည့်အချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်း (Foreign Investment Inflows) ဖြစ်သည်။ နိုင်ငံစုံကုမ္ပဏီကြီးများ(Multi-national Companies)သည်အာဆီယံဒေသတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကိန်းဂဏန်းများအရ ၂၀၁၆ ခုနှစ်တွင် အာဆီယံသည် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံလက်ခံရရှိခဲ့ပြီး ကမ္ဘာ့ပဉ္စမမြောက် FDI အများဆုံးလက်ခံရရှိသော ဒေသဖြစ်လာခဲ့ပါသည်။

အာဆီယံဒေသတွင် စက်မှုကုန်ချောထုတ်လုပ်မှုစရိတ်ကျဆင်းခြင်းကလည်း ထုတ်လုပ်မှုစရိတ်သက်သာမှုကိုလိုလားသောကုမ္ပဏီများကို ဆွဲဆောင်လျက်ရှိပါသည်။ ထုတ်လုပ်မှုကို အခြေခံသည့် ဈေးကွက်တစ်ခုတည်း ဖန်တီးလျက်ရှိသော အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကလည်း အဆိုပါစက်မှုလုပ်ငန်းရှင်များကို ဆွဲဆောင်လျက်ရှိသည်။ ဤအချက်က အင်ဒိုနီးရှားနှင့် ဗီယက်နမ်ကဲ့သို့ နိုင်ငံများ၏ စက်မှုကုန်ချောထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် တွန်းအားပေးနေပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

## ကြက်သွန်

# ပခုက္ကူကုန်စည်ဒိုင်၌ ကြက်သွန်နီအဝင်နည်းပြီး ဈေးနှုန်းကျဆင်း

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ်တစ်တင်းလျှင်ကျပ် ၁၁၀၀၀ ဖြင့်အိတ် ၅၀နှင့်ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင်ကျပ်၁၂၃၀၀ဖြင့် နေ့စဉ်အိတ်၁၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၇၀၀၀ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ လုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၆၈၀၀ဖြင့် အိတ် ၅၀ ခန့်၊ ပဲယင်း(ယော)တစ်တင်းလျှင်ကျပ် ၁၆၇၀၀ဖြင့်အိတ်၅၀ခန့်၊ပဲလွန်းပြာအသစ်တစ်တင်းလျှင်ကျပ် ၁၈၃၀၀ ဖြင့် အိတ် ၃၀၊ ပဲစာဥတစ်တင်းလျှင်ကျပ် ၂၅၅၀၀ ဖြင့်အိတ် ၃၀၊ ပဲကြီးဖြူတစ်တင်းလျှင်ကျပ် ၃၂၀၀၀ မှ ၃၃၀၀၀ ဖြင့် အိတ် ၂၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

စွန်တာနီ(ယော)တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၁၀၀၊ ပဲကြီးနက် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် ၁၀ အိတ်ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP)ဈေးဟာလည်း တရိပ်ရိပ်တက်လျက်ရှိကာ ဖေဖော်ဝါရီပထမပတ်တွင် တစ်တင်းလျှင်ကျပ် ၁၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၁၁၀၀၀ ဖြင့် အိတ် ၅၀မှ၁၀၀ကြား နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ်၃၂၂၀၀ဖြင့်အိတ် ၅၀၊နှမ်းနက် (စမုံ) တစ်တင်းကျပ် ၂၅၀၀၀မှ ၄၁၀၀၀ ဖြင့် ၂၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၉၄၀ ဖြင့် ပိဿာချိန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကြက်သွန်နီအဝင်နည်းပြီး ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်နီလက်ကားဈေးမှာ တစ်ပိဿာလျှင်ကျပ် ၁၄၅၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၁၀၀၀၊ နိမ့်စ တစ်ပိဿာလျှင်ကျပ် ၆၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ် ပိဿာလျှင်ကျပ် ၁၀၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၇၀၀၊ နိမ့်စတစ်ပိဿာလျှင်ကျပ် ၄၀၀ ဖြင့်နေ့စဉ်ပိဿာချိန် ၈၀၀၀ မှ ၂၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

ဆိပ်ဖြူကုန်စည်ဒိုင်၌ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၉၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၇၅၀၊ နိမ့်စတစ်ပိဿာလျှင်ကျပ် ၆၀၀ ဖြင့် ပိဿာချိန် ၁၆၀၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်း

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ ဆက်တိုက်ဆိုသလို ကျဆင်းလျက်ရှိနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် လက်လီ၊ လက်ကားဈေးနှုန်းများမှာ ပျမ်းမျှတစ် ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၄၀၀ ထိကျဆင်းသွားကြောင်း သိရပါတယ်။ အောင်လံ၊ သရက်၊ တောင်တွင်းစသောနယ် များမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၅၀၀ ခန့်ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်အနေဖြင့် ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲသမားများ၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ တင်ပို့ခြင်းအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ အားလုံးနီးပါးခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပြည်ဈေးကွက်ရဲ့ ကြက်သွန်နီသီးနှံအနေဖြင့် ဈေးနှုန်းလည်းချို၊ အရည်အသွေးလည်းကောင်းသည့်အတွက် စားသုံးသူများအကြိုက်ဖြစ်ပြီး အရောင်းအဝယ်သွက်နေတယ်လို့ဆိုရမှာပဲဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကား တစ်ပိဿာလျှင် ကျပ်၁၃၀၀၊ (လတ်) ကျပ် ၁၁၀၀ မှ ကျပ် ၁၂၀၀၊ (သေး) ကျပ်၁၀၀၀ မှ ကျပ် ၁၀၅၀တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၄၀၀၊ (သေး) ကျပ် ၁၂၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးတစ်ပိဿာ (ကြီး) ကျပ် ၁၅၅၀ မှ ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၄၅၀မှ ကျပ် ၁၅၀၀၊ (သေး)ကျပ် ၁၃၀၀ မှ ကျပ် ၁၄၀၀ တို့ရှိပြီး လက်လီဈေး(ကြီး) ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၈၀၀၊ (သေး) ကျပ် ၁၆၀၀နှုန်းတို့ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအောက် ကျဆင်းလျက်ရှိနေတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများပစ္စည်းရော ဈေးနှုန်းပါ မရှိတော့ကြောင်းနဲ့ဗမာကြက်သွန်နီမှာ အရည်အသွေးကောင်းပြီး ဈေးချိုသဖြင့် တရုတ်ကြက်သွန်နီဈေးကွက် ထိုးဖောက်ဝင်ရောက်နိုင်စွမ်းမရှိတော့တာဖြစ်ကြောင်း ကြက်သွန်နီ ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပြည်ကြက်သွန်ဖြူ ပုံမှန်ဝင်ရောက်မှုရှိနေပြီး ဈေးနှုန်းတည်ငြိမ်

ပြည်ပွဲရုံသို့ ကြက်သွန်ဖြူအိတ်တွေ ဆက်တိုက်ဝင်ရောက်နေပေမယ့် ပြည်ဒေသရဲ့ အရောင်းအဝယ်ကြောင့် ပစ္စည်းပုံပြီး ဈေးကျသွား တာမျိုးမဟုတ်ဘဲ နေ့စဉ်အရောင်းအဝယ်ဖြစ်နေပြီး အဝင်နဲ့အထွက် ညီမျှတယ်လို့သိရပါတယ်။ ဖေဖော်ဝါရီလအတွင်း ကြက်သွန်ဖြူ အိတ်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပြီး အလှူအတန်းတွေ ဆက်တိုက်ဖြစ်နေတဲ့အပြင် နယ်ဝယ်လက်ပါ ရှိနေတာကြောင့် အရောင်းအဝယ်လည်းကောင်းနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ပွဲရုံဈေးတစ်ပိဿာလျှင် ရှမ်းစကျပ် ၂၂၀၀ မှ ၂၅၀၀ ဖြစ်ပြီး ကြူကုတ်စကျပ် ၁၆၀၀ ဈေးတို့ ဖြစ်ပေါ်နေပါတယ်။ ဒေသတွင်း လက်လီဈေးများရဲ့ ရောင်းဈေးတွေကတော့ ရှမ်းစတစ်ပိဿာကျပ် ၂၆၀၀ မှ ၃၀၀၀၊ ကြူကုတ်စတစ်ပိဿာကျပ် ၁၈၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပြီး ဒေသတွင်း လက်လီသုံးစွဲသူများရဲ့ ဝယ်လိုအားကောင်းတာကြောင့် ပြည်ပွဲရုံများတွင် တစ်ပတ် အတွင်း ကြက်သွန်ဖြူ အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း**

# ထိုင်းနိုင်ငံသို့ ကြက်သွန်နီ၊ အိန္ဒိယနိုင်ငံသို့ ကြက်သွန်ဖြူတင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၅၁၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၆၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၀၂၄ တန်ဖိုးရှိ ကြက်သွန်ဖြူ နှစ်တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့တယ်လို့သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဖေဖော်ဝါရီ ၂၁ ရက်နေ့ ကြက်သွန်နီ တစ်ပိဿာဈေးမှာ ကျပ် ၂၀၀၀-၃၀၀၀၊ ကြက်သွန်ဖြူတစ်ပိဿာဈေးမှာ ကျပ် ၂၀၀၀-၆၀၀၀ ရှိခဲ့ပါတယ်။

**မော်မော်အောင်**

# အမေရိကန်ပြည်ထောင်စုတွင် စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးမှုများ

အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်သည် စားသုံးသူကာကွယ်ရေးနှင့် ယှဉ်ပြိုင်မှုကဏ္ဍတို့တွင် ဥပဒေတွန်းအားပေးဆောင်ရွက်မှုများ၊ စားသုံးသူအကျိုးစီးပွားများကို တိုးတက်စေခြင်း၊ မူဝါဒနှင့်သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စု ကုန်သွယ်မှုကော်မရှင်သည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေများ၊ဆက်သွယ်ရေးဈေးကွက်ရောင်းချမှုဆိုင်ရာ စည်းမျဉ်းများ၊ ကြွေးမြီဆိုင်ရာဥပဒေများကိုလည်း ထိန်းကျောင်းဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းကဏ္ဍအလိုက် ကုန်သွယ်မှု စည်းမျဉ်းနည်းဥပဒေများကိုလည်း ချမှတ်ကျင့်သုံးလျက်ရှိသည်။

စားသုံးသူတစ်ဦးအနေဖြင့် ၎င်းဝယ်ယူလိုက်သောထုတ်ကုန်တစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက ရောင်းချသူ သို့မဟုတ် ထုတ်လုပ်သူအား ငွေပြန်လည် အမ်းပေးရန် တောင်းဆိုနိုင်သကဲ့သို့အမှုကိစ္စကို တည်ဆောက်ရန် မဟာဗျူဟာများ၊ နည်းလမ်းများကို အသုံးပြုခြင်းနှင့် အကူအညီပေးအပ်မည့်အဖွဲ့အစည်းများကို ရှာဖွေခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင်စားသုံးသူသည် အမေရိကန်ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်ထံတွင် ငွေပြန်လည် အမ်းပေးသည့်အစီအစဉ်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ရှာဖွေနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်သည် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်သောအရေးဆိုမှုများကို ပြုလုပ်သည့်ကုမ္ပဏီများကို တရားစွဲဆိုပြီး အရေးယူဆောင်ရွက်ကာ တစ်ခါတစ်ရံတွင် နစ်နာဆုံးရှုံးသော စားသုံးသူများအား ငွေပြန်လည်အမ်းပေးလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စု ကုန်သွယ်မှုကော်မရှင်၏ Cooling Off စည်းမျဉ်းအရ နေအိမ်တွင်လည်းကောင်း၊ အလုပ် သို့မဟုတ် အဆောင် သို့မဟုတ် ရောင်းချသူ၏ ယာယီနေရာတွင်လည်းကောင်း(ဥပမာ၊ ဟိုတယ် သို့မဟုတ်မိုတယ် အခန်း၊ စားသောက်ဆိုင်၊ Convention Center စသည်) (၃)ရက်အတွင်း ရောင်းချမှုကို ပယ်ဖျက်နိုင်သည်။ စားသုံးသူတစ်ဦးသည် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းအလေ့အထကို တိုင်ကြားလိုပါက အမေရိကန်ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်လက်အောက်ရှိပြည်တွင်းစားသုံးသူရုံးသို့ ဆက်သွယ်၍ လိမ်လည်မှုများနှင့်Scams များကိုသတင်းပေးပို့ခြင်း သို့မဟုတ် စားသုံးသူတိုင်ကြားမှုပြုလုပ်ရန် အကူအညီတောင်းခံနိုင်ပါသည်။ စားသုံးသူကာကွယ်ရေးလမ်းညွှန်ချက်စာအုပ်တွင် စားသုံးသူကာကွယ်ရေးရုံးများ၊ ဘဏ်လုပ်ငန်းအာဏာပိုင်များ၊ အာမခံစည်းမျဉ်းထိန်းညှိသူများ၊ အာမခံစာချုပ်စီမံအုပ်ချုပ်သူများနှင့် လူ့အသုံးအဆောင်ပစ္စည်းကော်မရှင်တို့နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ထည့်သွင်းထားသည်။

အမေရိကန်ပြည်ထောင်စု ကုန်သွယ်မှုကော်မရှင်မှ စားသုံးသူများအား လိမ်လည်လှည့်ဖြားမှုမှ မိမိကိုယ်မိမိကာကွယ်နိုင်ရန် အချက်(၁၀)ချက်ကို လိုက်နာဆောင်ရွက်ရန်အတွက် ပညာပေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါအချက်(၁၀)ချက်မှာ message ပေးပို့၍ဖြစ်စေ၊ တယ်လီဖုန်းခေါ်ဆို၍ဖြစ်စေ၊ Email ဖြင့်ဖြစ်စေမျှော်မှန်းထားခြင်းမရှိသောတောင်းဆိုမှုပြုလုပ်လာပါက ငွေကြေး သို့မဟုတ် ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်တို့ကို ပေးအပ်ခြင်းမပြုလုပ်ခြင်း၊ မိမိဝယ်ယူမည့်ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအား Online တွင် ရှာဖွေ၍ အခြားသူများမှ တိုင်ကြားထားမှုနှင့် လိမ်လည်မှုခံထားရကြောင်း ပြောကြားထားသည့် သတင်းအချက်အလက်ရှိမရှိလေ့လာစစ်ဆေးခြင်း၊ငွေကြေးပိုက်ဆံတောင်းခံသော သို့မဟုတ် ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်တို့ကို တောင်းခံသော ဖုန်း ID နံပါတ်ကို အလွယ်တကူယုံကြည်မှုမရှိခြင်း၊ အကြွေးလျှော်သောကိစ္စ၊ ကြွေးမြီကမ်းလှမ်းသောကိစ္စ၊ ပေါင်နှံသောကိစ္စနှင့် အလုပ်အကိုင်ကိစ္စတို့အတွက် ငွေကြိုတင်တောင်းခံပါက ပေးအပ်မှုမရှိခြင်း၊ Credit Card ဖြင့် ငွေပေးချေမှုများအတွက် သတိပြုဆောင်ရွက်ခြင်း၊ ငွေကြေးသို့မဟုတ် ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်တို့ကိုပေးအပ်ရမည်ဆိုပါက မိမိယုံကြည်စိတ်ချရသူကို ပြောဆိုဆက်သွယ်ခြင်း၊ ဖုန်းခေါ်ဆိုမှုကို ဖြေကြားရာတွင် computerized autodialer ဖြင့် ကြိုတင်အသံသွင်းထားသော Message ထုတ်လွှင့်ပါက ဖြေကြားမှုကို ရပ်ဆိုင်းခြင်း၊ ငွေကြေးပေးဆောင်ရန် မလိုအပ်ဘဲ ထုတ်ကုန်များကို စမ်းသပ်အသုံးပြုရန် ကမ်းလှမ်းမှုများကို သေချာစွာစုံစမ်းစစ်ဆေးခြင်း၊ ဘဏ်သို့ငွေပြန်လည်ပေးအပ်ရမည့် အတုအပဖြစ်သော ကြိုတင်စပေါ်ငွေပေးအပ်ရသည့် check ကို သတိပြုခြင်း၊ အမေရိကန်ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်မှ ပေးအပ်သော လိမ်လည်မှုများနှင့်စပ်လျဉ်းသည့် သတိပေးလှုံ့ဆော်မှုများကို sign up ပြုလုပ်၍ ဖတ်ရှုခြင်းတို့ဖြစ်ကြပါသည်။

အမေရိကန်နိုင်ငံတွင် စားသုံးသူတစ်ဦးသည် တယ်လီဖုန်းခေါ်ဆိုမှုများကို လက်ခံလိုခြင်းမရှိပါက ဖုန်းနံပါတ်ကို The National Do Not Call Registry တွင် ထည့်သွင်း၍ ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ထည့်သွင်းထားပါက အခြားတယ်လီဖုန်းခေါ်ဆိုသူအများစုသည် ၃၁ရက်အတွင်း ၎င်း၏ဖုန်းနံပါတ်ကို ခေါ်ဆိုမှုပြုလုပ်နိုင်မည်မဟုတ်ပါ။ အကယ်၍ အဆိုပါကာလအတွင်း အခြားသူများမှ The National Do Not Call Registry တွင် ထည့်သွင်းထားသော စားသုံးသူ၏ဖုန်းနံပါတ်ကိုခေါ်ဆိုမည်ဆိုပါက သက်ဆိုင်ရာစားသုံးသူမှ www.donotcall.gov တွင် အမှုဖွင့် တိုင်ကြားနိုင်ပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံတွင် ကလေးသူငယ်များ၏ သတင်းအချက်အလက်များကို Online မှ ရယူပြီး ဈေးကွက်ရှာဖွေခြင်းကိုတားမြစ်ထားကာ ယင်းနှင့်စပ်လျဉ်း၍ The Children's Online Privacy Protection Act ကို ပြဋ္ဌာန်းထားပြီး ဥပဒေကို ချိုးဖောက်မှုဖြစ်ပေါ်ပါက အမေရိကန်ပြည်ထောင်စုကုန်သွယ်မှုကော်မရှင်သို့ တိုင်ကြားနိုင်ကြောင်း လေ့လာသိရှိရပါသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

# လောလောဆယ် ရပ်ဆိုင်းထားသည့် Re-export သကြား တင်ပို့၊ တင်သွင်းခဲ့မှု ကုန်သွယ်မှုနယ်ပယ်တွင် အကျိုးသက်ရောက်ခဲ့မှု



ပြည်သုတ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ် အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လယ်ယာမြေများ ရေလွှမ်းခံရသည့်အတွက် စိုက်ပျိုးထားသည့် စပါး နှင့်အခြားသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်ခဲ့၍ လယ်ယာထွက်ကုန်သီးနှံများ၏ ပြည်ပတင်ပို့နိုင်မည့် ပမာဏလျော့နည်းကျဆင်းခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုအခြေအနေကို ငါးနှစ်တာကာလအတွင်း ပြန်လည်စိစစ်ရာတွင် ပို့ကုန်တန်ဖိုးထက်ကို သွင်းကုန်တန်ဖိုးပိုမိုသည်ကို တွေ့ရှိရသည့်အတွက် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်နေပါတယ်။

အဆိုပါ ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ရေးအတွက် ပို့ကုန်ပိုင်းတွင် ပိုမိုတိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်ရမှာဖြစ်တာကြောင့် ပို့ကုန်ပစ္စည်းအမယ်များ တိုးချဲ့တင်ပို့နိုင်ရန် နိုင်ငံတကာကုန်သွယ်မှုတွင် Re-export ၊ Transit Trade စနစ်များဖြင့် ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ မိမိနိုင်ငံသည် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ အဓိကတင်ပို့သည့်နိုင်ငံဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံဝယ်လိုအားရှိတဲ့ ကုန်ပစ္စည်းများထုတ်လုပ်တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလအတွင်း ကုန်သွယ်မှုတိုးတက်ရန်၊ နိုင်ငံတော်အတွက် အခွန်ရရှိရန်နှင့် Supply Chain တစ်လျှောက်လုံးရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်စေရန် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစ၍ စီးပွားရေးရာကော်မတီ၊ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် Re-export စနစ်အားဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် Re-export စနစ်ဖြင့် စတင်ခွင့်ပြုသည့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် သကြားတန်ချိန် ခုနစ်သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၉၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၂၂ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၁၆ ရက်ထိ တန်ချိန် ၁၀ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၇၉ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကျော် ကုန်သွယ်မှုသမိုင်းတစ်လျှောက်တွင် အများဆုံးကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယင်းသို့ ကုန်သွယ်မှုပမာဏမြင့်မားတိုးတက်လာမှုနဲ့အတူ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများတိုးတက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ Re-export ကိုဆောင်ရွက်ရန် ခွင့်ပြုသည့်အတွက် ကုန်သွယ်မှုပမာဏ တိုးလာစေသည့်အပြင် နိုင်ငံတော်အနေဖြင့် Re-export(သကြား)ပေါ်တွင် စုစုပေါင်းအခွန်ငွေ ၄ ဒသမ ၅ ရာ ခိုင်နှုန်းရရှိပြီး Supply Chain တစ်လျှောက် အကျိုးသက်ရောက်မှုအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များအပြင် Transportation Services လုပ်ငန်းရှင်များကိုပါ ပိုမိုအကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။

Re-export စနစ်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၈/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ထားသည့် ပြန်လည်တင်ပို့ခြင်း (Re-export)လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် ခွင့်ပြုထားတဲ့ စနစ်ဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းမှာ စောင့်ကြည့်စစ်ဆေးသည့် Monitoring စနစ် ထည့်သွင်းထားပြီး သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးဌာနများနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှ Monitor ပြုလုပ်ကာ ကြပ်မတ်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် တင်ပို့ တင်သွင်းခွင့်များအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

Re-export စနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းခြင်းရှိလာသောကြောင့် ယခင်ကားခမှာ တစ်ပိဿာလျှင် ၃၅ ကျပ်ရရှိရာမှာ ယခု သကြားသယ်ယူ/တင်ပို့သည့်ကားခ တစ်ပိဿာ ၇၀-၈၀ ကျပ်နှုန်းဖြင့် ရရှိလာသည်ဖြစ်၍ ကားခ ၄၅ ကျပ်ခန့် ပိုမိုတိုးတက်ရရှိလာကြောင်းနှင့် ကုန်စည်သယ်ယူပို့ဆောင်မှု လုပ်ငန်းခွင်တွင် ဆောင်ရွက်နေသည့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့ပါတယ်။

Re-export သကြားတင်ပို့သည့် လုပ်ငန်းစဉ်အရ အလုပ်သမားခအနေဖြင့်လည်း သကြား ၅၀ ကီလို တစ်အိတ်လျှင် တင်ခ/ ချခကျပ် ၂၀၀ ရရှိသဖြင့် တစ်တန်လျှင် အလုပ်သမားခကျပ် ၄၀၀၀ ရရှိပြီး တန်ချိန်တစ်သန်းရှိပါက ခန့်မှန်းခြေအလုပ်သမားခကျပ် သန်း ၄၀၀၀ ခန့်ရရှိမှာဖြစ်သဖြင့် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများဝင်ငွေများ ပိုမိုရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဈေးနှုန်းပိုင်းအနေဖြင့် Re-export သကြား တစ်တန်တင်သွင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၈၀ ဖြစ်ပြီး ပြန်လည်တင်ပို့သည့်အခါ ရောင်းချဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၀ ဖြစ်၍ တစ်တန်အပေါ် တင်ပို့သူ မိမိဘက်ကုန်သည်လုပ်ငန်းရှင်များမှ သယ်ယူပို့ဆောင်ခနှင့် ဝန်ဆောင်ခအပါအဝင် အမေရိကန်ဒေါ်လာ ၁၂၀ ပိုမိုရရှိကြောင်း တွေ့ရှိရပါတယ်။

Re-export စနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ရာ၌ တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အရ သကြားအား အဓိကအမယ်အဖြစ် တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ၏ သကြားလိုအပ်ချက်သည် နှစ်စဉ် တန်ချိန် ၁၆ သန်းခန့် လိုအပ်လျက်ရှိပြီး ပြည်တွင်း စိုက်ပျိုး ထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၁၀ သန်းခန့်သာ ထုတ်လုပ်နိုင်သောကြောင့် နှစ်စဉ်သကြားတန်ချိန် ခြောက်သန်းခန့် တင်သွင်းရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

Re-export စနစ်ဖြင့် ခွင့်ပြုနေစဉ်ကာလအတွင်း အချို့သောဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကြံပြုတောင်းဆိုမှုများကြောင့် Re-export သကြားလိုင်စင် ထုတ်ပေးမှုအား ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှစ၍ ခေတ္တဆိုင်းငံ့ခဲ့ပြီး ထိုသို့ရပ်ဆိုင်းခဲ့မှုကြောင့် Re-export သကြားတင်ပို့မှု တန်ဖိုး ကျဆင်းခဲ့ကာ ယခင်နှစ်ကာလတူ နှင့်နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလ ၁၆ ရက်အထိ)အမေရိကန်ဒေါ်လာ ၃၄၇ သန်း လျော့နည်းခဲ့ပါတယ်။ Re-export ခွင့်ပြုလိုင်စင်မှ တင်သွင်းလာသော သကြားများ ပြည်တွင်းဈေးကွက်သို့ ရောင်းချနိုင်ခြင်းမရှိစေရေးအတွက် Re-export စနစ်ဖြင့် ဆောင်ရွက်မှုအပေါ်တွင် အမှန်တင်သွင်းတင်ပို့ခြင်းများအား အကောက်ခွန်ဦးစီးဌာနမှ စိစစ်ဆောင်ရွက်သကဲ့သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုလိုင်စင်အပေါ် အမှန်တင်သွင်းတင်ပို့ပြီးစီးကြောင်း အထောက်အထားများ စိစစ်ပြီးမှသာ လိုင်စင်ကို ထပ်မံခွင့်ပြုပေးလျက်ရှိပါတယ်။

Re-export စနစ်ခွင့်ပြုခြင်းဖြင့် ပြည်တွင်းကြံစိုက်တောင်သူများ၏ ထွက်ရှိကြံများ ရောင်းချရမှုကို မထိခိုက်နိုင်ကြောင်း၊ နေပြည်တော်တိုင်းအတွင်း ၂၀၁၅ ခုနှစ်က ကြံတစ်တန် ပေါက်ဈေးကျပ် ၃၀၀၀၀ သာရရှိခဲ့ပြီး ယခုနှစ် Re-export စနစ် ဆောင်ရွက်ခွင့်ပြုပြီးချိန်တွင် တစ်တန်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၃၀၀၀ အတွင်းရရှိနေ၍ ကြံစိုက်တောင်သူများအတွက် ရောင်းဈေး မကျဆင်းသဖြင့် ထိခိုက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

နေပြည်တော်တိုင်းအတွင်းရှိ ကြံစိုက်တောင်သူများအနေဖြင့် ကြံတစ်တန်လျှင် ကျပ် ၄၀၀၀၀ ကျော်နှင့် အရောင်းအဝယ်ဖြစ်နေချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊ ကွမ်းလုံမြို့နယ်အတွင်း ဘိန်းအစားထိုးသီးနှံအဖြစ် ၂၀၀၈ ခုနှစ်မှစ၍ ကြံစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိကြံများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ကြံတစ်တန်လျှင်ယွမ် ၃၈၀ မှ ၄၀၀ (ကျပ် ၇၇၉၀၀ မှ ၈၂၀၀၀)ထိရရှိခဲ့သဖြင့် ပြည်တွင်းပေါက်ဈေးနှင့်များစွာ ကွာခြားမှုရှိနေကြောင်း၊ ထိုသို့ကွာခြားရခြင်းသည် မျိုးကွာခြားခြင်း၊ သွင်းအားစုဖြည့်ဆည်းပေးမှု မတူညီခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ထို့အပြင် ပြည်တွင်း သကြားပေါက်ဈေးများကို လေ့လာသုံးသပ်သည့်အခါ ယခင်နှစ်အတွင်း သကြားတစ်ပိဿာလျှင်ကျပ် ၁၂၀၀ မှ ၁၂၈၀ ထိပေါက်ဈေးရှိခဲ့ပြီး ယခုနှစ် နိုဝင်ဘာလအတွင်း ပေါက်ဈေးသည်တစ်ပိဿာလျှင် ကျပ် ၁၃၈၀ မှ ၁၄၁၅ ကျပ်ထိ ရရှိနေသဖြင့် Re-export စနစ်ဆောင်ရွက်ခွင့်ပြုခြင်းကြောင့် သကြားဈေးနှုန်းကျဆင်းခြင်းမရှိကြောင်းလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ပြည်တွင်း ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးသည် Re-export ခွင့်ပြုခြင်းနှင့်မသက်ဆိုင်ဘဲ တရုတ်နိုင်ငံမှ ဈေးကောင်းပေးဝယ်ယူသည့်ဈေးနှုန်း၊ ၎င်းဈေးနှုန်းမျိုးရရှိနိုင်ရန် မျိုးကောင်း၊ မျိုးသန့်နှင့် လိုအပ်သည့် မြေဆီများကိုပံ့ပိုးမှုများကိုသာ စက်ရုံနှင့်တောင်သူ၊ အစိုးရပူးပေါင်း၍ ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါတယ်။ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံရဲ့ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်က ပြည်ပနိုင်ငံများထက် မြင့်မားလျက်ရှိပြီး ပြည်ပနိုင်ငံများတွင် ကြံအထွက်နှုန်းမှာ တစ်ဧက ၃၅ တန်ခန့်ရှိပြီး မိမိတို့နိုင်ငံမှာတော့ တစ်ဧက ၂၆ တန်နှုန်းခန့်သာထွက်ရှိပါတယ်။ ဒါကြောင့် ကြံစိုက်တောင်သူများအတွက် လိုအပ်တဲ့နည်းပညာ၊ အရင်းအနှီးနဲ့ သွင်းအားစုပစ္စည်းများ ထိရောက်စွာ ပံ့ပိုးပေးနိုင်ရေး အစိုးရနှင့်သက်ဆိုင်ရာ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးသင့်ပါတယ်။

တရုတ်နိုင်ငံဟာ နှစ်စဉ် သကြားတန်ချိန် ခြောက်သန်းလိုအပ်လျက်ရှိပြီး အခြားကုန်ပစ္စည်းများလည်း လိုအပ်လျက်ရှိတဲ့ ကြီးမားတဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်။ ဒီဈေးကွက်အပေါ်မှာ မြန်မာ၊ ဗီယက်နမ်၊ ဟောင်ကောင်နဲ့လာအိုနိုင်ငံတို့ဟာ မိမိတို့နိုင်ငံထွက် ကုန်ပစ္စည်းများအပြင် Re-export စနစ်ဖြင့်ပါ တင်ပို့လျက်ရှိကြပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှ တင်ပို့ပေးနိုင်ခြင်းမရှိပါက ဗီယက်နမ်၊ ဟောင်ကောင်နဲ့ လာအိုနိုင်ငံတို့ဆီကို ဈေးကွက်ဝေစုအားလုံး ရောက်ရှိသွားမှာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သကြားကို Re-export စနစ်ဖြင့် ကုန်သွယ်ခွင့်ပြုခဲ့ခြင်းကြောင့် ပြည်တွင်း သကြားထုတ်လုပ်မှု SMEs များကို မထိခိုက်နိုင်ကြောင်းနှင့် ကြံစိုက်တောင်သူများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုမရှိကြောင်းတွေ့ရှိရသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက

**စာမျက်နှာ ၂၁ သို့**

## Re-export Refined Sugar တင်သွင်းတင်ပို့သော ကုမ္ပဏီများအားအသိပေးခြင်း

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်မှု တိုးတက် စေရန်ရည်ရွယ်၍ တစ်ဖက်နိုင်ငံတွင် ဈေးကွက် လိုအပ်ချက်ရှိသော Refined Sugar များအား Re-export စနစ်နှင့် တင်သွင်း၊ တင်ပို့ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။**

**သို့ရာတွင် အချို့သောကုမ္ပဏီများသည် Re-export စနစ်နှင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်တင်သွင်းအရေအတွက်အတိုင်း ၂၀၁၇ စက်တင်ဘာလထိ အပြည့်အဝပြန်လည်တင်ပို့ခြင်းမရှိကြောင်း စိစစ်ဖော်ထုတ်တွေ့ရှိရပါသည်။ အဆိုပါကုမ္ပဏီများအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နောက်ဆုံးထားစာရင်းကိုက်ညှိရှင်းလင်းရန် အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ Re-export သကြားတင်သွင်းပြီး သတ်မှတ်စည်းကမ်းနှင့်အညီ ပြန်လည်တင်ပို့ခြင်းမရှိသည့် ကုမ္ပဏီများအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားပါသည်။**

**ကုန်သွယ်ရေးဦးစီးဌာန**

# စာတ်ဆီ/ဒီဇယ်

## စာတ်ဆီ၊ ဒီဇယ်ဝင်ရောက်မှု အခြေအနေ

ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၉၅၉၄၇၃၃ တန်ဖိုးရှိ ဒီဇယ် ၂၆၀၃၉၁ ဒသမ ၈၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၈၈၇၅၀၅၇ တန်ဖိုးရှိစာတ်ဆီ ၁၂၁၁၁၀ ဒသမ ၇၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း နယ်စပ် စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၁၅၄၇၅ တန်ဖိုးရှိ ဒီဇယ် ၁၄၂၉ ဒသမ ၇၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၄၆၇၀၆ တန်ဖိုးရှိ စာတ်ဆီ ၈၁၅ ဒသမ ၈၃တန် တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၈၇၂၃၁၅ တန်ဖိုးရှိဒီဇယ် ၃၃၁၅ ဒသမ ၁၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ စာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၁၀၊ အောက်တိန်း (92) ၇၇၅ ကျပ်၊ အောက်တိန်း (95)ကျပ် ၈၂၀၊ အဆင့်မြင့် ဒီဇယ် ကျပ် ၈၂၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၆ ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၂၆ ရက်မှာ စာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရောစာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ စာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၃၀၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ ၊ အောက်တိန်း(92) တစ်လီတာကျပ်၈၄၀၊ စာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၁၀၀၀၊ရောင်းဈေးကျပ်၁၇၃၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၆၀၀၀၊ ရောင်းဈေးကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် စာတ်ဆီရောဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)၊ အောက်တိန်း(95)မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးများမှာ စာတ်ဆီ ၇၅၅ ကျပ် ၊ အဆင်မြင့်ဒီဇယ် ၈၇၅ ကျပ်၊ အောက်တိန်း(92) ၈၂၅ ကျပ်၊ အောက်တိန်း (95) ၈၆၅ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ စာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၀၀၀ ၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၈၀၀ ၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၁၀၊ အောက်တိန်း (92) ၈၇၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## Energy NYMEX 1-3-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 61.76 | 0.12 | 0.19 |
| Brent Crude Futr (USD/bbl) | 64.90 | 0.17 | 0.26 |
| Gasoline Rbob Fut (Cent/gal) | 193.06 | 0.60 | 0.31 |
| Natural Gas Futr (USD/MMBtu) | 2.67 | 0.00 | 0.07 |
| Heating Oil Futr (Cent/gal) | 190.97 | 0.62 | 0.33 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26-February | 16.71 | 3569.59 | 2171.16 | 7103.05 | 1003.00 |
| 27-February | 16.61 | 3575.55 | 2176.89 | 7109.44 | 998.00 |
| 28-February | 16.36 | 3532.35 | 2183.28 | 6982.93 | 980.00 |
| 1-February | 16.32 | 3496.65 | 2164.33 | 6895.65 | 976.00 |
| 2- February | - | - | - | - | - |

## ဟောင်ကောင်ရွှေအိတ်ချိန်းမှ ရွှေကုန်သွယ်မှုစကြံတည်ထောင်ရန် စင်ကာပူ၊ မြန်မာ၊ ဒူဘိုင်းတို့နှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဟုဆို

ဟောင်ကောင်ရွှေအိတ်ချိန်းမှ တရုတ်ဗဟိုအစိုးရ ဦးဆောင်သည့် Belt & Road Initiative အစီအစဉ်အောက်တွင် ယွမ်တန်ဖိုးဖြင့်ထုတ်ဝေသည့် ထုတ်ကုန်များ မြှင့်တင်ရန်အတွက် ရွှေကုန်သွယ်မှုစကြံတစ်ခု တည်ထောင် ရန် စင်ကာပူ၊ မြန်မာ၊ ဒူဘိုင်းတို့နှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ဟောင်ကောင်ရွှေအိတ်ချိန်း(Hong Kong Gold Exchange) ဥက္ကဋ္ဌ Haywood Cheung Tak-hay က တရုတ်နှစ်သစ်ကူး ပထမနေ့အဖွင့် အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများတွင် စီးပွားဖြစ် အသုံးပြုသူများ၊ အဖိုးတန်ကျောက်မျက် ရတနာကုန်သည်များနှင့်ကျူးဟိုင်ရှိ ရွှေသိုလှောင်ရုံနှင့် ဆက်သွယ်လျက် ဟောင်ကောင်အား အခြေစိုက်မြို့အဖြစ် အသုံးပြုကာ အခြေခံအဆောက်အဦတစ်ခု တည်ထောင်ခြင်းအားဖြင့် ရွှေကုန်သွယ်မှုစကြံအား ထူထောင်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယမန်နှစ်၏ ဒုတိယနှစ်ဝက်တွင် ဟောင်ကောင်ရွှေဈေးကွက်၏ အရောင်းအဝယ်မှာ ဟောင်ကောင်ဒေါ်လာ ၁၅၀ဘီလီယံနှင့် ၁၈၀ဘီလီယံကြားရှိပြီး ယွမ်အခြေပြုထုတ်ကုန်များမှာ ၃၇ ဘီလီယံခန့်ရှိကြောင်း၊ ကျူးဟိုင်လွတ်လပ်သောကုန်သွယ်ရေးဇုန်ရှိ proposed bonded warehouseမှာ ရွှေချိန် တန် ၁၅၀၀ ခန့် သိုလှောင်နိုင်စွမ်းရှိပြီး လက်ရောက်ပေးချေရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ အကောက်ခွန်ဌာန၏ နှုတ်ဖြင့် ခွင့်ပြုချက်အား မကြာမီကရရှိထားပြီး နောက်နှစ်လသုံးလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Belt & Road Initiative ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ရွှေလုပ်ငန်းကွင်းဆက် ဖွံ့ဖြိုးတိုးတက်ခြင်းအပြင် Greater Bay Areaနှင့် ကျူးဟိုင်မြို့၏ ပုံစံအား အသုံးပြုခြင်းဖြင့် ရွှေရောင်းဝယ်မှုအတွက် အာရှနှင့် နိုင်ငံတကာ ဗဟိုချက်အဖြစ် ဟောင်ကောင်၏ အဆင့်အား မြှင့်တင်နိုင်ကြောင်း ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် ငွေတိုက်ဌာန၏ ဒုတိယအတွင်းဝန် Joseph Chan Ho-limက ပြောကြားခဲ့သည်။

ရွှေအိတ်ချိန်းအနေဖြင့် London Bullion Market Association ၏ ရွှေချောင်းများ အထူးသဖြင့် ၄၀၀ အောင်စ ခန့်အလေးချိန်ရှိ အမေရိကန်ဒေါ်လာအခြေပြုရွှေချောင်းများ၏ စံနှုန်းအပေါ် အခြေခံသတ်မှတ်၍ အဖိုးတန်ကျောက်မျက်ရတနာများအား ကမ်းလှမ်းမှုပြုခဲ့ သည်။ သို့သော်လည်း ရှန်ဟိုင်း၊ ကျူးဟိုင်နှင့် ဟောင်ကောင်တွင် ယွမ်တန်ဖိုးဖြင့် သတ်မှတ်သည့် ကီလိုဘားများ ရောင်းဝယ်မှု တဖြည်းဖြည်းမြင့် တက်လာပြီး ကီလိုဘားများအတွက် စံနှုန်းများသတ်မှတ်နိုင်ရန် မျှော်လင့်ကြောင်း Cheung ကပြောကြားခဲ့သည်ဟုသိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**



## ရှယ်ယာအမြတ်ဝေစုများ မထုတ်ယူရသေးသော ရှယ်ယာရှင်အချို့ အမြန်ဆုံးထုတ်ယူရန် FPB တိုက်တွန်း

အစုရှယ်ယာ အမြတ်ဝေစုမထုတ်ယူရသေးသော ရှယ်ယာရှင်အချို့ အနေဖြင့် အမြတ်ဝေစုကို အမြန်ဆုံး ထုတ်ယူကြရန် ပထမပုဂ္ဂလိကဘဏ် (FPB)က တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာရှင်များအနက်(၁၉၉၃-၉၄)ဘဏ္ဍာနှစ်မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်အထိ အမြတ်ဝေစု မထုတ်ယူရသေးသောအစုရှယ်ယာရှင်များအား အမြတ်ဝေစုများကို ၂၀၁၆ခုနှစ် နိုဝင်ဘာလ နောက်ဆုံးထား၍ ထုတ်ယူကြရန် နှိုးဆော်ခဲ့သော်လည်း အချို့ရှယ်ယာရှင်များသည် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ အထိ အမြတ်ဝေစုများ လာရောက်မထုတ်ယူရသေးကြောင်း၊ ပထမပုဂ္ဂလိကဘဏ်၏ အမြတ်ဝေစုစာရင်းများ ရှင်းလင်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာနနှင့် ဘဏ်၏ ပြင်ပစာရင်းစစ်အဖွဲ့က တိုက်တွန်းထားကြောင်း သိရသည်။

ထို့ကြောင့် အစုရှယ်ယာရှင်များ အနေဖြင့် မထုတ်ယူရသေးသော အမြတ်ဝေစုများကို မတ် ၁၃ ရက်နောက်ဆုံးထား၍ နီးစပ်ရာ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် သွားရောက်ထုတ်ယူကြပါရန်နှင့် မထုတ်ယူရသေးသော အမြတ်ဝေစုစာရင်းကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့က ကြေညာထားသည်။

စာရင်းပိတ်သိမ်းပြီးနောက် အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစု ထုတ်ယူနိုင်မည်မဟုတ်ကြောင်း သိရသည်။

ပထမပုဂ္ဂလိကဘဏ်သည် ၁၉၉၂ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းလိုင်စင်ကိုရရှိခဲ့ပြီးရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၇ခုနှစ်တွင် ဝင်ရောက်ခဲ့သောကုမ္ပဏီဖြစ်သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 1, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.29 |
| BDT | Bangladesh Taka | 83.22 |
| CAD | Canada Dollars | 1.28 |
| CNY | China Yuan Renminbi | 6.34 |
| EUR | Euro | 0.82 |
| H KD | Hong Kong Dollars | 7.83 |
| I NR | India Rupees | 65.20 |
| I DR | Indonesia Rupiahs | 13763.37 |
| JPY | Japan Yen | 106.86 |
| MYR | Malaysia | 3.93 |
| PKR | Pakistan Rupees | 110.93 |
| PHP | Philippines Pesos | 51.96 |
| RUB | Russia Rubles | 56.43 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1085.22 |
| LKR | Sri Lanka Rupe | 155.06 |
| THB | Thailand Baht | 31.52 |
| GBP | United Kingdom Pounds | 0.73 |
| VND | VietnamDon | 22753.96 |

*Source:xe.com*

## World Gold Price

February-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1343 | 1341 | 1341 |
| 27 | 1336 | 1335 | 1335 |
| 28 | 1321 | 1319 | 1320 |
| 1 | 1317 | 1315 | 1315 |
| 2 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26-2-2018 | 943.00 | 943.10 |
| 27-2-2018 | 941.00 | 940.50 |
| 28-2-2018 | 936.50 | 936.30 |
| 1-3-2018 | 935.00 | 935.00 |
| 2-3-2018 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6.32 | 31.34 | 83.11 | 64.67 |
| 27 | 6.31 | 31.31 | 83.09 | 64.83 |
| 28 | 6.33 | 31.46 | 83.34 | 65.08 |
| 1 | 6.34 | 31.52 | 83.22 | 65.20 |
| 2 | - | - | - | - |

## ဘိလပ်မြေ

# ဒီတစ်ပတ် နယ်စပ်လမ်းမှအဝင်ပို

ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၉၃၉ တန်ဖိုးရှိ ဘိလပ်မြေ ၁၃၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ ဘိလပ်မြေများမှာ ဆင်၊ စိန်နဲ့ အခြားတံဆိပ်များဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ထိုင်းနိုင်ငံမှ ၇၅ တန်နဲ့ တရုတ်နိုင်ငံမှ ၅၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၆၆၇၀ ကျော် ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၁၅၃၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၃၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင် ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်သွက်ပြီး ဘိလပ်မြေဈေးကတော့ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းသွက်သလို ဈေးလည်းနည်းနည်းတက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် အေသုံးလုံး၊ ကြံ့နှစ်ကောင်၊ ခရောင်းနဲ့ အယ်လ်ဖာဘိလပ်မြေများက ကျပ် ၂၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင် ဆင်ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဈေးကွက်ထဲ ကြံ့ဘိလပ်မြေက အရောင်းသွက်ပြီး ကျန်ဘိလပ်မြေများက ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၀၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ တီပီအိုင်ဘိလပ်မြေက အဝင်နည်းတယ်။ စိန်နဲ့ ဆင်ဘိလပ်မြေက အဝင်များပြီး အရောင်းသွက်တယ်။ ပြည်တွင်းထုတ်ဘိလပ်မြေကလည်း သူ့ဈေးကွက်နဲ့သူ အရောင်းအဝယ်ဖြစ်တယ်။ တချို့ဆောက်လုပ်ရေးလုပ်ငန်းရှင် တွေက ပြည်တွင်းဘိလပ်မြေကို အကြိုက်တွေ့ကြတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၅၈၀၀၊ ဆင်(ထိုင်း) ကျပ် ၅၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ၅၂၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာများဝင်

ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ဝ၈ သိန်းကျော်တန်ဖိုးရှိ မြေသြဇာ ၁၃၁၀၈ ဒသမ ၈၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဖေဖော်ဝါရီ လဝက်သီတင်းပတ်အတွင်း တင်သွင်းခဲ့တဲ့နိုင်ငံနဲ့တန်ချိန်မှာ ကနေဒါနိုင်ငံမှ ၁၃၃ ဒသမ ၈၁၉ တန်၊ တရုတ်နိုင်ငံမှ ၆၅၇၄ ဒသမ ၄၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၂၅၀၀၊ အစ္စရေးနိုင်ငံမှ ၁၄၇ တန်၊ ဂျပန်နိုင်ငံမှ ၁၀၂ တန်၊ မလေးရှားနိုင်ငံမှ ၈၂၂ တန်၊ နော်ဝေနိုင်ငံမှ ၈၄၄ ဒသမ ၆၇ တန်၊ ထိုင်ဝမ်နိုင်ငံမှ တန်ချိန် ၄၀၊ ထိုင်းနိုင်ငံမှ ၈၆၁ တန်၊ ယူအက်စ်အေမှ၁၀၁ ဒသမ ၉၂၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှတန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ယူရီးယား၊ ပိုတက်၊ အော်ဂဲနစ်၊ နိုက်တြိုဂျင်၊ ကွန်ပေါင်း (၁၀း၁၀း၁၀း)၊ ကွန်ပေါင်း (၁၅း၁၅း၁၅း)၊ ဓာတ်ဆား၊ ရေနဂါးတံဆိပ် မြေသြဇာ၊ ဖလော်ရာတို့ဖြစ်ပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေသြဇာဈေးကွက်

ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန်ချိန် ၁၃၄၂၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၄၃၃၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊ မကွေးနဲ့ မန္တလေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် အေးသလိုဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ် လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၅၆၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀၊ မြားကမ္ဘာကျပ် ၁၅၈၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်က စိုက်ပျိုးရာသီလည်း မဟုတ်တာကြောင့် အရောင်းအဝယ်က အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခုအချိန်ထဲကအရောင်းအဝယ်အေးတဲ့ မြေသြဇာဈေးကွက်က သင်္ကြန်ပြီးလောက်မှ ပြန်ပြီး အရောင်းအဝယ်ကောင်းနိုင်မယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဒီတစ်ပတ် ယူရီးယား (ပန်းဖူး၊ ရေတောင်) (တရုတ်)က ကျပ် ၁၀၀၊ ပန်းသီးစုံက ကျပ် ၂၀၀၊အာမို ၁၀း၁၀း၅ ကကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ ၄၆%တရုတ် ကျပ် ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၄၈၀၀၊ ပန်းသီးစုံ ကျပ် ၁၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၅၄၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ ကျော်တင်သွင်း

ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၅၀၀၀ တန်ဖိုးရှိ နို့ဆီ ၅၄၇ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခုသီတင်းပတ်အတွင်း ကောင်းဘဲလ်နို့ဆီ ၄၃ ဒသမ ၇၇၆ တန်၊ အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ ဒွန်းနို့ဆီ ၂၈၄ ဒသမ ၅၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ယခုတစ်ပတ်မှာ ယူကေမှ သုညဒသမ ၆၃ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၈၀ဒသမ ၅၉တန်၊ မလေးရှားနိုင်ငံမှ ၇၈ဒသမ ၇၂၆ တန်နဲ့ ပိုလန်နိုင်ငံမှ ၄၂ တန်၊ စုစုပေါင်း ၃၀၁ ဒသမ ၉၁၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း နို့ဆီတန်ချိန် ၅၄၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ ကျော်တင်သွင်းခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၂ မှ ၂၃/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၂ မှ ၁၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | (-) | - |
| ၂။ | လွယ်ဂျယ် | ၄၀၀・၀၀ | ၄၂၄・၀၀ | (+) | ၅၆・၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၇၂・၀၀ | ၁၄၁၉・၀၀ | (+) | ၁၀၅၃・၀၀ |
| ၅။ | တာချီလိတ် | ၈၆၀၀・၀၀ | ၁၀၅၀၀・၀၀ | (-) | ၁၉၀၀・၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၂၅・၀၀ | - | (+) | ၁၂၅・၀၀ |
| ၈။ | မြိတ် | ၅၀၀၀・၀၀ | ၃၀၀၀・၀၀ | (+) | ၂၀၀၀・၀၀ |
| | စုစုပေါင်း | ၁၆၆၇၇・၀၀ | ၁၅၃၄၃・၀၀ | (+) | ၁၃၃၄・၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၂ မှ ၂၃/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၂ မှ ၁၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၉၇၆・၇၅ | ၇၃၀၅・၆၀ | (-) | ၂၃၂၈・၈၅ |
| ၂။ | လွယ်ဂျယ် | - | ၂၈・၀၀ | (-) | ၂၈・၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၉・၀၀ | ၉၀・၀၀ | (+) | ၆၉・၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၅၅၈၈・၅၅ | ၄၁၂၈・၀၅ | (+) | ၁၄၆၀・၅၀ |
| ၆။ | ကော့သောင်း | - | ၁၃၀・၀၀ | (-) | ၁၃၀・၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၇၀၀・၀၀ | ၂၆၅၀・၀၀ | (+) | ၅၀・၀၀ |
| | စုစုပေါင်း | ၁၃၄၂၄・၃၀ | ၁၄၃၃၁・၆၅ | (-) | ၉၀၇・၃၅ |

ခင်မိုးသူ

## နှမ်း/ပြောင်း

# နှမ်းဈေးငြိမ်ပေမယ့် ရံဖန်ရံခါ အရောင်းအဝယ်ဖြစ်နေတဲ့ ပြည်ဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်ပေမယ့် တစ်ခါတစ်ရံ မန္တလေးဝယ်လက်များကြောင့် အရောင်းအဝယ် ဖြစ်တာ တွေ့ရပါတယ်။ ယခုအချိန်မှာ ရေသွင်းနှမ်းများ စိုက်ပျိုးချိန်ဖြစ်လို့ ဈေးကွက်သို့ နှမ်းဝင်ရောက်မှု မရှိသလောက်ရှားပါးသွားတာ တွေ့ရပါတယ်။

ပွဲရုံများတွင် ယခင်လှောင်ထားတဲ့ နှမ်းအနည်းငယ်ရှိနေလို့ ဈေးကွက်တွင်ရံဖန်ရံခါ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့်ဈေးကွက်တွင် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

နှမ်းဈေးငြိမ်နေရခြင်းမှာ ဈေးကွက်တွင် ပစ္စည်းလက်ကျန်မရှိလို့ဖြစ်ကြောင်း သိရပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင်ကျပ် ၅၀၀၀-၅၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ **ဝေဝေမင်း (ပြည်)**


# တရုတ်နိုင်ငံသို့ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီကုန်သွယ်ရေး စခန်းသုံးခုမှ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၇၉၉၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၆၆၇၂ တန်ခွဲ၊ လွယ်ဂျယ်မှ တန် ၁၂၈၀ နဲ့ ကန်ပိုက်တီမှ တန် ၄၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းများမှ ပြောင်း ၈၈၆၆ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၇၄ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ် ရော ယခုတစ်ပတ်ပါ ပြောင်းတစ်တန်လျှင် ၃၀၈၃၃၃ ကျပ် ဈေးရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၂၃၁ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် အစီး ၅၀ လျော့နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ်ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၅၇ ကျပ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ



# အမေရိကန်ပဲပုပ်ဆီဈေး မြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီဈေး ရက်သတ္တခြောက်ပတ်အတွင်း အမြင့်ဆုံးရောက်

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဖေဖော်ဝါရီ ၂၇ ရက်က ရက်သတ္တပတ် ခြောက်ပတ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည့်အပြင် ပြိုင်ဖက်စားသုံးဆီများ၏ ဈေးနှုန်းမြင့်တက်မှုကြောင့် သုံးရက်ဆက်တိုက်မြင့်တက်နေကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် မေလအတွက် ဖြန့်ဖြူးမည့် စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာ ဖေဖော်ဝါရီ ၂၇ ရက် ဈေးပိတ်ချိန်က သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်ကို ၂၅၄၂ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၆၅၀ ဒသမ ၇၉ ) နှုန်းရှိခဲ့သည်။

ရင်းဂစ်တန်ဖိုးမှာ တစ်ဒေါ်လာကို ၂၅၅၇ ရင်းဂစ်နှုန်းရှိပြီး ဇန်နဝါရီ ၁၂ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။ ရင်းဂစ်တန်ဖိုးမှာ ယခုလအတွင်း နှစ်ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၇ ရက်ဈေးပိတ်ချိန်က စားအုန်းဆီရောင်းချရမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၃၆၅၂၉ တွဲရှိခဲ့သည်။

ဒါလီယံဈေးကွက်တွင် စားအုန်းဆီဈေး မြင့်တက်မှုကြောင့် မလေးရှားကုန်စည်ဒိုင် စားအုန်းဆီဈေးသည် စောစောပိုင်းက ပိုမိုမြင့်တက်ခဲ့သည်။ သို့ရာတွင် ဝယ်လိုအားအလားအလာကျဆင်းမှုကြောင့် ဈေးနှုန်းကပြန်လည်ကျဆင်းခဲ့သည်။

ဇန်နဝါရီကာလတူနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီ ၁ ရက်မှ ၂၅ ရက်အတွင်း စားအုန်းဆီတင်ပို့မှုသည် လေးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ သို့ရာတွင် ဖေဖော်ဝါရီ ၁ ရက်နှင့် ၂၀ ရက်အတွင်းကမူ ရှစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

စားအုန်းဆီဈေးသည်ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့တွင် ဖေဖော်ဝါရီ ၂၇ ရက်က နေ့အလိုက်နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့သည့်အတွက် ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်းက ဈေးနှုန်းမြင့်တက်ခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင်ဈေးကွက်ဝေစုယှဉ်ပြိုင်နေရသဖြင့် စားအုန်းဆီဈေးမှာ တခြားစားသုံးဆီဈေးအတက်အကျ၏ ဂယက်ရိုက်ခတ်မှုကို ခံရသည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် မတ်အတွက် ကြိုတင်စာချုပ် ချုပ်ဆိုသည့် ပဲပုပ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၆ ရက်က သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ကမ္ဘာတွင် ပဲပုပ်ဆီတင်ပို့ရာ၌ အများဆုံးဖြစ်သော အာဂျင်တီးနားနိုင်ငံတွင် မိုးပါးမည်ဟုခန့်မှန်းထားသည့်အတွက် ပဲပုပ်ဆီဈေးများ မြင့်တက်လာခြင်းဖြစ်သည်။ အခြားပဲပုပ်ဆီဈေးကွက်ဖြစ်သော တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် ပဲပုပ်ဆီကြိုတင်ဈေးမှာ သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဒါလီယံရှိ စားအုန်းဆီကြိုရောင်းဈေးမှာ သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီဈေးသည် အမြင့်ဆုံးတစ်တန်ကို ၂၅၆၂ ရင်းဂစ်နှုန်းအထိ ရောက်ရှိနိုင်ပြီး နောက်ထပ်တက်မည်ဆိုပါက တစ်တန်ကို ၂၅၉၂ ရင်းဂစ်နှုန်းရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ကုန်စည်နှင့် စွမ်းအင်လေ့လာဆန်းစစ်မှုဝမ်တောင် ကပြောသည်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၂-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၄၀၀ | △ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၇၀၀ | ၄၇၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၉၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၂-၂၀၁၈ **US$/Ton**

| အမျိုးအစား | ဖေဖော်ဝါရီတတိယပတ် | ဖေဖော်ဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၄၇.၀၀ | ၆၅၇.၀၀ | △ |
| **RBD P.Olein** | ၆၅၄.၀၀ | ၆၆၄.၀၀ | △ |
| **RBD P.Stearin** | - | ၆၆၂.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၆၀.၈၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၃၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၀၉.၅၁၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၈-၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ခြိမ်းခြောက်မှုများနဲ့ရင်ဆိုင်နေရတဲ့ အင်ကြင်းကျောက်စျေးကွက်

မျိုးသီတာ(မြင်းခြံ)

မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၇၅၅ ပေ အမြင့်တွင် တည်ရှိပြီး ပြင်စည်-နွားထိုးကြီး-မြင်းခြံကားလမ်းဘေးတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် မြစ်သားမြို့နယ်၊ တောင်ဘက်တွင် တောင်သာမြို့နယ်၊ မြောက်ဘက်တွင် ငါန်းဇွန်မြို့နယ်၊ အနောက်ဘက်တွင် မြင်းခြံမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ရှေးမင်းများလက်ထက်တွင် နွားခိုရ်ရွာအဖြစ်တည်ရှိပြီး နွားခိုရ်ဟူသည် နွား+ခိုရ်=နွား+မူဝ=အလေ့အကျင့်၊ နွားများကိုထိန်းကျောင်းလေ့ကျင့်သောရွာဟုခေါ်ကြောင်း၊ အချို့မှာလည်း နွားဖြင့်အသက်မွေး၍ ကြီးပွားတိုးတက်လာသောကြောင့် နွားတိုးဟုယူဆကြောင်း၊ ကာလရွေ့လျားပြီး နွားခိုရ်-နွားတိုးမှ နွားထိုးကြီးဟု ခေါ်ဝေါ်လာခဲ့ရာမှရပ်ကွက်(၈)ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စု၊ကျေးရွာပေါင်း ၁၈၈ ရွာဖြင့် ဖွဲ့စည်းထားသောမြို့နယ်တစ်ခုဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့နယ်သည် မြန်မာနိုင်ငံတွင် အင်ကြင်းကျောက် အကောင်းဆုံးထွက်ရှိရာဒေသများဖြစ်သည်။မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်အခြားဒေသများမှထွက်ရှိသော အင်ကြင်းကျောက်များမှာ အခြောက်သားဟုခေါ်သည့် အရည်အသွေးသတ်မှတ်ချက် D Gradeအဆင့်ရှိအရည်အသွေးညံ့သော အင်ကြင်းကျောက်များဖြစ်ကြောင်းသိရသည်။ နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်စျေးကွက်သည် တရုတ်နိုင်ငံဝယ်လက်ပေါ်တွင် မှီခိုနေရပြီး အရည်အသွေးကောင်းမွန်သည့် ကျောက်များထွက်ရှိမှုနည်းပါးလာကြောင်းနှင့် ယခင်က အင်ကြင်းကျောက်များကို နွားထိုးကြီးမြို့နယ်အတွင်း မြေပြင်တွင် အလွယ်တကူ မြင်တွေ့နိုင်သော်လည်း ယခုအခါတူးဖော်ထုတ်လုပ်မှုမြင့်မားသည့်အတွက် ပစ္စည်းရှားပါးမှုနှင့်ရင်ဆိုင်နေရပြီး စျေးကွက်တင်ပို့မှုမှာလည်း အခက်အခဲများရှိနေကြောင်းသိရသည်။

Tree Jade Co.မှ ဦးမင်းရွှေက " တရုတ်က အရည်အသွေးကောင်း အင်ကြင်းကျောက်တွေဖြစ်တဲ့ A Grade, B Gradeတွေကိုတော့ ဝယ်လိုအားကောင်းပါတယ်။ လက်ရှိအခြေအနေမှာတော့ အကြမ်းထည်အတိုင်း တင်ပို့ရောင်းချတာက ပိုပြီးအဆင်ပြေတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်ကျစရိတ် သက်သာတာကြောင့်ပါ။ အချောထည်ကတော့ ကုန်ကျစရိတ်များတာကြောင့်တင်ပို့မှု နည်းပါတယ်။ အင်ကြင်းကျောက်ကို Export ပို့တဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနကပစ္စည်းစစ်၊ Gradeခွဲ ၊တန်ဖိုးသတ်မှတ်ပြီး စျေးနှုန်းစစ်ဆေးရေးအဖွဲ့က ခွင့်ပြုပြီဆိုလျှင် ကျသင့်အခွန်ငွေသွင်းပြီးရင် စျေးနှုန်းထောက်ခံချက်ရပြီဆိုတာနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ပို့ကုန်လိုင်စင်လျှောက်ပြီး ပြည်ပတင်ပို့ခွင့်ရပြီဖြစ်ပါတယ်။ တရုတ်စျေးကွက်ကတော့ အရည်အသွေးပေါ်မူတည်ပြီး တစ်ကီလိုဂရမ်ကို ၄ ယွမ်/၅ ယွမ်မှ ယွမ် ၂၀၀/ယွမ် ၃၀၀/ ယွမ် ၄၀၀ အထိ စျေးရပါတယ်။ အများအားဖြင့်တော့အရည်အသွေးမမီတဲ့ D Grade တွေသာတင်ပို့နိုင်ပြီး အရည်အသွေးမီ A Gradeကတော့ရှားပြီး စျေးကောင်းရသလို ပို့သမျှတော့ စျေးကွက်ကဝယ်လိုအားရှိပါတယ် "လို့ ပြောကြားခဲ့သည်။

ပြည်တွင်းအင်ကြင်းကျောက်အချောထည်စျေးကွက်သည် ကုန်ကြမ်းတူးဖော်မှုမရှိသဖြင့် အထွက်နည်းပြီး တရုတ်စျေးကွက်ပျက်နေသည့်အတွက် တိုးတက်မှုမရှိဘဲ ဆုတ်ယုတ်နေကြောင်း၊ အင်ကြင်းကျောက်အကြမ်းထည်တွေကို တရုတ်သို့တင်ပို့ ရောင်းချပြီး တရုတ်စျေးကွက်မှ ဝယ်ယူခြင်းမရှိသည့် အရည်အသွေးမမီကျောက်များနှင့်သာ အင်ကြင်းကျောက်အချောထည်လုပ်ငန်းကို လည်ပတ်နေရကြောင်း၊ အင်ကြင်းကျောက်အချောထည်များအနေဖြင့် ပြည်တွင်းစျေးကွက်တွင်သာ ဖြန့်ဖြူးရောင်းချနေရကြောင်းနှင့် အရောင်းအဝယ်မဖြစ်တော့ကြောင်း နွားထိုးကြီးမြို့ အင်ကြင်းကမ္ဘာမှ ဒေါ်ခင်စီကလည်း ယခုလို ပြောကြားခဲ့ပါသည်။

" ကျွန်မတို့ အင်ကြင်းကမ္ဘာမှ အင်ကြင်းကျောက်အချောထည်များကို တစ်နိုင်ငံလုံးမှာရှိတဲ့ နယ်စုံပို့ပြီး ရောင်းချပါတယ်။ ရန်ကုန်စျေးကွက်မှာ အရင်က တစ်လသိန်း ကျပ် ၃၀ မှ ကျပ် ၄၀ လောက်ဖိုး ရောင်းရပေမယ့် အခုတော့ တစ်လကျပ်ငါးသောင်း၊ ကျပ်တစ်သိန်းဖိုးလောက်သာ ကြိုကြားကြိုကြားနဲ့ ပို့နေရပါတယ်။ ပုဂံစျေးကွက်ဆိုလည်း တစ်နှစ်လုံးနေမှ ကျပ်တစ်သိန်း၊ ကျပ်နှစ်သိန်းဖိုးပဲ ရောင်းနေရပါတယ်။ တောင်ကြီးစျေးကွက်မှာတော့ ဆွဲကြိုး၊ လက်ပတ်ကြိုးအစရှိတဲ့ ရိုးရာပစ္စည်းတွေကို တစ်လကျပ်ငါးသိန်းဖိုးလောက်တော့ ရောင်းရပါတယ်။ အင်ကြင်းကျောက်အချောထည်လုပ်ငန်းများပြန်လည်ဖွံ့ဖြိုးလာရင်တော့ အလုပ်အကိုင်၊ အခွင့်အလမ်းတွေလည်း ပိုမိုကောင်းမွန်လာမှာဖြစ်တယ်" လို့ဆိုသည်။ နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက်များကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချရာမှာ ကုမ္ပဏီများမှအများအားဖြင့် အကြမ်းထည်အတိုင်း တင်ပို့လေ့ရှိပြီး ကျောက်သားအရည်အသွေးပေါ် မူတည်၍ သောင်းဂဏန်းမှ သိန်းဂဏန်းအထိစျေးရကြောင်း၊ အင်ကြင်းကျောက်သည် အရည်အသွေးပေါ် မူတည်သည်ဟုဆိုသော်ငြားလည်း အလေးချိန်ပေါ်တွင်လည်း တစ်စိတ်တစ်ပိုင်းမူတည်သေးကြောင်း၊ အရည်အသွေးကောင်းပေမယ့် ကျောက်ကသေးလွန်းလျှင်လည်း တရုတ်က မဝယ်ကြောင်း၊ အထွက်နည်းပြီး တရုတ်နိုင်ငံမှ စျေးနှိမ်ဝယ်ယူမှုများရှိနေ၍ အင်ကြင်းကျောက်စျေးကွက်ပျက်နေကြောင်း၊ တရုတ်နိုင်ငံမှမဝယ်သည့် ကျောက်များကိုသာ အချောထည်လုပ်ငန်းသို့ လာရောက်ရောင်းချကြကြောင်း၊ ယခုအခါ တရုတ်နိုင်ငံနယ်စပ်တွင် အင်ကြင်းကျောက်အရောင်းအဝယ်လုပ်နေကြသူများကလည်း နွားထိုးကြီးမြို့နယ်ရှိကျေးရွာများတွင် အချောထည်လုပ်ငန်းများထူထောင်၍ လုပ်ကိုင်နေကြကြောင်း၊ ယခင်က အချောထည်လုပ်ငန်းအလုပ်သမားခမှာ တစ်ဦးလျှင် ကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀ မှ ယခုအခါ ကျပ် ၆၀၀၀/ ကျပ် ၆၅၀၀အထိပေးရ၍ အလုပ်သမားစရိတ်တက်နေကြောင်း၊ အင်ကြင်းကျောက်တူးဖော်မှုအနေနဲ့ လယ်ယာလုပ်ငန်းရပ်နားထားချိန်မှာ စားဝတ်နေရေးအတွက် ဒေသခံများကတူးဖော်ကြပြီး လယ်ယာလုပ်ငန်းထွန်ယက်စိုက်ပျိုးခြင်းမရှိသေးသည့်ကာလများအတွင်း ယာခင်းရှင်များနှင့်ဒေသခံအင်ကြင်း ကျောက်တူးဖော်ကြသူများမှအကျိုးတူပူးပေါင်းပြီး ထွက်ရှိလာသည့် အင်ကြင်းကျောက်များကို သုံးပုံပုံ၍ ယာခင်းရှင်ကတစ်ပုံ၊ တူးဖော်သူများက နှစ်ပုံယူကြောင်း သိရှိရသည်။

အင်ကြင်းကျောက်စျေးကွက်တွင် အကြမ်းစျေးကွက်ပျက်နေသည့်အတွက် တူးဖော်သည့်သူ နည်းသွား၍ အချောထည်လုပ်ငန်းမှာလည်း အခက်အခဲများဖြစ်လာကြောင်း၊ အချောထည်လက်မှုလုပ်ငန်းအတွက် အကြမ်းစျေးကွက်ပေါ် များစွာမူတည်နေပြီး ယခုအခါ ကုန်ကြမ်းရရှိရန်ပင် ခက်ခဲလျက်ရှိကြောင်း၊ အင်ကြင်းကျောက်ထွက်ရှိမှုနည်းပါးလာသည့်အတွက် ပစ္စည်းစျေးမှာလည်း မြင့်တက်လျက်ရှိပြီး အပူပိုင်းဒေသတွင် အဓိကထွက်သည့် အင်ကြင်းကျောက်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်များထွက်ရှိမှုနည်းပါးလာ၍တစ်ကြောင်း၊ တူးဖော်သည့်သူများ ရှားပါးလာ၍တစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အင်ကြင်းကျောက်ရောင်းဝယ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း အင်ကြင်းကျောက်စျေးကွက်အခြေအနေအား လေ့လာတင်ပြလိုက်ရပါသည်။

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်း

နိုင်ဦး (DOCA)

(ယခင်တစ်ပတ်မှအဆက်)

ထိုဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေခဲ့သည်။ သို့သော် ကုန်စည်ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များသည် ပန်းပန်ဆဲပင်ဖြစ်သည်။ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ခံစားနေဆဲပင်ဖြစ်သည်။

သို့သော် အက်ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ အရှိန်လျော့သွားကြသည်။ အခြားနိုင်ငံများမှလည်း အမေရိကန်ပြည်ထောင်စုတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော အစားအသောက်နှင့်ဆေးဝါးသီးသန့်အက်ဥပဒေကိုအတုယူကာ မိမိနိုင်ငံများတွင် ပြဋ္ဌာန်းကျင့်သုံးလာကြသည်။

၁၉၆၀ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးခြင်းများသည် ဥရောပနှင့်မြောက်အမေရိကတို့တွင် စတင်ခဲ့သည်။ ထိုကာလအတွင်း အင်အားကြီးမားသည့်အဖွဲ့အစည်းကြီးများသည် ကမ္ဘာ့စီးပွားရေးကို ချုပ်ကိုင်လွှမ်းမိုးနိုင်ရန် ဦးတည်ဆောင်ရွက်လာကြသည်။ ထို့ကြောင့်ပင် စားသုံးသူများသည် ၎င်းတို့ရရှိမည့်အခွင့်အရေးများနှင့် နစ်နာဆုံးရှုံးမှုများကို ၎င်းတို့ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားလာကြသည်။ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူအကြားမျှတသည့် စည်းမျဉ်းစည်းကမ်းများကို အစိုးရမှ ထုတ်ပြန်ခဲ့ကြသည်။ ၁၉၇၀ ခုနှစ်တွင် နိုင်ငံတကာအဆင့်အထိ ပျံ့နှံ့ရောက်ရှိသွားကြသည်။စားသုံးသူအကာအကွယ်ပေးရေးနယ်ပယ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသားရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် ဥပဒေပြဋ္ဌာန်း ခြင်းများကို လေ့လာဆန်းစစ်မှုပြုရန် စီးပွားရေးနှင့်လူမှုရေးကောင်စီမှအထွေထွေအတွင်းရေးမှူးချုပ်ထံ မေတ္တာရပ်ခံခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂမှ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် နိုင်ငံတကာပြည်သူများ၏ စားသုံးသူအခွင့်အရေးများအား အကာအကွယ်ပေးနိုင်ရေးအတွက် လည်းကောင်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးဘေးကင်းလုံခြုံမှုနှင့်စားသုံးသူများ ကောင်းကျိုးရရှိစေရန် ဆောင်ရွက်နိုင်သည့်အရေးကြီးသည့်အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုလာခဲ့သည်။

၁၉၆၂ခုနှစ် မတ်လ ၁၅ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ကွန်ဂရက်တွင် သမ္မတ ဂျွန်အက်(ဖ်)ကနေဒီက စားသုံးသူတို့၏အခြေခံ အခွင့်အလမ်းများကို တရားဝင်အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတွက် မှတ်တိုင်တစ်ခုဖြစ်စေခဲ့သည်။ အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ လက်မှတ်ရေးထိုးခဲ့သည့် မတ်လ ၁၅ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုနေ့ရောက်တိုင်း Consumer International မှ ဦးဆောင်၍ ကမ္ဘာပေါ်ရှိ ၎င်း၏ပင်မအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်စားသုံးသူအဖွဲ့အစည်းများမှ ကမ္ဘာ့စားသုံးသူများ၏အခွင့်အရေးများကိုအလေးဂရုပြုကာ မြှင့်တင်သည့်အနေဖြင့် စတင်ကျင်းပပြုလုပ်ခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်သည်။

၁၉၈၁ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အထွေထွေအတွင်းရေးမှူးချုပ်ထံ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရန်အကြံပြုချက်များ၊ အသေးစိတ်သုံးသပ်ချက်များနှင့်အတူအထွေထွေလမ်းညွှန်ချက်တစ်စုံ ပြုစုတင်ပြရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ မေတ္တာရပ်ခံခဲ့ပါသည်။ ၁၉၈၃ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်မူကြမ်းအား ကမ္ဘာ့ကုလသမဂ္ဂ (ECOSOC) သို့ တင်ပြခဲ့သည်။ ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်များအား လက်ခံရန်ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေးနိုင်ရန် ကုလသမဂ္ဂ၏အထွေထွေညီလာခံမှ ၁၉၈၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဆုံးဖြတ်ချက်အမှတ် ၃၉/၂၄၈ဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက်ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များဖြစ်သည့် United Nations Guidelines For Consumer Protection ကို ချမှတ်နိုင်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်။)

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ဘဏ်ခွဲများ ဖွင့်လှစ်မှုကျဆင်းလာခြင်း

KTBဘဏ်(Krungthai Bank)သည် ၂၀၁၇ ခုနှစ်အတွင်း ဖွင့်လှစ်ပြီး ဘဏ်ခွဲ ၉၂ ခုကိုပိတ်သိမ်းခဲ့ပြီးနောက် ယခုနှစ်တွင်လည်း ဘဏ်ခွဲအနည်းငယ်ကိုပိတ်သိမ်းမည့်အစီအစဉ်ရှိကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံ၌ တတိယအကြီးဆုံး ကူးသန်းရောင်းဝယ်ရေးဘဏ်ဖြစ်သည့် KTB ဘဏ်သည် ဘဏ်ခွဲစုစုပေါင်း၁၁၂၁ခုကိုဖွင့်လှစ်ထားပြီး ၈၆၂ခုသည်နိုင်ငံ့အထက်ပိုင်းတွင်ရှိပါသည်။ KTB ဘဏ်သည် ၂၀၁၇ခုနှစ်အတွင်း ဘဏ်ခွဲ ၉၂ ခုကိုပိတ်သိမ်းခဲ့ရာ ကူးသန်းရောင်းဝယ်ရေးဘဏ်များအနက် ဘဏ်ခွဲအများဆုံးပိတ်သိမ်းခဲ့သည့်ဘဏ်တစ်ခုဖြစ်သည်။ ပိတ်သိမ်းခဲ့သည့်ဘဏ်ခွဲ အများစုမှာ ပြည်နယ်များရှိ ဘဏ်ခွဲများဖြစ်ပြီး ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းကို တိုးချဲ့မည့်အစီအစဉ်ရှိကြောင်း သိရှိရပါသည်။ ဘဏ်ခွဲပိတ်သိမ်းမှု ဒုတိယအများဆုံးဘဏ်မှာ ဘဏ်ခွဲ ၈၂ခုကို ပိတ်သိမ်းခဲ့သည့် Kasikorn Bank ဖြစ်ပြီး တတိယအများဆုံးပိတ်သိမ်းခဲ့သည့်ဘဏ်မှာ ဘဏ်ခွဲ ၆၉ခု ပိတ်သိမ်းခဲ့သည့် Thanachart Bank ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်အတွင်း ဗန်ကောက်ဘဏ်သည် ဘဏ်ခွဲစုစုပေါင်း ၁၁၆၈ ခုဖြင့် ဘဏ်ခွဲအများဆုံး ဖွင့်လှစ်ထားသည့်ဘဏ်ဖြစ်ပြီး SCB ဘဏ် (Siam Commercial Bank)သည် စုစုပေါင်း ၁၁၆၁ခုဖြင့် ဒုတိယဘဏ်ခွဲအများဆုံး ဖွင့်လှစ်ထားသည့်ဘဏ်ဖြစ်သည်။ ဘဏ်ဖောက်သည်များသည် မိုဘိုင်းဘဏ်လုပ်ငန်းကိုပိုမိုအသုံးပြုလာကြသဖြင့် ထိုင်းနိုင်ငံ၌ လွန်ခဲ့သောနှစ်အနည်းငယ်ကတည်းက ဘဏ်ခွဲများကိုပိတ်သိမ်းလာကြပြီး ၂၀၁၇ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် ဘဏ်ခွဲပေါင်း ၂၃၀ကိုပိတ်သိမ်းခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၁၇ ခုနှစ်တွင် ဘဏ်ခွဲအများဆုံးဖွင့်လှစ်ခဲ့သည့်ဘဏ်မှာ Thai Credit Retail Bank ဖြစ်ပြီး ဘဏ်ခွဲ ၄၄ ရုံးကိုဖွင့်လှစ်ခဲ့သဖြင့် ဘဏ်ခွဲစုစုပေါင်း ၁၃၂ ခုအထိ မြင့်တက်လာသည်။ ထို့နောက် ဗန်ကောက်ဘဏ်သည် ဘဏ်ခွဲ ၁၁ ရုံးဖြင့် ဘဏ်ခွဲ ဒုတိယ အများဆုံးဖွင့် လှစ်နိုင်ခဲ့သည့် ဘဏ်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# SME ဘဏ်သည် အတိုးသက်သာသောချေးငွေဘတ် ၇၈ ဘီလီယံကို ထုတ်ချေးမည်

ထိုင်းနိုင်ငံရှိ SME ဘဏ်သည် SMEs လုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၁၈ ပထမသုံးလပတ်အတွင်းအတိုးနှုန်းသက်သာသော ချေးငွေဘတ် ၇၈ ဘီလီယံကို ပထမအကြိမ် ထုတ်ချေးမည်ဖြစ်သည်။

အဆိုပါအတိုးနှုန်းသက်သာသော ချေးငွေဘတ် ၇၈ ဘီလီယံကို နိုင်ငံပိုင် SME ဘဏ်မှ တာဝန်ယူထုတ်ချေးပေးမည်ဖြစ်ပြီး ဒေသစီးပွားရေးကိုအထောက်အကူပြုမည့် SMEs လုပ်ငန်းများ အတွက် ဘတ် ၅၀ ဘီလီယံကိုလည်းကောင်း၊ လုပ်ငန်းသုံးစက်ပစ္စည်း များကို အဆင့်မြှင့်တင်မည့် SMEs လုပ်ငန်းများအတွက် ဘတ် ၂၀ ဘီလီယံကိုလည်းကောင်း၊ မိုက်ခရို SMEs လုပ်ငန်းများအတွက်ဘတ် ၈ဘီလီယံကိုလည်းကောင်း ထုတ်ချေးပေးရန် လျာထားသည်။

ထိုင်းနိုင်ငံတွင် SMEs လုပ်ငန်းစုစုပေါင်း သုံးသန်းခန့်ရှိပြီး အလုပ်အကိုင် ၁၁ သန်းကိုဖန်တီးပေးထားသည်။ SMEs လုပ်ငန်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၉ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အစိုးရအနေဖြင့် ပြည်တွင်း SMEsလုပ်ငန်းများ တောင့်တင်းခိုင်မာစေရန်အတွက် ဘဏ္ဍာရေးမဟုတ်သော အထောက်အပံ့များကိုလည်း ပံ့ပိုးမည်ဖြစ်ရာလုပ်ငန်းပြုပြင်ပြောင်းလဲမှုဆိုင်ရာအထောက်အပံ့ပေးမည့် စင်တာ ၂၃ ခု၊ SME အထောက်အကူပြုရေးအစီအစဉ် ၂၇မျိုး ချမှတ်ခြင်းနှင့် ကူညီကယ်ဆယ်ရေးစင်တာများဖွင့်လှစ်ခြင်းတို့ဖြစ်သည်။ အစိုးရအနေဖြင့် SMEs လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာအရင်းအမြစ်များကို မွေးထုတ်ရန် နည်းပညာဆိုင်ရာသင်တန်းဆရာများကို ပံ့ပိုးပေးမည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်း အကြီးစားများ၏ SMEs များအတွက် လုပ်ငန်းလမ်းညွှန်ချက်များရရှိရေးကို အထောက်အကူပြုမည့် အစိုးရ၏အစီအစဉ်များသည် SMEs လုပ်ငန်းများကို များစွာအကျိုးပြုမည်ဖြစ်သည်။ ထိုင်းအစိုးရနှင့် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များအရ ပြည်တွင်းSMEs လုပ်ငန်းများသည် အင်ဒိုချိုင်းနားနိုင်ငံများအထိ ချိတ်ဆက်နိုင်မည့် ပြောင်းလဲတိုးတက်လာသည့်ဒစ်ဂျစ်တယ် ရေစီးကြောင်းတွင် ပါဝင်လာကြမည်ဖြစ်သည်။

ထိုင်းအစိုးရအနေဖြင့် ပြည်တွင်း SMEs လုပ်ငန်းများ၏ဝင်ငွေကို ၂၅ ရာခိုင်နှုန်းမြင့် တက်လာစေရန်ရည်ရွယ်၍ Creative Industry Village Initiative အစီအစဉ်ဖြင့် SMEs လုပ်ငန်းများကို အဆင့်မြှင့်တင်မည်ဖြစ်သည်။

၂၀၁၄ခုနှစ်တွင် SME ဘဏ်၏ကြွေးဆိုး(bad loans)ပမာဏသည်စုစုပေါင်းထုတ်ချေးငွေပမာဏတွင်ဘတ် ၃၂ ဘီလီယံသို့မဟုတ် ၄၀ရာခိုင်နှုန်းရှိရာ ၂၀၁၇ခုနှစ်တွင် ဘတ် ၁၆ ဘီလီယံ သို့မဟုတ် ၁၆ဒသမ၈ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း၊ ၂၀၁၈ခုနှစ်တွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းစုစုပေါင်း ၃၀၀,၀၀၀ အထိ ထုတ်ချေးပေးရန် မျှော်မှန်းထားကြောင်း၊ SMEs လုပ်ငန်းများသည် နိုင်ငံတကာ အဆင့်မီထုတ်ကုန်သစ်များထုတ်လုပ်နိုင်ရန်အတွက် SMEs လုပ်ငန်း ၅၅,၆၄၂ ခုကို အဆင့်မြှင့်တင်နိုင်ပါက ယခုနှစ်ပထမသုံးလပတ်အတွင်း ထုတ်လုပ်မှုတန်ဖိုးသည် စုစုပေါင်းဘတ် ၁ ဒသမ ၅ ဘီလီယံ ရရှိနိုင်ကြောင်း၊ အင်ဒိုချိုင်းနားဒေသတွင် ခိုင်မာသော SMEsလုပ်ငန်းများဖြစ်လာစေရန်အတွက် digital platforms နှင့် e-market places စသည့်နည်းပညာများဖြင့် ထိုးဖောက်နိုင်သည်အထိ အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း SMEs လုပ်ငန်းများဖွံ့ဖြိုးရေး ရုံး ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာ့သံရုံး၊ ဗန်ကောက်မြို့**

# ဟောင်ကောင်သို့ ခရီးသွားဧည့်သည်လာရောက်မှု ပြန်လည်မြင့်တက်

ယခုနှစ်အတွင်း ဟောင်ကောင်သို့ ခရီးသွားဧည့်သည်လာရောက်မှုမှာ ယမန်နှစ်ထက် သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းကြား မြင့်တက်၍ ၆၁ ဒသမ ၄သန်းထိရောက်ရှိမည်ဖြစ်ကြောင်း ဟောင်ကောင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ ခန့်မှန်းထားသည်။ နှစ်နှစ်ဆက်တိုက် ခရီးသွားဧည့်သည်လာရောက်မှုကျဆင်းပြီးနောက် ယမန်နှစ်တွင် ခရီးသွားဧည့်သည်ရောက်ရှိမှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်၍ ၅၈ ဒသမ ၅သန်းထိတိုးမြင့်ခဲ့သည်။

တရုတ်ပြည်မကြီးမှ ခရီးသွားဧည့်သည် ပေါင်း ၃ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်၍ ၄၄ ဒသမ ၄ သန်းထိရှိခဲ့ပြီး ခရီးတိုဈေးကွက်မှ ရောက်ရှိမှုမှာ၂ ဒသမ ၉ရာခိုင်နှုန်းနှင့် ၈ ဒသမ ၉သန်းထိ မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့်လအနည်းငယ်တွင် ခရီးသည်ရောက်ရှိမှုပြန်လည်မြင့်တက်ခဲ့ပြီး နောက်လများတွင်လည်း ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတားနှင့် ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်မီးရထားလမ်းများ ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ဆက်လက်မြင့်တက်မည်ဟုခန့်မှန်းကြောင်း၊ အထူးသဖြင့် ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင် မီးရထားလမ်းတစ်လျှောက်ရှိ ဝူဟန်း၊ ရှမန်နှင့်ကွမ်ကျိုးကဲ့သို့ မီးရထားဘူတာများမှ တရုတ်နိုင်ငံသားများ ပိုမိုလာရောက်မည်ဖြစ်ကြောင်း၊ ပုလဲမြစ်ဝှမ်းဒေသအပါအဝင် တရုတ်ပြည်မကြီးမှ မြို့များနှင့်ဟောင်ကောင်ကြား ခရီးသွားလုပ်ငန်းအစီအစဉ်များကြောင့် ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် Greater Bay Areaဒေသတွင် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံခြားခရီးသည်များဆွဲဆောင်နိုင်ရေးအတွက် ကျူးဟိုင်နှင့်မကာအိုအစိုးရတို့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားခရီးသွားလုပ်ငန်းမြှင့် တင်မည့် အစီအစဉ်များစွာလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ရှန်ဟိုင်းတွင် ငွေရေးကြေးရေးဆိုင်ရာ နယ်မြေသစ်တစ်ခု မကြာမီထွက်ပေါ်လာမည်ဖြစ်

နိုင်ငံတော်ပိုင်လုပ်ငန်းစုကြီးတစ်ခုမှ Pudongမြို့ရှိ ဟောင်ကောင်ဒေါ်လာ ၁၇ သန်းတန်ဖိုးရှိမြေကွက် ၁၉ ကွက်အား လေလံအနိုင်ရရှိပြီးနောက် ရှန်ဟိုင်းအတွင်း ငွေရေးကြေး ရေးဆိုင်ရာနယ်မြေသစ်တစ်ခု မကြာမီထွက်ပေါ်လာတော့မည်ဖြစ်သည်။ လုပ်ငန်းစုမှ တစ်စတုရန်းမီတာတွင်ယွမ် ၁၀,၀၀၀ နှုန်းဖြင့်ရရှိခဲ့ပြီး နောက်ငါးနှစ်ကျော်အတွင်း ယွမ် ၅၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ခြေကျင်သွား မြေအောက်ဥမင်လမ်းများ ဖောက်လုပ်သည့် Shanghai Shentong Metro နှင့် မီးရထားလမ်းများဖောက်လုပ်သည့် Pudong Railway တို့မှ အဆိုပါနယ်မြေအားရုံးခန်းများ၊ ဈေးဆိုင်များ၊ ယဉ်ကျေးမှုဆိုင်ရာ ရင်ပြင်များနှင့် စီးပွားရေးဇုန်တစ်ခုအဖြစ် အသွင်ပြောင်းရန် စီစဉ်လျက်ရှိသည်။ စုစုပေါင်း စတုရန်းမီတာ ၂၅၄,၃၀၀ ကျယ်ဝန်းသည့် စီမံကိန်းမှာ Pudong အတွင်းရှိ စီးပွားရေးနှင့် ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာနယ်မြေဖြစ်သည့် Lujiazui နယ်မြေနှင့် ပြိုင်ဖက်များဖြစ်လာနိုင်ဖွယ်ရှိသည်။

အကွက် ၁၉ ကွက်အနေဖြင့် စတုရန်းမီတာ ၁ ဒသမ ၃၇သန်းကျယ်ဝန်းပြီး ဟောင်ကောင်၏နိုင်ငံတကာငွေရေး ကြေးရေးစင်တာထက် သုံးဆခန့်ပိုကြီးမည်ဖြစ်သည်။ ပျမ်းမျှ တစ်လ ငှားရမ်းခနှုန်းမှာ တစ်စတုရန်းမီတာတွင် ယွမ် ၂၀၀မှ ၃၀၀ခန့် ရှိပြီး Lujiazui နယ်မြေပေါက်ဈေးဖြစ်သည့် တစ်စတုရန်း မီတာတွင်ယွမ် ၅၀၀မှ ၆၀၀ နှုန်းထက် ၆၀ရာခိုင်နှုန်းခန့် သက်သာလျော့နည်းမည်ဖြစ်သည်။

အဆိုပါနယ်မြေအတွင်း ကုမ္ပဏီများလာရောက်ဖွင့်လှစ်ရန် ဆွဲဆောင်နိုင်ရေး ဒေသအစိုးရထံမှ အခွန်ကင်းလွတ်သက်သာခွင့်အပါအဝင် အခြားထောက်ပံ့မှုများရရှိမည်ဟု ယုံကြည်ကြောင်း၊ အဆိုပါ စီမံကိန်းကြီးမှာ လူနေအိမ်ရာစီမံကိန်းထက် အရင်းအနှီးမြင့်မားသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများပါဝင်၍ အနိုင်ရသည့် developer များအနေဖြင့် ငါးနှစ်အတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ပြီး နှစ်ရှည်ငှားရမ်းရန်ဖြစ်ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ဒုတိယအကြိမ် ဒေသတွင်းလူမှုရင်းနှီးမြှုပ်နှံမှုဖိုရမ် ရန်ကုန်မြို့၌ ပြုလုပ်

အာရှစွန့်ဦး ပရဟိတကွန်ရက် (Asian Venture Philanthropy Network) က မြန်မာနိုင်ငံတွင်းအကျိုးပြုလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် ဒုတိယအကြိမ် ဒေသတွင်းလူမှုရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့၊ Pan Pacific ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ 'အရှိန်မြှင့် Social Impact' ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြ သည်။




"ကျွန်မတို့ အဖွဲ့အစည်းဟာ မြန်မာနိုင်ငံမှာ လူမှုရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းတွေကတော့ ပညာရေး၊ အသက်မွေးဝမ်းကျောင်းနဲ့ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ ကျန်းမာရေးကဏ္ဍတွေကို အထူးပြုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဓိ ကအားဖြင့် ဆင်းရဲနွမ်းပါးသူတွေ၊ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေကို ဂရုစိုက်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက လုပ်ငန်းခွင်ပေါင်းစုံမှာ လူမှုရင်းနှီးမြှုပ်နှံသူတွေများလာတဲ့ အလျောက် AVPN အနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ငန်းချဲ့ထွင်ဖို့ဆုံးဖြတ်ခဲ့ပါတယ်"ဟု AVPN၏ စီအီးအို Ms. Naina Subberwal Batra က ပြောသည်။

AVPN အနေဖြင့် အနာဂတ် အာရှဒေသတွင် ကြုံတွေ့ရနိုင်သည့် အဓိကလူမှုစိန်ခေါ်မှုများကို ဖော်ထုတ်ပြီး ပရဟိတနှင့် လူမှုရင်းနှီးမြှုပ်နှံမှုများအတွက် ဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲ အာရှနိုင်ငံတွေမှာ အကျိုးအမြတ်ကို မမျှော်ကိုးဘဲ လူမှုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ AVPN ကို ချီးကျူးလိုပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

AVPN သည် အာရှတစ်လွှား တိုးတက်အကျိုးပြုနိုင်သော ပရဟိတနှင့် လူမှုရင်းနှီးမြှုပ်နှံမှုအသိုက်အဝန်းများ တည်ဆောက်ရန် ရည်မှန်းချက်ထား ဆောင်ရွက်နေသည့် စင်ကာပူအခြေစိုက် ငွေကြေးထောက်ပံ့သူများ ကွန်ရက်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် နိုင်ငံပေါင်း ၂၄နိုင်ငံမှ အဖွဲ့ဝင်လေးရာကျော် ရှိလာပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ဟောင်ကောင် အသိအမှတ်ပြု RENE Mattias အမှတ်တံဆိပ် ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်

ဟောင်ကောင်အသိအမှတ်ပြု RENE Mattias အမှတ်တံဆိပ်အသစ်သည် ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်သည်။

အဆိုပါအမှတ်တံဆိပ်သည် အသက် ၁၈ နှစ်မှ ၄၀ နှစ်အရွယ် အမျိုးသမီးများအထိ ဖက်ရှင်ကျကျနှင့် ဝတ်ဆင်နိုင်သလို နေ့စဉ်သွားလာမှုနှင့် လုပ်ငန်းခွင်များတွင် ဝတ်ဆင်နိုင်သည့် ဝတ်စုံများအပြင် ပွဲတက်ဝတ်စုံများကိုပါ ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

RENE Mattias Fashion ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၃ ရက်အထိ ဝယ်ယူအားပေးသူများကို Like, Share, Check-in and get 5% Discount အစီအစဉ်ကိုလည်း ပြုလုပ်ပေးထားကြောင်း သိရသည်။

လက်ရှိတွင် RENE Mattias Fashion ဆိုင်များကိုဆိုင်ခွဲသုံးခု(Junction Square, စံရိပ်ငြိမ်ဂမုန်းပွင့်၊ မန္တလေးဆိုင်ခွဲ) ဖွင့်လှစ်ခဲ့ပြီး လာမည့် မတ်လထဲတွင်လည်း တောင်ကြီးမြို့ရှိ City Square Shopping Center တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# Yangon Water Bus တိုးချဲ့ ပြေးဆွဲနိုင်ရန်အတွက် ဆိပ်ကမ်းသစ်များ တည်ဆောက်နေ

Yangon Water Bus တိုးချဲ့ ခရီးစဉ်များ ပြေးဆွဲနိုင်ရန်အတွက် ဆိပ်ကမ်းသစ် ၁၂ ခုကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ ဖေဖော်ဝါရီ ၂၆ ရက်တွင် သိရသည်။

ထပ်မံတိုးချဲ့တည်ဆောက်နေသည့် ဆိပ်ကမ်းများမှာ မြောက်ဒဂုံဆိပ်ကမ်း (မြောက်ဒဂုံနာရေးကူညီမှုအသင်းအနီး)၊ တောင်ဥက္ကလာဆိပ်ကမ်း (တောင်ဥက္ကလာပဘုရားအနီး)၊ သာကေတ-၁ဆိပ်ကမ်း (မိချောင်းမွေးမြူရေးစခန်းအနီး)၊ ပုဇွန်တောင် ၂ ဆိပ်ကမ်း (ကြက်ဘဲဈေးအနီး)၊ သာကေတ ၂ ဆိပ်ကမ်း (ရွှေပုဇွန်မုန့်တိုက်အနီး)၊ ဒေါပုံဆိပ်ကမ်း (ဗိုလ်လရောင်လမ်းအနီး)၊ ညောင်တန်းဆိပ်ကမ်း (ပုဇွန်တောင်)၊ Star City အိမ်ရာအနီးတွင် ဆိပ်ကမ်းတစ်ခု၊ ရှုခင်းသာဟိုတယ်အနီး (ရှုခင်းသာမြို့ပတ်လမ်းဘေး)တွင် ဆိပ်ကမ်းတစ်ခု၊ ဗိုလ်ချုပ်လမ်းထိပ်အနီး (သန်လျင်တံတားအနီး)တွင် ဆိပ်ကမ်းတစ်ခုနှင့် သီလဝါအထူးစီးပွားရေးဇုန်အနီးတွင်ဆိပ်ကမ်းတစ်ခုတို့ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရကို တင်ပြပြီး Yangon Water Bus စီးနင်းသူတွေ YBS ဘတ်စ်ကားလမ်းစနစ်နဲ့ ချိတ်ဆက်မိအောင် ဆောင်ရွက်နေပါတယ်" ဟု တင့်တင့်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောသည်။




Yangon Water Bus ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် Tint Tint Myanmar ကုမ္ပဏီကတာဝန်ယူပြေးဆွဲပေးခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်မှစတင်ကာ ဗိုလ်တစ်ထောင်ဆိပ်ကမ်း၊ နန်းသီတာဆိပ်ကမ်း၊ လမ်းသစ်ဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဆိပ်ကမ်း၊ လှိုင်ဘူတာရုံ ဆိပ်ကမ်း၊ ပန်းလှိုင်ဆိပ်ကမ်းနှင့် အင်းစိန်ဆိပ်ကမ်းသို့ နေ့စဉ်ပြေးဆွဲပေးနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

# NESCAFE Urban Movement အမည်ရှိ စကိတ်နှင့် BMX ပြိုင်ပွဲကျင်းပမည်

NESCAFE Urban Movement အမည်ဖြင့် စကိတ်နှင့် BMX ပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံစကိတ်အသင်း၊ မြန်မာနိုင်ငံ BMX ဝါသနာရှင်များအသင်းတို့နှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဧပြီ ၁ ရက်တွင်ကျင်းပမည်ဖြစ်ကာ စကိတ်နှင့် BMX အားကစားအမျိုးအစားများပါဝင်ကြောင်း၊ နိုင်ငံတစ်ဝန်းမှ ပညာရှင်များနှင့် ဝါသနာရှင်များလည်း ပါဝင်နိုင်ကြောင်း သိရသည်။

"Nescafe အနေနဲ့ ဒီပွဲကိုကြီးမှူးကျင်းပခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့ရဲ့ ကော်ဖီအေးဘူးတွေက ပြိုင်ပွဲဝင်စကိတ်သမားတွေနဲ့BMXကစားသမားတွေကို စိတ်ဓာတ်တက်ကြွစေမှာပါ။ ပြိုင်ပွဲအပြင် တခြားပျော်စရာ အစီအစဉ်တွေလည်း ရှိတဲ့အတွက် အားလုံးကိုလာရောက်စေချင်ပါတယ်"ဟု Nescafe မှ Marketing Manager Mr.Grzegorz Florkow က ပြောသည်။ အဆိုပါပြိုင်ပွဲအတွက် မတ် ၄ ရက်တွင် BMX ကစားသမားလူရွေးပွဲနှင့် မတ် ၁၈ ရက်တွင် စကိတ်နှင့် BMX သရုပ်ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ အသေးစိတ် အချက်အလက်များကိုလည်း Nescafe Page နှင့် Nescafe Urban Movement enent page တို့တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ချောစု**

# တန်ဖိုးနည်းအိမ်ရာဝယ်ယူရန်သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများထောက်ခံပါက လွှတ်တော်ကိုယ်စားလှယ်များ ထပ်ဆင့်ထောက်ခံပေးမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ရောင်းချမည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများဝယ်ယူလိုလျှင် လက်ရှိနေထိုင်ရာ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ကို ရယူပြီးမှ သာသက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ထပ်ဆင့်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ သတင်းရရှိသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောက် လုပ်ထားသည့် မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည် သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များရှိ တန်ဖိုးနည်း/တန်ဖိုးသင့် တိုက်ခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအ ဖွဲ့အစီအစဉ်ဖြင့် ပြည်သူများကို အရစ်ကျ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ရာ အများပြည်သူစိတ်ဝင်စားခဲ့ပြီး အဆိုပါအိမ်ရာများကို ဝယ်ယူလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် အိမ်ရာ ဝယ်ယူခွင့်လျှောက်လွှာကိုတင်သွင်းနိုင်ကြောင်း သိရသည်။

"ကောင်းတဲ့အလုပ်ဖြစ်ပါတယ်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေအနေနဲ့ ရပ်ကွက်မှာနေထိုင်တဲ့ ဝင်ငွေနည်းပြည်သူတွေ၊ အိမ်မပိုင်သေးဘဲ အိမ်ငှား နေထိုင်နေရတဲ့ဝန်ထမ်းတွေ ဘယ်လောက်ရှိသလဲဆိုတာ အသေးစိတ်သိနိုင်တယ်။ ဒီကမှ တစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ခံပေးမယ်ဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက ထပ်ဆင့်ထောက်ခံပေးသွားမှာဖြစ်လို့ တကယ်အိမ်မပိုင်သေးတဲ့ ပြည်သူတွေအတွက် အိမ်ပိုင်ဆိုင်ခွင့် အိပ်မက်အကောင်အထည်ဖော်လာနိုင်မှာပါ"ဟု ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ပြောသည်။

တန်ဖိုးနည်းတိုက်ခန်းဝယ်ယူလိုသော မိသားစု၏ ဝင်ငွေသည် တစ်လလျှင် ကျပ် သုံးသိန်းမှ ကျပ်ငါးသိန်းကြား ရှိရမည်ဖြစ်ပြီး တန်ဖိုးသင့်တိုက်ခန်းဝယ်ယူလိုသောမိသားစု၏ ဝင်ငွေသည် တစ်လလျှင် ကျပ်ငါးသိန်းမှ ကျပ် ၁၂ သိန်းကြား ဝင်ငွေရှိရမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့က ကြေညာထားသည်။

**သန်းထိုက်အောင်**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပခုက္ကူခရိုင်နှင့် မကွေးခရိုင်အတွင်းရှိ သီး၊ ဆီတ်မွေးမြူသူများနှင့်တွေ့ဆုံ၍ မကွေးမြို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနအား ကြည့်ရှုစစ်ဆေး

တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် မွေးမြူရေးတောင်သူများ၊ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ဆိတ်အစုအဖွဲ့များ ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်ရန်၊ ပို့ကုန်မြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်၊ ဆိတ်၊ သိုး၊ ကျွဲ၊ နွား မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ၁၄း၀၀ နာရီတွင် ရေစကြိုမြို့နယ် တောင်စင်ကျေးရွာရှိ ဆိတ်၊ သိုးမွေးမြူသူများနှင့်တွေ့ဆုံကာ စီးပွားဖြစ် မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း၊ ရေစကြိုမြို့နယ် အောင်နန်းကျေးရွာ လျှော်ဖြူစိုက်ပျိုးရေးခြံတွင် လျှော်ဖြူပင်များ စိုက်ပျိုးထားရှိမှုနှင့် ဈေးကွက် အခြေအနေများကိုလည်းကောင်း၊ ပခုက္ကူမြို့နယ် ကိုင်းကျေးရွာရှိ ဆိတ်၊ သိုး မွေးမြူသူများနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ပြည်သာယာခန်းမတွင် ကျင်းပပြုလုပ်သည့် သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ကုန်စည်ဒိုင်သို့ သွားရောက်ခဲ့ပြီး ကုန်စည်ဒိုင်အတွင်း ပဲမျိုးစုံရောင်းဝယ်နေမှု အခြေအနေများအားလည်းကောင်း၊ ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ တောင်သူများ ထုတ်လုပ်သည့် ပဲမျိုးစုံအရည်အသွေး တိုးတက်စေရန်နှင့် ပြည်ပတင်ပို့နိုင်သည့်အဆင့်ထိ ကုန်စည်ဒိုင်မှ ဆောင်ရွက်နိုင်ရေးနှင့် ထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရန် ကုန်စည်ဒိုင်မှ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆင်ဖြူကျွန်းမြို့၊ အောင်ခေတ်စံကုမ္ပဏီလီမိတက်၏ မွေးမြူရေးခြံနှင့် ကြက်ဟင်းခါးကျွန်းဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံတွင် တောင်သူများနှင့် တွေ့ဆုံ၍ ကျွဲ၊ နွား မွေးမြူတင်ပို့မှုမြှင့်တင်ရေး ကိစ္စရပ်များ ကျွဲ၊ နွား အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၈ ရက်တွင် မကွေးမြို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖန်ခါးမြေ ကုန်သွယ်မှုဗဟိုဌာနအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မကွေးမြို့ ကုန်စည်ဒိုင်သို့ သွားရောက်၍ ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ တောင်သူများ ထုတ်လုပ်သည့် ပဲမျိုးစုံ အရည်အသွေး တိုးတက်စေရန်နှင့် ပြည်ပတင်ပို့နိုင်သည့်အဆင့်ထိ ကုန်စည်ဒိုင်မှဆောင်ရွက်နိုင်ရေးနှင့် ထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရန် ကုန်စည်ဒိုင်မှ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးမြို့နယ် ရှားပင်လှကျေးရွာအုပ်စု တပို့ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကြက်သွန်နီစိုက်ပျိုးသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ တောင်တွင်းကြီးမြို့နယ်၊ ကြက်ဆူတောကျေးရွာသို့ ရောက်ရှိခဲ့ပြီး ဒေသခံစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီး မထိစံပြကျေးရွာသို့ ရောက်ရှိခဲ့၍ သိုး၊ ဆိတ် မွေးမြူသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ တက်ရောက်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## အိန္ဒိယအရှေ့မြောက်ဒေသ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများပြပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ အိန္ဒိယအရှေ့မြောက်ဒေသ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ချည်ထည်များပြပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်၁၀နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းတို့ တက်ရောက်အမှာစကားများပြောကြားကြပြီး အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အိန္ဒိယအရှေ့မြောက်ဒေသ မဏိပူပြည်နယ်၊ မီဇိုရန်ပြည်နယ်များမှ လုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးပြီး စီးပွားရေးပူးပေါင်းဆောင် ရွက်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်များနှင့် စက်မှုလက်မှုလုပ် ငန်းရှင်များအသင်းတို့ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ မဏိပူပြည်နယ်၊ မီဇိုရန်ပြည်နယ်များမှ လယ်ယာထွက်ကုန်များ ပြသထားမှုများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်များက ကြည့်ရှုကြသည်။ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် အိန္ဒိယအရှေ့မြောက်ဒေသမဏိပူ၊ မီဇိုရန်ပြည်နယ်လုပ်ငန်းရှင်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီ (စစ်ကိုင်းတိုင်းဒေသကြီး) တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေနှုန်းထားကို ၂၀၁၅ ခုနှစ်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျပ် ၃၆၀၀ ကို ထုတ်ပြန်ကြေညာခဲ့ရာ နှစ်နှစ် ကြာမြင့်ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ သဘောထားများ၊ အကြံပြုချက်များကို တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ညှိနှိုင်း သုံးသပ်ခဲ့ကြပါသည်။ အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားတစ်ရပ်ဖြစ်သော ကျပ် ၄၈၀၀ အပေါ် ထောက်ခံချက်များရှိသလို ကန့်ကွက်ချက်များလည်းရှိသဖြင့် အဆိုပြုနှုန်းထား ပြန်လည်ညှိနှိုင်းရမည်ဖြစ်ကြောင်း သိရပါသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီ (စစ်ကိုင်းတိုင်းဒေသကြီး) တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ကျင်းပပြုလုပ်ရာ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကား ပြောကြားဆွေးနွေးခဲ့ပါသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဌေးဌေးမြင့်က အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ ကော်မတီဝင်ဌာန ဆိုင်ရာများ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူအကြံပေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်ရာတွင် အခြေခံရမည့် အချက်များမှာ-

- အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုလိုအပ်ချက်များ
- လက်ရှိလုပ်ခများ
- လူမှုဖူလုံရေး အကျိုးခံစားခွင့်များ
- စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ
- လိုက်လျောညီထွေမှုရှိမည့် လူနေမှုဘဝအဆင့်အတန်း
- နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး လိုအပ်ချက်များနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ
- နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေ
- ကျန်းမာရေးကို ထိခိုက်စေနိုင်သော၊ အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ လုပ်ငန်းခွင်၏ သဘောသဘာဝတို့ဖြစ်ပါသည်။

အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုလိုအပ်ချက်များအတွက် မိသားစုဦးရေ(၅)ဦးစာ စားစရိတ်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားအထွေထွေကုန်ကျစရိတ်များကို တွက်ချက်ရပါသည်။ လက်ရှိ လုပ်ခနှုန်းထားများအတွက် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ လက်သမား၊ ပန်းရန်၊ အထွေထွေလုပ်သား စသည့် ကဏ္ဍအမျိုးမျိုး၏ လုပ်ခလစာကို နှိုင်းယှဉ်တွက်ချက်ရပါသည်။ စားသောက်ကုန်ပစ္စည်း၊ အဝတ်အထည်၊ နေထိုင်ရေးအတွက် အသုံးပြုသည့် ပစ္စည်းများမှာ တက်ဈေးသာရှိပြီး ကျဈေးဖြစ်ပေါ်မှု နည်းပါးပါသည်။ ယင်းပစ္စည်းများ၏ ဈေးနှုန်းပြောင်းလဲမှုမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်ပေါ် အခြေခံ ပြောင်းလဲနေခြင်းဖြစ်တဲ့အတွက် အသားတင် ထုတ်လုပ်မှုတန်ဖိုးများနဲ့ တွက်ချက်ခြင်းများ ဆောင်ရွက်ရပါသည်။ ဒေသတစ်ခုနှင့် တစ်ခုအနေအထား၊ လုပ်ငန်းအခြေအနေ၊ ကျွမ်းကျင်လုပ်သားအရည်အချင်း၊ ငွေကြေးဖောင်းပွမှုနှုန်းထား၊ အလုပ်ရှင်က အလုပ်သမားအပေါ် မှာ ပေးနိုင်တဲ့စွမ်းအားနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ထည့်သွင်းစဉ်းစားတွက်ဆရပါသည်။

ပြည်တွင်းတွင် အလုပ်အကိုင်များရှိသော်လည်း လုပ်သားများသည် အလုပ်နှင့်လုပ်အားခကိုရွေးချယ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍများတွင် လုပ်သားရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး လုပ်ခလစာမြင့်သည့် ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်နေသည့်အလုပ်သမားငှားရမ်းရာတွင် ခက်ခဲမှုများရှိကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များအား ဖိတ်ခေါ် လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ လိုအပ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်မှုနှင့် လူတစ်ဦးချင်း၏ အနိမ့်ဆုံးလုပ်ခလစာများ ရရှိရန်လိုအပ်ပါကြောင်း သိရှိရပါသည်။

**ရီလင်းထွန်း (မုံရွာ)**

## မူဆယ်မှ သကြား လျော့နည်းတင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၃ သန်းတန်ဖိုးရှိ Re-export သကြား ၄၄၃၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၅၈၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၂၁၅၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်မှ ယခုတစ်ပတ်လည်း သကြားတင်ပို့မှု မရှိတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ်ရော ယခင်တစ်ပတ်မှာပါ သကြားတစ်တန်ကို မိမိဘက်ပေါက်ဈေးကျပ် ၇၅၄၄၀၀ နဲ့ တစ်ဖက်နိုင်ငံဈေး ယွမ် ၃၆၈၀ ရှိနေပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ သကြားတစ်ပိဿာကို ကျပ် ၁၅၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

---

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ၁၇ ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၈၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၆၅၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၉၂၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇၃၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းသုံးခုလုံးမှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးအသားလွှာ၊ ပုစွန်၊ ကဏန်းတို့ကို ၁၇၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅၅ သန်းတန်ဖိုး ရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ အခြားရေထွက်၊ ကဏန်း၊ ပင်လယ်ငါးရှဉ့် တို့ကို ၁၀၄၈၈ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်လိပ်တို့ကို ၂၉၉၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

---

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ပိုမို

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၂၅၄ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၂၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၃၂ တန် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းရော တမူးကုန်သွယ်ရေးစခန်းပါ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်း ဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၆၈၁ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၇၃ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၅ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ ငရုတ်ကောင်း၊ စီးကရက်၊ မျောက်ငိုသီး၊ ဘိလပ်မြေ၊ ကြက်သွန်ဖြူ တို့ကို တန် ၃၃၀ နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၄ သန်း တန်ဖိုးရှိစီးကရက် ၂၅ တန်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

---

## တရုတ်နိုင်ငံသို့ ပြောင်းကြိတ်ဖတ်မှုန့် ပုံမှန်တင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၀၀ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် လေးတန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ငါးတန်တင်ပို့ခဲ့တာကြောင့် တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုရတာဖြစ်လို့ ယခုလို ပုံမှန်တင်ပို့နေခြင်းဖြစ်တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

---

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုး၊ တန်ချိန်အားဖြင့် ၃၉၈ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၀၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၉၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ ဝဥခြောက်၊ ဖန်ခါးသီးခြောက်၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ) တို့ဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

---

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန်တင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ် အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀၈၈၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၄ တန် တင်ပို့ခဲ့ပါ တယ်။ ယခင်တစ်ပတ်က ၄၁ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၇ တန် လျော့နည်းတင်ပို့ခဲ့ပေမယ့် တရုတ်နိုင်ငံသို့ လက်ဖက် ခြောက် ပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

လက်ဖက်ခြောက်များ ဝယ်ယူနိုင်ရန်အတွက် ဂျာမနီနိုင်ငံမှ အရည်အသွေးစစ်ဆေးရေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်ပြီး နိုင်ငံအတွင်းမှ ထွက်ရှိတဲ့ လက်ဖက်ခြောက်များကို အရည်အသွေး စမ်းသပ်စစ်ဆေးခဲ့ကာ ရှမ်းပြည်နယ်စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံထွက်ရှိလာတဲ့ လက်ဖက်ခြောက်များကို စံချိန်စံညွှန်းပြည့်မီသည်ဟုဆိုကာ ဝယ်ယူရန် သဘောတူညီခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

---

## တရုတ်နဲ့ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်များမှ ဆိုင်ကယ်တင်သွင်းမှု ကျဆင်း

တရုတ်နဲ့ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်များမှ ဖေဖော် ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၃၀၀၅ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၂၉၆ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၂၉၁ စီး တင်သွင်းမှုကျဆင်းခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်ရော မြဝတီကုန်သွယ်ရေးဇုန်ကပါ ဆိုင်ကယ်တင်သွင်းမှုကျဆင်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၈၉၂ စီးနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၁၁၃ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**


---

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၃ သန်း တန်ဖိုးရှိရေထွက်ကုန် ၁၁၅၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၉၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၆၁ တန်ပိုမိုခဲ့ပြီးတန်ဖိုးအားဖြင့် သုည ဒသမ ၁၈၅ သန်း လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်မှုန့်နဲ့ ငါးမျိုးစုံတင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ပိုမိုသော်လည်း တန်ဖိုး လျော့နည်းရခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**



# မွန်ပြည်နယ်တွင် ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍စားသုံးသူတိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်နေသည့်ဝန်ထမ်းများအနေဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအား ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် The United State Agency for International Development (USAID)၏ အထောက်အပံ့ဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပပြီး ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စားသုံးသူတိုင်တန်းမှုများကိုကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တွင် မော်လမြိုင်မြို့ Strand Hotel ၌ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူ၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်/မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူ၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးနှင့် USAID မှ Consumer Protection Expert, Mrs. Rebecca Bowman တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး USAID မှ Consumer Protection Expert, Mrs. Rebecca Bowman က စားသုံးသူဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများအကြောင်း၊ စားသုံးသူတိုင်တန်းမှုပုံစံများအကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စဉ်းစားဆုံးဖြတ်ဆောင်ရွက်သင့်သည့်အချက်များ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာဆီယံတွင် လိုအပ်သည့်အချက်များအားလည်းကောင်း၊ ဝန်ဆောင်မှုဆိုင်ရာတိုင်တန်းမှုများအား စေ့စပ်ဖျန်ဖြေသည့်နည်းလမ်းဖြင့် ဖြေရှင်းခြင်းကို ဥပမာများဖြင့် ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆွေတင့်ကြူက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့်စားသုံးသူတိုင်တန်းမှုလက်ခံဆောင်ရွက်ရေးနှင့်သတင်းအချက်အလက်ပြန်ကြားရေးစင်တာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ MON CCI ဥက္ကဋ္ဌ ဦးဝင်းထိန်က စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားမှုပြုလုပ်ရာတွင် ရှောင်ရှားရမည့် နည်းလမ်းများအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ဆွေးနွေး မေးမြန်းချက်များအပေါ် တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း၊အလုပ်ရုံဆွေးနွေးပွဲအား နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**




# ဟောင်ကောင် ကုန်သွယ်မှု ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးရေးကောင်စီ (HKTDC) မှ Deputy Executive Director ဖြစ်သူ Mr. Benjamin Chau နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်ရှိAsia World Expo, Pearl Island Hall- 1 ၌ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာသည် ၂၀၁၅ ခုနှစ်တွင် ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MOU) အား သက်တမ်း တိုးမြှင့် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဟောင်ကောင်တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်ရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ တည်ထောင်မှုကို အားကောင်းလာစေရန်ရည်ရွယ်၍ နားလည်မှုစာချွန်လွှာ (MOU) အား သက်တမ်းတိုးလက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

နားလည်မှုစာချွန်လွှာအရ အထည်ချုပ်လုပ်ငန်း၊ ဖက်ရှင် အသုံးအဆောင်လုပ်ငန်းများ၊ ICT၊ လက်ဝတ်ရတနာ၊ အစားအသောက်နှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ လက်မှုအနုပညာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ကလေးကစားစရာများ၊ ဂိမ်းများနှင့် ပရိဘောဂများစသည့်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်စည်ပြပွဲများ၊ ပုံနှိပ်ထုတ်ဝေခြင်းများ၊ မိုဘိုင်းလ်အသုံးအဆောင်ပစ္စည်းများ၊ Mobile Platforms စသည့်ကဏ္ဍများတွင် အားပေးမြှင့်တင်ရန်အဓိကထား ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

MOU သက်တမ်းကာလအတွင်း မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၁၀၀ ဦးအား ၁၂ လကြာ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရန် HKTDC မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**လင်းလင်းထွန်း (TD)**

# ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲနှင့် ဥရောပသမဂ္ဂ (EU) ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Program-TDP) တို့ ပူးပေါင်း၍ "ယှဉ်ပြိုင်မှုဥပဒေ၏ အကျိုးကျေးဇူးများနှင့်စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ Royal Taunggyi Hotel တွင် ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းရှဲန်တစ်လုံ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားခဲ့ကာ ရှမ်းပြည်နယ်တောင်ပိုင်း ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အင်းသားများ ဌာနဆိုင်ရာမှ တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ဟောပြောပွဲတာဝန်ခံ TDP မှ ဒေါ်အေးအေးဝင်းက ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နေသည့် အစီအစဉ်များအားလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှုမူဝါဒ ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစပယ်ကြည်မောင်က မြန်မာနိုင်ငံယှဉ်ပြိုင်မှု ဥပဒေ၊ ယှဉ်ပြိုင်မှုနည်းဥပဒေများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်စိုးက မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်မှု အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးခဲ့မှုများကို ဒေါက်တာစပယ်ကြည်မောင်မှ ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ထက်ဖြိုး (တောင်ကြီး)**

# မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကျင်းပ

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိသော အစားအစာနှင့် ကုန်ပစ္စည်းများ ရွေးချယ်စားသုံးတတ်စေရန်နှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း စံချိန်စံညွှန်း အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၇ ရက်က (၂/၂၀၁၈) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင် စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ယခုအစည်းအဝေးသည် လစဉ်ပြုလုပ်နေကျဖြစ်ပြီး စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးတဲ့ပစ္စည်းသာမက သုံးစွဲသောပစ္စည်းများတွင်ပါ အကာအကွယ်ပေးနေသောကြောင့် အဖွဲ့၏လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်လာပြီး ပြည်သူများမှလည်း သိရှိနေပြီဖြစ်ကြောင်း၊ ထုတ်လုပ်မှုများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိလာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုအဖွဲ့အတွင်းရေးမှူးကိုယ်စား ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက ဖေဖော်ဝါရီလအတွင်း အသိပညာပေးမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ (၂/၂၀၁၈)ကြိမ်မြောက်တွင် ဆုံးဖြတ်ရမည့်အချက်များအား ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး (CICC) ရုံးသို့ မြို့သစ်မြို့နယ်မှ စပါးရိတ်သိမ်းစက် လိမ်လည်ရောင်းချခဲ့မှုအပေါ် တိုင်ကြားလာမှုနှင့် Super Wide Digital မီးဖိုတိုင်ကြားလာမှုအပေါ် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း အိမ်သုံးရေသန့်စက်များမှ ထုတ်လုပ်သည့်ရေများကို စီးပွားဖြစ်ဖြန့်ဖြူးရောင်းချနေမှုနှင့် စပ်လျဉ်း၍ FDA ဌာန၏ ဆွေးနွေး တင်ပြမှုအပေါ် တက်ရောက်လာသည့် အဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးကြပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ရှေ့ဆက်အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့်အစီအမံများကို ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ဖေဖော်ဝါရီလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ဖေဖော်ဝါရီလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၄၃ ဦး တက်ရောက်ခဲ့သည်။




အဆိုပါ အစည်းအဝေးတွင် ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ကုန်သွယ်မှု အခြေအနေများနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၆ ရက်ထိ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၄၃၉ ဒသမ ၃၂၉ သန်း၊ နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၁၇၃ ဒသမ ၉၁၂ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၆၁၃ ဒသမ ၂၄၁ သန်း ဖြစ်ကြောင်း၊ ကာလတူ နှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၀၄၆ ဒသမ ၅၇၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံး ကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန်ဒေါ်လာသန်း ၅၅၇၀ ဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်ထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၀၅၄ ဒသမ ၈၉၈ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏလျာထားချက်အပေါ် ၉၀ ဒသမ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကာလတူ အများဆုံး ပို့ကုန်သွင်းကုန် ၁၀ မျိုးအား ထုတ်နုတ်၍ သုံးသပ်ဆွေးနွေးခဲ့ပြီး တရားမဝင် မှောင်ခို လမ်းကြောင်း အခြေအနေများ၊ ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိမှု အခြေအနေများနှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်ခဲ့သော ဝန်ကြီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအား ရှင်းလင်းခဲ့ပါသည်။


ဆက်လက်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေးအတွက် ရည်ရွယ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝမ်တိန်မြို့ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြားဝန်ဆောင်မှု လုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်မားတိုးတက်ရေးအတွက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာဖြင့် ဆွေးနွေးပြောကြားခဲ့မှု အခြေအနေများအား အသိပေးရှင်းလင်းခဲ့ပြီး မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ဧရိယာအတွင်း သစ်သီးဝလံကွင်း ဖွင့်လှစ်ရောင်းချမှု အနေနှင့်ပတ်သက်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်(၄) ရပ်ဖြစ်သည့် မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်ရေး၊ မိမိနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျ ကူးပြောင်းနိုင်ရေးနှင့် မိမိနိုင်ငံထွက် ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် (Value Added) ပြုပြင်၍ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိစေရေး စသည့် အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသား လုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းစေခြင်း အလို့ငှာ ကုန်စည်ဒိုင်များ ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍအား မြှင့်တင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက် လွယ်ကူလျင်မြန်ချောမွေ့စေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

သစ်သီးဝလံရောင်းချမှုအား မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊ လွတ်လပ်စွာ ရောင်းချစေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ပြောင်းလဲလာသော အခြေအနေများအရ သစ်သီးဝလံရောင်းချသည့် အရောင်းကွင်း(၂)ကွင်း ဖြစ်ပေါ်လာမှု အခြေအနေများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှု မရှိစေရေး၊ ရေရှည်ဈေးကွက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရောင်းသူ၊ဝယ်သူ နှစ်ဖက်သဘောတူ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးစီးပွား ဆုံးရှုံးနစ်နာမှု မရှိစေရေး နှစ်ဖက်သဘောတူညီ ချက်များနှင့်အညီ လွတ်လပ်မျှတစွာဖြင့် သစ်သီးဝလံကုန်စည်ဒိုင်မှလည်း စနစ်တကျ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းခဲ့သည်။

ထို့နောက် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးနှင့် ကုန်သွယ်ရေးဇုန် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ ကုမ္ပဏီလုပ်ငန်းရှင်များမှ ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုသည့် အချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး အစည်းအဝေး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**နေသူအောင်(မူဆယ်)**



"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"

IKBZ Insurance



- မီးနှင့်သဘာဝဘေးအန္တရာယ်အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- ကုန်စည်ပို့ဆောင်ရေးအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့ငွေသယ်အာမခံ
- သမာဓိအာမခံ
- ရေယာဉ်ကိုယ်ထည်အာမခံ
- ပြည်သူ့ပြည်သားအသက်အာမခံ
- စုပေါင်းအသက်အာမခံ
- ကျန်းမာရေးအာမခံ
- မြွေအန္တရာယ်အာမခံ
- အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- တောင်သူလယ်သမားအသက်အာမခံ
- ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- ခရီးသွားအာမခံ (ပြည်တွင်း၊ပြည်ပ)

သင်၏ဘေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်မည့်အခွင့်အရေး

သင်၏ အသက်၊ အိုးအိမ်၊ စည်းစိမ် အားလုံးနှင့်
ယှဉ်တွဲတည်ရှိနေသော ဆုံးရှုံးမှု အန္တရာယ်များအတွက်
စိုးရိမ်ကြောင့်ကြရန်မလို IKBZ မှ တာဝန်ယူပါရစေ။

အမှတ်-၅၃၊ Strand Square၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

www.i-kbz.com www.facebook.com/ikbzinc

HOT LINE 01 - 2307000, 09 - 792307000

WCL

# WIN CONSULTING LIMITED

***We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness:***

## BUSINESS ADVISORY

- Risk Management
- Finance Management

## BUSINESS CONSULTING

- New Investors Advisory
- Business Planning and Review
- Project Preparation and Packaging

## ECONOMIC AND FINANCIAL CONSULTING

- Share and Asset Valuation
- Corporate Finance

## TAX , LEGAL AND OTHER SERVICES

- Tax Advisory
- Corporate Tax Services
- Tax Reporting Services
- Tax Compliance Review
- Legal Advisory
- Company Formation Services
- Secretarial Services
- Payroll Tax Services
- Compilation of Financial Information Services
- Representation before Tax and other Government Authorities
- Reviewing Agreements and Contracts
- Liquidation and Closing Down Services
- Investment/SEZ Permit Application Services
- Trade Mark Registration Services

***Contact us: U Win Thin (Chairman), U Win Aung (Vice Chairman), U Myo Min Htwe (Managing Director)***

Office Address : # Room 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta Street & Mahabandoola Street Pazundaung Township, Yangon Region , Myanmar.
Tel :(951) 245671, 9010343, 9010549, 9010057
Fax : (951) 371607
E-mail : winconsult@myanmar.com.mm, winthin9@myanmar.com.mm
Website : www.winthinassociates.com

Vol: 18, No.10 Monday March 5 2018

# Ease of Doing Business Ranking မြင့်မားစေရေးအတွက် Trading Across Border Indicator အထောက်အကူပြု အဖွဲ့ဝင်ဌာနများ၏ လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြာမြင့်ချိန် ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ်အဆင့်များ (စိုက်ပျိုးရေးဦးစီးဌာန)

ယခင်တစ်ပတ်မှအဆက်

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ

ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်နှင့်လုပ်ငန်းစဉ်များ

| No. | Description | Agency reponsible | Time | Cost | Justification(of Procedure, time taken and cost) |
|---|---|---|---|---|---|
| | ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်လျှောက်ထားခြင်း | သီးနှံကာကွယ်ရေးဌာနခွဲ | စစ်ဆေးချိန် လျှောက်လွှာတစ်စုံလျှင် (၁၅) မိနစ်မှ (၁) နာရီ<br><br>နာမူနာလက်ခံရရှိချိန်မှစ၍ ဆေးအမျိုးစားအလိုက်ဓါတ်ခွဲစစ်ဆေးချိန် (၃) ရက်ထိကြာပါမည် | ဓါတ်ခွဲစမ်းသပ်ခမှာ ၂၀မက်ထရစ်တန်လျှင်- ၃၀၀၀၀၀ကျပ် ဓါတ်ခွဲစစ်ဆေးခပေးသွင်းရမည်။ | ၁။ ပိုးသတ်ဆေးများတင်သွင်းရာ၌ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင် ထားသော ယာယီသုံးစွဲခွင့်(သို့) အပြည့်အဝ သုံးစွဲခွင့်ရထားသော ပိုးသတ်ဆေးဖြစ်ရပါမည်။ ထုတ်လုပ်သူမှလွှဲအပ် ထားသော ဖြန့်ဖြူးသူအတွက် တင်သွင်းခြင်းဖြစ်ရမည်။<br><br>၂။ မှတ်ပုံတင်ရရှိထားသော ပိုးသတ်ဆေးများ ပြည်တွင်းသို့တင်သွင်းရာတွင် ကုန်သွယ်ရေးဦးစီး ဌာနသို့ သွင်းကုန်လိုင်စင်လျှောက်ထားရန် မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ တင်သွင်း ခွင့် ထောက်ခံချက်လျှောက် ထားရယူရန် လိုအပ်ပါသည်။<br><br>၃။ ပိုးသတ်ဆေးကုမ္ပဏီ (Letter Head) ဖြင့် တင်သွင်းလိုသည့် ပိုးသတ်ဆေး အမည်၊ အဆိပ်ရှိ ပစ္စည်းအမည်၊ ပိုးသတ်ဆေးမှတ်ပုံတင် အမှတ်၊တင်သွင်းလိုသည့် ပမာဏအားထည့်သွင်းဖော်ပြ၍ ပိုးသတ် ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေး ဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်မြို့သို့ လိပ်မူ၍လျှောက်ထားရမည်။<br><br>၄။ အောက်ပါအချက်အလက်များပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။<br>(က) တင်သွင်းမည့်ပိုးသတ်ဆေးကုန်သွယ်မှုအမည်။<br>(ခ) တင်သွင်းမည့် ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်းအမည်။<br>(ဂ) တင်သွင်းမည့်ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်းပါဝင်မှုရာခိုင်နှုန်းနှင့် ဖော်စပ်ထုတ်လုပ်မှုပုံစံ။<br>(ဃ) ပိုးသတ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီ/ နိုင်ငံ။<br>(င) ပိုးသတ်ဆေးမှတ်ပုံတင်အမှတ်။<br>(စ) တင်သွင်းမည့်ပမာဏ။<br>(ဆ) တင်ပို့မည့် ကုမ္ပဏီ။<br>(ဇ) ထုတ်ပိုးမှုအရွယ်အစား။<br>(ပြန်လည်ထုတ်ပိုးခွင့်လိုင်စင်ရရှိသော ကုမ္ပဏီများမှလွဲ၍ တင်သွင်းရန် ခွင့်ပြုသော ထုတ်ပိုးမှု ပမာဏအကြီးဆုံးမှာ (၁)ကီလိုဂရမ်/(၁)လီတာ ဖြစ်ပါသည်။<br>(ဈ)တင်ပို့မည့်နိုင်ငံ။<br>(ည)ပိုးသတ်ဆေး(သို့မဟုတ်) အဆိပ်ရှိပစ္စည်းသိုလှောင်/ ဖြန့်ဖြူးမည့် နေရာဒေသ၏ လိပ်စာ။<br>(ဋ)အဆောက်အအုံအမျိုးအစား။ (အမိုး/ အကာ/ အခင်း / အကျယ် အဝန်း)<br>(ဌ)လက်ကားရောင်းချမည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏အမည်နှင့် နေရပ် လိပ်စာ။<br>(ဖော်ပြရမည့်အချက်များမပြည့်စုံပါက ဆက်လက်ဆောင်ရွက်၍ ရမည် မဟုတ်ပါ။)<br>၅။ လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါပူးတွဲတင်ပြရသည့် စာရွက်/ စာတမ်းများအားစိစစ် ခြင်းပြုလုပ်ရပါသည်။<br>(က)ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှခွင့်ပြုထားသောပိုးသတ်ဆေးမှတ်ပုံတင်လက်မှတ် မိတ္တူ။<br>(ခ)လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူအသိအမှတ်ပြုလက်မှတ်မိတ္တူ။<br>(ဂ) မြန်မာအညွှန်းစာ။<br>(ဃ)တင်သွင်းသည့်ကုမ္ပဏီမှ ကုန်ပို့လွှာ ပို့ကုန်စာရင်း။ (Proforma Invoice)<br>(င)ပိုးသတ်ဆေးမှတ်ပုံတင်ရရှိထားသည့်ပိုးသတ် ဆေးထုတ်လုပ်သူ ထံမှ သက်ဆိုင်ရာတင်ပို့ခွင့်၊ တင်သွင်းခွင့်၊ ဖြန့်ဖြူးရောင်းချခွင့် သဘောတူ ညီချက်။<br>(စ) သတ်မှတ်ထုတ်ပိုးမှုအရွယ်အစားထက်ကြီးသော ထုတ်ပိုးမှုဖြင့် တင်သွင်းလိုပါကပြန်လည် ထုတ်ပိုး ရောင်းချခွင့်လိုင်စင်တင်ပြရမည်။<br>(ဆ) Technical Grade(TG)တင်သွင်း လိုပါကပိုးသတ် ဆေးများ ထုတ်လုပ်ခွင့်/ ဖော်စပ်ရောင်းချခွင့် လိုင်စင်တင်ပြရမည်။<br>(ဇ)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံ တင်လက်မှတ်နှင့်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ထုတ်ကုန်/ သွင်းကုန်လုပ်ငန်းရှင်လက်မှတ်မိတ္တူတင်ပြရမည်။<br>(ဈ) ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်မိတ္တူ။<br>(ပူးတွဲတင်ပြရမည့် အထောက်အထားများမပြည့် စုံလျှင်ဆက်လက် ဆောင်ရွက်၍ရမည်မဟုတ်ပါ။)<br><br>၆။ ပိုးသတ်ဆေးတင်သွင်းသူသည်ပေးဆောင်ရမည့်ဓါတ်ခွဲစမ်းသပ်ခကို မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)မှတဆင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိစာရင်းအမှတ် - MD012058 (စိုက်ပျိုးရေး)တွင် ပေ သွင်းရမည်။<br><br>၇။ ဓါတ်ခွဲစစ်ဆေးခပေးသွင်းပြီးကြောင်းပြေစာမူရင်း အားစိုက်ပျိုးရေး ဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲသို့ တင်ပြရမည်။<br><br>၈။ အထက်ပါအချက်အလက်များစစ်ဆေးပြီး ပြည့်စုံပါ က တွဲဖက် အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့မှ ကုန်သွယ်ရေးဦးစီး ဌာနသို့သွင်းကုန်လိုင်စင်လျှောက်ထားရန် ပိုးသတ်ဆေးတင်သွင်းခွင့် ထောက်ခံချက်နှင့် ဈေးနှုန်းထောက်ခံချက်အား ပူးတွဲထုတ်ပေးပါသည်။ ဤထောက်ခံချက်မရမီကြိုတင်၍ဝယ်ယူတင်သွင်းခြင်းမပြုရပါ။<br><br>၉။ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသော ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်းများ ဆိပ်ကမ်းသို့ရောက်ရှိလာသည့်အခါ စစ်ဆေးရန် အတွက် သတ်မှတ်ထားသော ကိုယ်စားပြုနမူနာအား အကောက်ခွန် ဦးစီးဌာနမှ ချိတ်တံဆိပ် ပိတ်၍ ဓါတ်ပုံနှင့်အတူ သက်ဆိုင်ရာကုမ္ပဏီ ကိုယ်စားလှယ်မှ တစ်ဆင့်စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ ပေးပို့ရမည်။<br><br>စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ချိတ်ပိတ်နမူနာအား ပိုးသတ်ဆေးဖော်စပ်ပုံ၊ အရည် အသွေး၊ အညွှန်းစာမှန်ကန်မှုရှိ/ မရှိစစ်ဆေးပြီး မှန်ကန်ကြောင်းထောက်ခံချက်/ ငြင်းပယ်ချက်အား အကောက် ခွန်ဦးစီးဌာနသို့ လိပ်မူ၍ထုတ်ပေးပါသည်။<br><br>၁၀။မှန်ကန်ကြောင်းထောက်ခံချက်ရရှိပြီးမှသာလျှင် အဆိုပါ ပိုးသတ် ဆေးကုန်သေတ္တာအားအကောက်ခွန်ဦးစီးဌာနမှ ချိတ်တံဆိပ် ပယ်ဖျက် ခွင့်ပြုထုတ်ပေးမည် ဖြစ်ပါသည်။ |

ဆက်လက်ဖော်ပြပါမည်။

## မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်တွင် မြေကွက်ဝယ်ယူ ရင်းနှီးမြှုပ်နှံမှုများ တိုးလာပြီး အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်တွင် ကျောက်ဆည်နှင့် ပြင်ဦးလွင် ဆက်သွယ်သည့် ဒုဋ္ဌဝတီ(ရွှေစာရံ) တံတားတည်ဆောက်ပြီးစီးခြင်း၊ မန္တလေး-ပြင်ဦးလွင် ၂၂ မိုင်လမ်း ဖောက်လုပ်ခြင်း၊ ခရိုင်ပတ်လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြို့နယ်အတွင်း ကတ္တရာလမ်း၊ မြေသားလမ်းများ တိုးချဲ့ခင်းခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ဒေသဖွံ့ဖြိုးလာပြီး ပုသိမ်ကြီးမြို့ပေါ်နှင့် မန္တလေး-ပြင်ဦးလွင်လမ်း ထုံးဘို၊ ကျောက်မီး၊ အုန်းချော ဝန်းကျင်တို့တွင် အိမ်ခြံမြေဈေးများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ အုန်းချော ကျေးရွာအုပ်စု ရွှေစာရံတွင်လည်း လမ်းမကြီးတိုးချဲ့ထပ်ပိုးလွှာခြင်း၊ ရွှေစာရံဘုရားသွားလမ်း ကတ္တရာတိုးချဲ့ခင်းခြင်းများကြောင့် အိမ်ခြံမြေဈေးများ မြင့်တက်သွားခဲ့သည်။ ၂၀၁၀ ခုနှစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် တည်ဆောက်စဉ် ရွှေစာရံဘုရားလမ်းတွင် ပေ ၄၀ × ပေ၆၀ မြေကွက်များ ကျပ် သိန်း ၂၀၀ ဝန်းကျင်သာရှိရာမှ ၂၀၁၈ ခုနှစ်တွင် ကျပ်သိန်း ၂၀၀၀ ဝန်းကျင်အထိ ဈေးတက်သွားပြီး ကျောက်ချောကျေးရွာ အုပ်စု ၇ မိုင်အပန်းဖြေစခန်းဝန်းကျင်တွင်လည်း မြေကွက်များ ဝယ်ယူရင်းနှီးမှုများလာသဖြင့် ပေ ၁၀၀ ပတ်လည် ခြံမြေများ ကျပ်သိန်း ၁၀၀၀ ဝန်းကျင်ရောက်ရှိနေကြောင်း သိရသည်။

မန္တလေး-ပြင်ဦးလွင်လမ်းသစ် ဖောက်လုပ်မှုကြောင့် လမ်းအူကြောင်းနှင့်နီးသည့် သာခိုတောင်တန်းဝန်းကျင် ခြံမြေများ ဝယ်ယူလာကြပြီး နောင် ဒေသဖွံ့ဖြိုးလာမည့် အချိန်ကို မျှော်မှန်းကာခြံမြေများ ဝယ်ယူရင်းနှီးမြှုပ်နှံကြကြောင်း ဒေသခံ မြေအကျိုးဆောင်များထံမှ သိရသည်။ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ တန်ဖိုးမျှတ အိမ်ရာစီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့် မဲကင်းကုန်းကျေးရွာ ဝန်းကျင်မြေနေရာများလည်း ဈေးများတက်လျက်ရှိပြီး မြေကွက်များ ဝယ်ယူရင်းနှီး မြှုပ်နှံမှု တိုးလာကြောင်း မြေအကျိုးဆောင်များထံမှ စုံစမ်း သိရှိရပါတယ်။ **သီဟကိုကို(မန္တလေး)**

## မြန်မာနိုင်ငံတစ်ဝန်း ရေအခက်အခဲဖြစ်နေသော ဒေသများအတွက် MPT က ရေတွင်းရေကန်များ တူးဖော်ထောက်ပံ့

MPT ၏ သန့်ရှင်းပြည့်ဖြိုးရေအကျိုး အစီအစဉ်မှ မြန်မာနိုင်ငံတစ်ဝန်း ရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကျေးလက်ဒေသများသို့ ရေတွင်းများတူးဖော်ခြင်း၊ ရေလှောင်ကန်များတည်ဆောက်ခြင်းကို အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လှူဒါန်း ဆောင်ရွက်သွားမည်ဖြစ်သည်။ သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်၏ ပထမဆုံးအကြိမ် ရေတွင်းရေကန်များ လှူဒါန်းခြင်းကို ၂၀၁၇ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရေတွင်းရေကန် ၁၅ ခုကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် နွေရာသီတွင်လည်း သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်အတွက် MPT မှ ငွေကျပ်သိန်း ၂၀၀၀ အသုံးပြုသွားမည်ဖြစ်ပြီး ကျေးလက်ဒေသရေရှားပါးသည့်ဒေသများ၏ ရေအခက်အခဲကို ကူညီပေးသွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPT-KSGM Joint Operation မှ တာဝန်ခံ Mr.Yoshiaki Benino က အသက်တမျှအရေးကြီးသည့် ရေခက်ခဲနေသည့်ကျေးလက်ဒေသများကို MPTရဲ့ သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်မှ ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အရေးပါသဖြင့် ကူညီ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မန္တလေးအောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel တွင် ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည့် MPT ၏ မြန်မာနိုင်ငံအနှံ့ ရေတွင်းရေကန်များ တူးဖော်လှူဒါန်းမည့် အစီအစဉ်များရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ ရေတွင်းရေကန်များတူးဖော်လှူဒါန်းခြင်းကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ဖေးဖေးမမ ခိုင်းတတ်ကြသော အလုပ်ရှင်များ တိုးပွားရေးကိုလည်း ဦးစားပေးဆောင်ရွက်စေချင်သည်

မောင်လွင်ပြင်

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား အသုံးပြုမှုရှိနေခြင်းသည် အစိုးရအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေသည်။ အစိုးရသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြှင့်ဆောင်ရွက်နေခြင်းနှင့်အတူ ကလေးအလုပ်သမားပပျောက်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေသည်။ ယင်းကို ဖေဖော်ဝါရီ ၅ ရက်က ဖွဲ့စည်းခဲ့သော " မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ " ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ယင်းအမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၃၇ ဦး ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖွဲ့ဝင်အများဆုံး ပါဝင်သော အမျိုးသားကော်မတီ တစ်ရပ်ဟုလည်း ဆိုနိုင်သည်။

ကလေးအလုပ်သမားပြဿနာနှင့် မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများကဲ့သို့ပင် ရေရှည်ဖြေရှင်းရမည့်ကိစ္စ ဖြစ်နေခဲ့သည်။ ထို့ပြင်မြန်မာနိုင်ငံသည် ဆင်းရဲနွမ်းပါးမှုနှင့် ကလေးအလုပ်သမား ဆက်စပ်မှုရှိနေကြောင်းကိုလည်း လက်ခံထားသည်။ ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လုပ်ငန်းခွင်များ၌ ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ်လူရွယ်နှင့် ကလေးအလုပ်သမားများ အသုံးပြုလေ့ရှိကြောင်းကိုလည်း နားလည်အသိအမှတ်ပြုထားသည်။ ကလေးအလုပ်သမား ရှိနေခြင်းသည် ပြည်တွင်းပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရမှုများက တစ်ဆင့် ပေါ်ပေါက်နေရခြင်းဖြစ်သည်ကိုလည်း နားလည်ထားသည်။ လူမှုစီးပွားဘဝအကျပ်အတည်းရှိ၍ မိသားစုစားဝတ်နေရေးဖြေရှင်းရေးအတွက် ကလေးအလုပ်သမား ပေါ်ပေါက်လာရခြင်းဖြစ်သည်ကိုလည်း သိမြင်နားလည်ထားသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှု မရှိခြင်း၊ ငြိမ်းချမ်းမှုမရှိခြင်းကြောင့် ရွှေ့ပြောင်းအခြေချ နေထိုင်ရသဖြင့် စားနပ်ရိက္ခာ အထောက်အပံ့ မဖူလုံခြင်း စသည်တို့ကြောင့် ကလေးအလုပ်သမားပေါ်ပေါက်နေရခြင်းများကိုလည်း နားလည်ထားသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်း အာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် 'အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ အိုင်အယ်လ်အို ပြဋ္ဌာန်းချက်အမှတ် ၁၈၂'ကို လက်ခံအတည်ပြု လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည်။ ကလေးအလုပ်သမားအရေးနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)၊ ကမ္ဘာ့ကုသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေသောနိုင်ငံဖြစ်သည်။

ထို့ကြောင့် နိုင်ငံတွင်းရှိ ကလေးအလုပ်သမားအရေးအရာနှင့် ကလေးအလုပ်သမားပြဿနာများကို မဖြစ်မနေ ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်သောကြောင့်လည်း မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို အမြန်ဖွဲ့စည်းခဲ့ခြင်းဖြစ်မည်ဟုယူဆသည်။ ဖွဲ့စည်းရာတွင်လည်း အဖွဲ့ဝင်အင်အားများများဖြင့် ဖွဲ့စည်းခဲ့ခြင်းမှာ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေးကို ရည်ရွယ်ထားပုံရသည်။ ကလေးအလုပ်သမား အရေးအရာ ပြဿနာများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနှံ့အပြားစီတည်ရှိနေ၍ ဖြစ်သည်။ အမျိုးသားကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတဦးမြင့်ဆွေ တာဝန်ယူသည်။ အတွင်းရေးမှူးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံး၊ ရန်ကုန်မြို့တော်ဝန်၊ မန္တလေးမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ စသည်တို့ဖြင့် ဖွဲ့စည်းထားသည်။ ယင်းဖွဲ့စည်းပုံကိုကြည့်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် လက်ရှိအရပ်သားအစိုးရအား စိန်ခေါ်မှုကြီးဖြစ်နေသော ကလေးအလုပ်သမား ပပျောက်ရေးကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းတော့မည်ဟု ခန့်မှန်းနိုင်သည်။ သို့သော် တာဝန်ရှိသူများကတော့ ကလေးအလုပ်သမား ပပျောက်ရေးဟူသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေသဖြင့် " ပပျောက်ရေး" ထက်စာလျှင် တဖြည်းဖြည်း " လျှော့နည်းကျဆင်းရေး "ကို ဦးစွာပြုလုပ်သွားမည့်သဘောရှိသည်။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်က နေပြည်တော်၌ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အထင်အရှားပေါ်ထွက်လာသည်က ကလေးအလုပ်သမား စာရင်းကောက်ယူရေးဖြစ်သည်။ ကလေးအလုပ်သမားစာရင်း အတိအကျရရှိဖို့ လိုအပ်နေသည်။ ကလေးအလုပ်သမားစာရင်း အတိအကျရရှိမှ ကလေးအလုပ်သမားလျှော့နည်းကျဆင်းရေးကို ဆက်လက်ဆောင်ရွက်နိုင်မည်။ ကလေးအလုပ်သမား ဘာကြောင့်ဖြစ်ရသနည်းကိုလည်း လေ့လာဆန်းစစ်နိုင်မည်။ မည်သည့်လုပ်ငန်းများတွင် ကလေးအလုပ်သမား အသုံးပြုမှုများပြားနေသနည်းကိုလည်း သိနိုင်မည်။ ဘာကြောင့်များပြားနေရသနည်းကိုလည်း ဆန်းစစ်နိုင်မည်။ ကလေးအလုပ်သမား အသုံးပြုနေသူ အလုပ်ရှင်များ ဘာကြောင့်ကလေးအလုပ်သမားကိုမှ ရွေးသုံးနေရသနည်းကိုလည်း သိနိုင်ပါမည်။ ထို့ပြင် ကလေးအလုပ်သမားစာရင်း ကောက်ယူခြင်းနှင့်အတူ အန္တရာယ်များသောလုပ်ငန်းခွင်များတွင် အလုပ်လုပ်နေကြရသည့် ကလေးအလုပ်သမားများ၏ အခြေအနေကိုလည်း တစ်ခါတည်းသိမြင်နိုင်ပါမည်။ ကလေးအလုပ်သမားအခွင့်အရေးမည်မျှ ချိုးဖောက်နေသနည်း၊ လုပ်အားညှစ်ထုတ်မှုများ မည်မျှရှိနေသနည်း၊ လုပ်ခလစာခေါင်းပုံဖြတ်မှုများ မည်မျှအထိရှိနေသနည်းများကိုလည်း လေ့လာသိရှိနိုင်ပါလိမ့်မည်။

အမျိုးသားကော်မတီအနေဖြင့် လုပ်ငန်းတာဝန်(၈)ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကိုလည်း အကောင်အထည်ဖော်ဖို့ လုပ်ငန်းကော်မတီများကို မကြာခင်ဖွဲ့စည်းတာဝန်ပေးတော့မည်ဖြစ်သည်။ လုပ်ငန်းကော်မတီတစ်ရပ်ရပ်က ကလေးအလုပ်သမားစာရင်း ကွင်းဆင်းကောက်ယူတော့မည်ဆိုလျှင် ကလေးအလုပ်သမား အသုံးပြုနေသော အလုပ်ရှင်များသည် စာရင်းလိမ်ပြမည့်အဖြစ်နှင့် ရင်ဆိုင်ရလိမ့်မည်ဟု ယူဆသည်။ စာရင်းလိမ်လျှင် လိမ်၊ စာရင်းမလိမ်လျှင် စာရင်းဖျောက်ထားနိုင်သည်။ ကလေးအလုပ်သမားမရှိပါ၊ အသုံးလည်းမပြုပါဟု ပြောင်ပြောင်ချင်လည်း ငြင်းနိုင်သည်။ အလုပ်ရှင်အချို့သည် မိမိတို့လုပ်ငန်းခွင်တွင် ကလေးအလုပ်သမား အသုံးပြုခြင်းအတွက် သူတို့ကိုယ်သူတို့အပြစ်ရှိသည်ဟု နားလည်ထားကြသည်။ ကျောင်းနေအရွယ်ကလေးဟူသည် စာသင်ခန်းထဲတွင်သာ ရှိရမည်ဖြစ်ပြီး အလုပ်ခွင်ထဲတွင် ရှိနေရမည့်သူများ မဟုတ်ကြောင်းကိုလည်း နားလည်ထားကြသည်။ သူတို့တွင် သားသမီးချင်း ကိုယ်ချင်းစာစိတ်တော့ရှိနေပါမည်။ ကလေးအရွယ်ကို အလုပ်သမားအနေဖြင့် ခိုင်းရသည်ကိုလည်း အားနာနာရှိပါလိမ့်မည်။ သို့သော် လုပ်ငန်းသဘာဝအရ ကလေးအလုပ်သမားခေါ်သုံးရခြင်းနှင့်အတူ ကလေးအလုပ်သမားအသုံးပြုခြင်းဖြင့် လုပ်ငန်းအကျိုးအမြတ်ပိုရှိလာနိုင်ခြင်းကြောင့် မဖြစ်မနေ ကလေးအလုပ်သမား ခေါ်သုံးနေရခြင်းဖြစ်သည်။ ထိုအခြေအနေတွင် အစိုးရက ကလေးအလုပ်သမားစာရင်း လိုက်ကောက်တော့မည်ဆိုလိုက်လျှင် အရေးယူခံရတော့မည်လားဟု စိုးရိမ်ပူပန်ပါမည်။

ထို့ကြောင့် ကလေးအလုပ်သမားစာရင်း မကောက်ခင် အလုပ်ရှင်များအား စိုးရိမ်ပူပန်စရာ မလိုကြောင်း ကြိုတင်အသိပေးထားစေချင်သည်။ ပညာပေးစည်းရုံးထားစေချင်သည်။ ကလေးအလုပ်သမားစာရင်းကောက်ယူခြင်းသည် ကလေးအလုပ်သမားများအား အကာအကွယ်ပေးရေးအတွက်ဖြစ်သည်၊ အခွင့်အရေးများအပြည့်အဝပေးရေးအတွက်ဖြစ်သည်၊ အသိပညာပေးရေးနှင့် သူတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက်ဖြစ်သည်၊ နောင်လည်း အလုပ်သမားများ ဖြစ်ကြမည့်အတူတူ ခုကတည်းက သူတို့အား ရေရှည်လုပ်စားကိုင်စားရသွားနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးအတွက်ဖြစ်သည် စသည်ဖြင့် အလုပ်ရှင်များအား အသိပေးနှိုးဆော်ထားဖို့ လိုပါသည်။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား သုံးပင်သုံးနေရသော်ငြား အချို့သောအလုပ်ရှင်များသည် ကလေးအလုပ်သမားများအား မိဘသဖွယ်ကျွေးမွေးဆင်မြန်းပြုစုစောင့်ရှောက်ပေးနေခြင်းများရှိသည်။ ၎င်းအလုပ်ရှင်များများ ရှိနေစေရေး အစိုးရက အားပေးတိုက်တွန်းဖို့လည်း လိုနေပါသည်။ ကလေးအလုပ်သမားဟူသည် မြန်မာနိုင်ငံလို အခက်အခဲ၊ အကျပ်အတည်းများနေဆဲနိုင်ငံအဖို့ ပပျောက်သွားဖို့ဆိုသည်မှာ တော်တော်လေးအချိန်ယူရပါဦးမည်။ သည်အခြေအနေတွင် ကလေးအလုပ်သမားများကို နွေးထွေးကြင်နာ ဖေးဖေးမမ ခိုင်းတတ်ကြသည့် အလုပ်ရှင်များတိုးပွားရေးကိုသာ ကြိုးစားအားထုတ်ရပါတော့မည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာ (၇) လောလောဆယ် ရပ်ဆိုင်းထားသည့် ...... မှအဆက်

ပို့ကုန်သုံးဆ တိုးမြှင့်ဆောင်ရွက်နေချိန်တွင် ပြည်တွင်းမှ သမားရိုးကျပို့ကုန်အပေါ် မှီခိုအားထား၍ မရဘဲ Re-export စနစ်ဖြင့်ဆောင်ရွက်သော ပို့ကုန်ပမာဏကို အားထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ Re-export စနစ်ဖြင့်ဆောင်ရွက်ခွင့်ပြုခြင်းသည် နိုင်ငံတော်အခွန်ငွေ၊ ကုန်သွယ်မှုပမာဏတို့ ပိုမိုရရှိသလို Supply Chain တစ်လျှောက် ပါဝင်သူများဖြစ်သော ကုန်စည်ပို့ဆောင်မှုလုပ်ငန်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ကုန်တင်/ကုန်ချ အလုပ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် အခြားဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းရှင်များမှာ အကျိုးစီးပွားတွေ ရရှိနေတာဖြစ်ပါတယ်။

Re-export စနစ်ဟာ ပြည်တွင်းစားသုံးရန် ခွင့်ပြုခြင်းမဟုတ်ဘဲ တင်သွင်းခဲ့တဲ့ပမာဏအတိုင်း ပြည်ပသို့ ပြန်လည်တင်ပို့ရန် ခွင့်ပြုတာဖြစ်ပါတယ်။ ပြည်ပကနေတင်သွင်းပြီး မမှန်မကန် ပြန်လည်တင်ပို့ခြင်းမပြုတဲ့ ကုန်သည်လုပ်ငန်းရှင်တွေကြောင့် Re-exportစနစ်ဖြင့် သကြားတင်ပို့မှုအားရပ်ဆိုင်းမှုပြုခဲ့ရတယ်။ အဲဒီလိုရပ်ဆိုင်းမှုပြုခဲ့ခြင်းကြောင့် ပြည်တွင်းမှ စားသုံးသူများဟာ ဈေးနှုန်းကြီးမြင့်မှုအပါအဝင် မလိုလားအပ်သောကိစ္စများ ကြုံတွေ့ရတယ်။ ယင်းသို့ Re-export စနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းခဲ့မှုမှာ မမှန်မကန်ပြန်လည်တင်ပို့ခြင်း မပြုတဲ့ ကုမ္ပဏီ ၆၇ ခုကိုလည်း လိုအပ်သလိုအရေးယူသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်၍ Re-export သကြားတင်သွင်းပြီး သတ်မှတ်စည်းကမ်းနှင့်အညီ ပြန်လည်တင်ပို့ခြင်းမရှိသည့် ကုမ္ပဏီများအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ သတ်မှတ်ထုံးလုပ်နည်းနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပြီးဖြစ်ပါတယ်။

Re-export စနစ်ဖြင့် သကြားတင်ပို့မှု ရပ်ဆိုင်းခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ နစ်နာတဲ့အပြင် ကုန်သွယ်မှုပမာဏလည်း လျော့ကျသွားနိုင်ပါတယ်။ ဒီ Supply Chain တစ်လျှောက်လုံးမှာရှိတဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ယာဉ်ပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသလို ကုန်သည်လုပ်ငန်းရှင်များ အပါအဝင် ပြည်သူတွေအားလုံးရဲ့ နစ်နာဆုံးရှုံးမှုသာ ဖြစ်ခဲ့ရသောကြောင့် Re-export စနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းမှုပြန်လည်ဖြစ်ထွန်းလာစေရေး တွန်းအားပေးဆောင်ရွက်ကြပါစို့လို့ အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

Vol: 18, No.10 Monday March 5 2018

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝှရ် (၂၀၁၁) | ယာယီ | ၃၇၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ကယ်ဒီးနား (၂၀၀၃) | I | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဝင်းဂုတ် (၂၀၁၁) | ယာယီ | ၂၅၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၈၀ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၇။ | ဗင်းဂတ် (၂၀၁၁) | ယာယီ | ၅၅၀ သိန်း | 2.4 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ကလူဂျာ (၂၀၀၁) | J | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား ဆလွန်း | | ၁၂၀ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ အရှေ့ကုန်းလမ်း | ၆၅၀ စ/ပေ | (၇) လွှာ | ၂၈၅ သိန်း | ဟောလ် | ၀၉/၈၇၆၂၁၁၁၂၃ |
| ၂။ | ကွန်ဒို | မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း | ၁၂၅၀ စ/ ပေ | MB (1)၊ BR (2) | ၁၆၀၀ သိန်း | အသင့်နေ | ၀၉/၈၇၆၂၁၁၁၂၃ |
| ၃။ | မြေ | ဒဂုံ(တောင်/မြောက်လမ်းဆုံ) ကုန်းဘောင်အိမ်ရာ | ၆၄၀၀ စ/ပေ | မြေသီးသန့် | ၁၂၅၀ သိန်း | | ၀၉/၅၆၃၀၇၀ |
| ၄။ | မြေ | ရတနာအိမ်ရာ၊ သာကေတမြို့နယ် | ၉၆၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | အုတ်တံတိုင်းခတ် | ၀၉/၅၆၃၀၇၀ |
| ၅။ | မြေ | ဒဂုံ(မြောက်ပိုင်း)၊ (၄၄) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းမကြီးအနီး | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၅၀ သိန်း | ခြံခတ်ပြီး၊ ဂရန် | ၀၉/၅၁၁၇၂၆၂ |
| ၆။ | ကွန်ဒို | အောကစ်ကွန်ဒို၊ အလုံမြို့နယ် | ၁၆၀၀ စ/ပေ | | ၂၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ ဟသ်ာလမ်း | (၄၅ x ၄၀)ပေ | RC (၁) ထပ် | ၂၀၀၀ သိန်း | ရေ၊ မီးစုံ၊ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၈။ | ခြံမြေ | တောင်ကြီးမြို့နယ်၊ မြွေတော်ဘုရားသွားလမ်း | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၆၀ သိန်း | သီးပင်၊ စားပင်ပါ | ၀၉/၄၅၂၁၉၄၄၁၉ |
| ၉။ | ခြံမြေ | ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ရွာအနီး | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၁၆၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၄၅၂၁၉၄၄၁၉ |

## ထန်းထပင်မြို့နယ်တွင် စားသုံးသူအသိပညာ ပေးဟောပြောပွဲကျင်းပ၍ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေး

စာသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူများသည် ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးရုံးခန်းမတွင် စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စတိုးဆိုင်နှင့်ဈေးဆိုင်ပိုင်ရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး၊ တာဝန်ရှိသူများမှ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ စီးပွားရေးလုပ်ငန်းရှင်မှ တာဝန်များလိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူသည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ CICC သို့ တိုင်ကြားမှုများအပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ စားသုံးသူ ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်တို့ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ စားသုံးသူပြည်သူ ၈၀ ဦး တက်ရောက်ခဲ့ပြီး၊ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့မဈေးအတွင်းရှိ စားသောက်ကုန်များရောင်းချနေသည့် ဈေးသူဈေးသားများ၏ ရောင်းချပစ္စည်းများသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဘေးအန္တရာယ်ရှိ စားသောက်ကုန်များ မရောင်းချရန် အသိပညာပေးဟောပြောခဲ့ကာ ဈေးသူဈေးသားများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိပါသည်။

**ထားလှိုင်(ရန်ကုန်)**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ အမှတ် (၅၀၅) အမြောက်တပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင် ဦးဆောင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က အမှတ် (၅၀၅) အမြောက် တပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ ၎င်းတပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးဝင်း၊ အရာရှိ ခြောက်ဦး၊ တပ်စစ်သည် ၃၀ ဦး၊ ရဲမေ ၃၃ ဦး စုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ ဌာန၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ တိုင်း/ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (CICC) ရုံးခန်းဖွင့်လှစ်ပြီး တိုင်ကြားမှုများအပေါ် ဆောင်ရွက်ပေးနေမှု အခြေအနေများ FDA နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ခွင့်မပြု စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများအကြောင်း၊ ရက်လွန်အစားအစာများ၊ ခွင့်မပြုဆိုးဆေး အန္တရာယ်နှင့် ကျန်းမာရေးထိခိုက်နိုင်မှုများ၊ စားသုံးရန်မသင့်သော အစားအစာများစသည့် စားသုံးသူရေးရာ အသိပညာဗဟုသုတများကို ဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများအား စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ သတင်းစာဂျာနယ်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စောမိုက်ကယ်(ပုသိမ်)**

## မန္တလေးမြို့ စည်ပင်သာယာ လမ်းနယ်နိမိတ်အတွင်း ယာဉ်ကြောပိတ်ဆို့ရပ်တန့်ထားခြင်းများအား အရေးယူမည်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာများမှအပ ယာဉ်များကြာ မြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းတို့ ဆောင်ရွက်သဖြင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေ၍ ယာဉ်ကြောပိတ်ဆို့ခြင်းများဖြစ်ပေါ်စေသောကြောင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် ယာဉ်များအကြောင်းမဲ့ ရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရန် အသိပေးလျက်ရှိသည်။ အဆိုပါကိစ္စများအား လိုက်နာမှုမရှိကြောင်းစစ် ဆေးတွေ့ရှိရပါက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ (၁၁၂)အရ ဒဏ်ကြေးငွေအနည်းဆုံး တစ်သောင်းမှ အများဆုံးကျပ်ငါးသောင်းအထိ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမည်ဖြစ်ပြီး ထပ်မံကျူးလွန်ပါကပုဒ်မ(၁၁၅)အရ အနည်းဆုံး ငွေဒဏ်ကျပ်နှစ်သောင်းမှအများဆုံး ငွေဒဏ်ကျပ်နှစ်သိန်းအထိဖြစ် စေ၊ ထောင်ဒဏ်တစ်လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## တောင်ကြီးမြို့ အမှတ်(၁၀) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်းတပ်ဖွဲ့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေး ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် တောင်ကြီးမြို့ အမှတ်(၁၀) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ရာ ဟောပြောပွဲသို့ အမှတ်(၁၀) အဆင့်မြင့်ဆက်သွယ်မှု တပ်ရင်းမိသားစုများ စုစုပေါင်း ၁၇၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးက စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်း တာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ဆိုးဆေးအန္တရာယ်၊ စားသုံးရန်မသင့်သော အသင့်စား အစားအစာများအကြောင်းနှင့် တာရှည်ခံဆေးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေးနှင့် တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး အငယ်တန်းစာရေး ဒေါ်မြင့်မွန်အေးက မှိုဆိပ်အန္တရာယ်နှင့် ဆီအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ စာအုပ်၊ လက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများအား ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်မွန်အေး(တောင်ကြီး)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ လိုဟယ်မြို့ International Exhibition Centerတွင် The 16th China (Luohe) Food Expo အစားအစာ ကုန်စည်ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လိုဟယ်မြို့ InternationalExhibitionCenter တွင် မေလ ၁၆ ရက်မှ ၁၈ ရက်အထိ"The16thChina(Luohe)Food Expo" အစားအစာ ကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်ပြသမည်ဆိုပါက ပြခန်း Indoor Standard Booth(3m x 3m) တစ်ခန်းလျှင် ယွမ် ၆၀၀၀၊ မျက်နှာစာ နှစ်ဘက်ပါ (ဒေါင့်ခန်း)တစ်ခန်းလျှင် ယွမ် ၆၅၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါပြပွဲသို့မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး လေ့လာသိရှိလိုပါကWebsite အနေဖြင့် http://www.zgsbh.com.cn/သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇ ၄၃၀၁၂၈၊ E-mail: moctrade fair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း**(TD)

## ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် ကုန်စည်ပြပွဲများ

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX အဆောက်အဦတွင် ၂၀၁၈ ခုနှစ် အတွင်း Seoul International Sourcing Fair၊ Coffee Expo Seoul၊ Drink and Dessert Show နှင့် Food Week Korea ကုန်စည်ပြပွဲများ ကျင်းပမည် ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါCOEX အဆောက်အဦတွင် မတ်လ ၂၂ ရက်မှ ၂၅ ရက်အ ထိ Seoul International Sourcing Fair ကို လည်းကောင်း၊ ဧပြီလ ၅ ရက်မှ ၈ ရက်အထိ Coffee Expo Seoul ကိုလည်းကောင်း၊ ဧပြီလ ၅ ရက်မှ ၈ ရက်အထိ Drink and Dessert Show နှင့် နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ Food Week Korea တို့ကို ကျင်းပသွားမည်ဖြစ်သည်။

၎င်းကုန်စည်ပြပွဲများနှင့်အတူ Business Matching အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး ၎င်းကုန်စည်ပြပွဲသို့ သွားရောက်ပြသမည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့် အစားအသောက်၊ ကော်ဖီ၊ အဖျော်ယမကာနှင့် လူသုံးကုန်ပစ္စည်းများအစရှိသည်တို့ကို ဝင်ရောက်ပြသခြင်းဖြင့် ကိုရီးယား နိုင်ငံဈေးကွက်အတွင်း မြန်မာ့ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

အဆိုပါပြပွဲသို့မြန်မာနိုင်ငံမှစိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး ပြပွဲသို့သွားရောက် ပြသမည့်လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုပါက www. Sipremiumseoul.com၊ http://coffeeexposeoul.com ၊ http: //drink ndessertshow.com ၊ http:// koreafoodweek.com များသို့ ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ် - ၀၆၇ ၄၃၀၁၂၈ ၊ E-mail: moctrade fair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်- ၀၁ ၂၅၄၀၂၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း** (TD)

## မြန်မာနိုင်ငံမှ တင်ပို့သည့် ကွမ်းသီးခြမ်းအား ဩစတြေးလျနိုင်ငံမှတားမြစ်

ဩစတြေးလျနိုင်ငံ၊ စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန၊ အစားအသောက်နှင့် သွင်းကုန်ဌာနသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံမှတင်ပို့သည့် ကွမ်းသီးခြမ်း ကုန်ပစ္စည်း(SupariHalf-BetelNut)အပေါ် တားမြစ်ခဲ့ပါသည်။ ထိုသို့ တားမြစ်ရသည့်အကြောင်းရင်းမှာ မြန်မာနိုင်ငံမှတင်သွင်းလာသော ၎င်းစားသောက်ကုန် အမျိုးအစားသည် ဩစတြေးလျနိုင်ငံသို့ တင်သွင်းရန် တားမြစ်ထားသည့်အပင်နှင့် အပင်ထွက်ပစ္စည်းအမျိုးအစားတွင်ပါဝင်နေပြီး စားသောက်ကုန်များ တင်သွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ ၎င်းကွမ်းသီးခြမ်း ကုန်စည်သည်ဩစတြေးလျနိုင်ငံတွင် ၂၀၀၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အက်ဥပဒေ အောက်ရှိ Food Standards Code ပါ အပိုင်း 1.4 : Contaminants and residues ၏ section 1.4.4 ရှိ အပင်နှင့် အပင်ထွက်ပစ္စည်းများကို တားမြစ်ကန့်သတ်ထားသည့် Prohibited and restricted plants and fungi တွင် အကျုံးဝင်ပြီး ၎င်း Section ၏ အဓိပ္ပာယ်အရ ဩစတြေးလျနိုင်ငံအတွင်းသို့ အပင်နှင့်အပင် ထွက်ပစ္စည်းများကိုတင်သွင်းခွင့်အား လုံးဝခွင့်မပြုထားကြောင်း တွေ့ရှိရပါသည်။

ဩစတြေးလျနိုင်ငံ ၊ စိုက်ပျိုးရေးနှင့်ရေအရင်းအမြစ် ဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ အနာဂတ်တွင် ဤကွမ်းသီးခြမ်းကုန်စည်နှင့် အလားတူကုန်ပစ္စည်းများကို ဩစတြေးလျနိုင်ငံဘက်သို့ တင်ပို့ခဲ့ပါက ဩစတြေးလျနိုင်ငံ၏ အစားအသောက် လိုအပ်ချက်များနှင့် လျော်ညီကြောင်း တင်ပြနိုင်ခြင်းမရှိခဲ့လျှင် ယခုကဲ့သို့ပင် တားမြစ်မည်ဖြစ်ပြီး ကွမ်းသီးခြမ်းတင်သွင်းမှုကို တားမြစ်လိုက်သည့်ကိစ္စရပ်အား Online ပေါ်တွင် ဇန်နဝါရီလအတွင်း၌ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့သူများ သိရှိသတိပြုနိုင်ရေး ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာရွှေစင်ကို (နှစ်နိုင်ငံ)**

## မင်္ဂလာမန္တလေးအိမ်ရာ (၃) နှစ်ပြည့်အထိမ်းအမှတ် ဈေးရောင်းပွဲနှင့် ဖျော်ဖြေပွဲများကျင်းပ

မန္တလေး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သိပ္ပံလမ်းနှင့် ငုရွှေဝါလမ်းကြားရှိမင်္ဂလာ မန္တလေးအိမ်ရာ (၃) နှစ်ပြည့်အထိမ်းအမှတ် ဈေးရောင်းပွဲနှင့် ဖျော်ဖြေပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉ နာရီ အထိပရိမိုးရှင်း ဧရိယာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဈေးရောင်းပွဲတော်တွင် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံထုတ် လူသုံးကုန်၊ အလှကုန်၊ ဆေးဝါး၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ ဂျပန်နိုင်ငံထုတ်မော်တော်ယာဉ် အသစ်များအား မိတ်ဆက်၍အထူးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ ညနေ ငါးနာရီမှ စတင်၍ Dream Lover Music Band နှင့်အတူ နိုင်ငံကျော်အဆိုတော် ချစ်ကောင်း၊ ဝေလ၊ အောင်ထက်၊ ဟိန်းထွဋ်အောင်၊ နီနီခင်ဇော်၊ အိမ့်ချစ်၊ ဝိုင်းဝိုင်းနှင့် မင်္ဂလာမန္တလေးမှ အဆိုရှင်များ၏ ဖျော်ဖြေတင်ဆက်မှု၊ ယဉ်ကျေးမှုအဖွဲ့များ၏လှပသော ရိုးရာအကများ၊ မျက်လှည့်ပညာရှင် JOKER ၏ရင်ခုန်စိတ်လှုပ်ရှားဖွယ်ပြကွက်များ၊ Game အစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကန့်ဘလူခရိုင်မှ ကျွဲ၊ နွားအရှင်များ ပြည်ပသို့တင်ပို့

ကန့်ဘလူခရိုင်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကုမ္ပဏီများဖွဲ့စည်း၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကုမ္ပဏီနှစ်ခုမှ နွားအရှင်ကောင်ရေ ၂၀၀ တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကုမ္ပဏီနှစ်ခုမှ နွားအရှင်ကောင်ရေ ၁၀၀ နှင့် ကျွဲအရှင်ကောင်ရေ ၁၀၀ တို့ကို ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစိစစ်ကာ ကျွဲ၊ နွားများကို နားကပ်များတပ်ဆင်ပေးလျက်ရှိကြောင်း သိရပြီး ကန့်ဘလူမြို့နယ်တွင် ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တင်ပို့ရောင်းချရန် ထူထောင်ထားသော ကုမ္ပဏီ ၁၀ ခုရှိကြောင်း သတင်းရရှိသည်။

**ဝေဝေ (ကျွန်းလှ)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 18, No.10 Monday March 5 2018

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၅-၃-၂၀၁၈ မှ ၁၁-၃-၂၀၁၈ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ကြိုးစားအားထုတ်မှုကြောင့် ရလဒ်ကောင်းများရမည်။ ဥယျာဉ်ခြံမြေနှင့်ပတ်သက်၍ အကျိုးခံစားရမည်။ ရေခြား၊ မြေခြားခရီးသွားရတတ်သည်။ ပညာရေးစိတ်တိုင်းကျမဖြစ်သေးပါ။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းအထက်ပိုင်း ဝေဒနာခံစားရတတ်သည်။ အာရုံကြောအားနည်းခြင်း မျက်စိဝေဒနာခံစားရခြင်းမျိုး ရှိတတ်ပါသည်။

**ယတြာ။ ။ အုန်းရေလှူပါ။**




**တနင်္လာသားသမီးများအတွက်** လုပ်ငန်းများရဲရဲဝံ့ဝံ့ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိလိမ့်မည်။ သတ္တုနှင့်ပတ်သက်သောလုပ်ငန်း၊ လူမျိုးခြားနှင့်ပတ်သက်သောလုပ်ငန်းများမှ ဝင်ငွေရရှိလိမ့်မည်။ လုပ်ငန်းများအဆင်ပြေ၍ ငွေကြေးများဖြစ်ထွန်းမည်။ ပညာရေးတိုးတက်မှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးဆက်ဆံမှုအဆင်မပြေရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်အကြောနှင့်ပတ်သက်သောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ သစ်ကြားသီးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကံကြမ္မာမြင့်မား၍ စိတ်ကူးဉာဏ်များကောင်းမည်။ မီးဖိုချောင်သုံးပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းဖြစ်ထွန်းမှုရှိမည်။ ပညာဉာဏ်ထက်မြက်နေမည်။ ငယ်ရွယ်သူများ အချစ်ရေးအဆင်ပြေမည်။ အိမ်ထောင်ရေးသာယာမည်။ အိမ်ထောင်ဖက်လုပ်ငန်းများ တိုးတက်မည်။ ကျန်းမာရေးထိခိုက်ဒဏ်ရာရတတ်သည်။ အထူးသတိထားသင့်ပါသည်။

**ယတြာ။ ။မန်ကျည်းသီးနှင့် ပတ်သက်သောဆေးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ယာဉ်ကား၊ စက်ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်း မတွင်ကျယ်ဖြစ်နေမည်။ အရာရာစိတ်တိုင်းမကျဖြစ်နေတတ်သည်။ ကိုယ်စားလှယ်လုပ်ငန်းများလုပ်ရတတ်သည်။ ပညာရေး ဝီရိယစိုက်ထုတ်နေရတတ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေး အထောက်အကူရမည်။ ကျန်းမာရေးတွင် လေးဘက်နာရောဂါ သဘောမျိုးဖြစ်တတ်သည်။ ကိုယ်လက်ကိုက်ခဲသောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ဆီထမင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများတိုးတက်မှုရှိသော်လည်း ငွေကြေးအောင်မြင်မှုကြီးကြီးမားမားမရတတ်သေးပါ။ စာပေထုတ်ဝေရေးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းများ အဆင်ပြေတိုးတက်မှုရှိနေတတ်ပါသည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ အချစ်ရေးတွင် အကြံအစည်များ ပျက်ပြားတတ်သည်။ အိမ်ထောင်ရေး စကားအချေအတင်ပြောရမည်။ ကျန်းမာရေးသာယာပျော်ရွှင်မှုများရှိနေလိမ့်မည်။

**ယတြာ။ ။ ရွှေကြည်ဆန္ဒင်းမကင်းလှူပါ။**



**သောကြာသားသမီးများအတွက်** ချည်ထည်၊ ပိုးထည်လုပ်ငန်းတွင်ကျယ်နေမည်။ အပေါင်းအသင်းတို့၏ အထင်မှား၊ အမြင်မှားခံရတတ်သည်။ ပညာရေးတိုးတက်မှုရှိမည်။ အချစ်ရေးတွင် စိတ်ဝေဒနာခံစားရမှုရှိမည်။ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးတွင် မတော်တဆထိခိုက်ဒဏ်ရာရတတ်သည်။ နာတာရှည်ဖြစ်တတ်သည့်အတွက် သတိရှိသင့်ပါသည်။

**ယတြာ။ ။ သာကူလှူပါ။**



**စနေသားသမီးများအတွက်** အလုပ်အကိုင်များ အဆင်ပြေတိုးတက်မည်။ အရေးပါ အရာရောက်သောသူများ၏ အကူအညီရမည်။ အဓိဋ္ဌာန်အောင်မြင်မည်။ ရာထူးတက်၍ နေရာအပြောင်းအရွှေ့ရှိမည်။ မိတ်သစ်များတိုးပွား၍ ပျော်ရွှင်မှုခံစားရမည်။ ပညာရေးတွင် ဝီရိယအကျိုးခံစားရမည်။ အချစ်ရေး မျှော်လင့်ချက်ဝေးကွာနေတတ်သည်။ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရှိနေမည်။ ကျန်းမာရေး လိုက်စားမှုကြောင့် ကျန်းမာရေးကောင်းနေတတ်ပါသည်။

**ယတြာ။ ။ ဘုရားသန့်ရှင်းရေးပြုလုပ်ပါ။**

# NEPAS နှင့် FXB International တို့မှ တစ်နိုင်ငံလုံးအနှံ့ လုပ်ဆောင်မည့် လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုစတင်

National Energy Puma Aviation Services (NEPAS) နှင့် FXB International တို့ပူးပေါင်း၍ သုံးနှစ်တာအတွင်း တစ်နိုင်ငံလုံးအနှံ့လုပ်ဆောင်မည့်လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုအတွက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့၌ ကျင်းပ ပြုလုပ်ခဲ့သည်။

လှုပ်ရှားမှုလုပ်ငန်းများအား NEPAS ၏ လူမှုအကျိုးပြုလုပ်ငန်း (CSR) အနေဖြင့် ငွေကြေးစိုက်ထုတ်လုပ်ဆောင်ခြင်းဖြစ်ပြီး လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားလုပ်ဆောင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း FXB International မှ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုပြုလုပ်သည့်လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုများသည် လမ်းအသုံးပြုသူများ၊ အထူးသဖြင့် လမ်းလျှောက်သူများနှင့် စက်ဘီး၊ ဆိုင်ကယ်အစရှိသည့် အနှေးယာဉ်များလမ်းပေါ်တွင် အန္တရာယ်ကင်းစွာပြုမူရေးနှင့် တာဝန်သိတတ်ရေးတို့ကို အဓိကရည်ရွယ်ခြင်းဖြစ်သည်။ မော်တော်ကားမောင်းနှင်စီးနင်းသူများမဟုတ်သည့် လမ်းအသုံးပြုသူ များအတွက် ရောင်ပြန်ပါဝင်သောပစ္စည်းများ ဖြန့်ဝေပေးခြင်းအားဖြင့် ထိုသူများအား ကားမောင်းနှင်သူများမှ ပိုမိုမြင်သာစေပြီး လုံခြုံမှု ပိုရှိစေရန် ရည်ရွယ်ထားသည်။ ထို့အပြင် ကလေးသူငယ်များနှင့် ကျောင်းသားလူရွယ်များကို အဓိကထား၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများပြုလုပ်ရင်း သရုပ်ပြဖျော်ဖြေမှုများလည်း ပါဝင်ပြုလုပ်သွားမည်ဖြစ်သည်။

Puma Energy Myanmar ၏အထွေထွေမန်နေဂျာဖြစ်သူ Gary Fisher က "ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှာ ကားအစီးရေဟာ ထက်ဝက်ကျော် များပြားလာခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ထုတ်ပြန်တဲ့စာရင်းတွေအရ တစ်နေ့မှာလူ ၂၉ ဦးကျော်ဟာ ဒီနိုင်ငံမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးနေပါတယ်။ လူတွေရဲ့ ခရီးစဉ်တွေမှာ လောင်စာဆီဖြည့်တင်းပေးနေတဲ့ စွမ်းအင်ကုမ္ပဏီအနေနဲ့ လမ်းအန္တရာယ်ကင်းရှင်းရေးကို အမြဲအဓိကထား ဆောင်ရွက်ပါတယ်။ ဒါကြောင့်လည်း ကလေးငယ်တွေ၊ ကျောင်းသားလူငယ်တွေနဲ့ မြန်မာမှာရှိတဲ့ လမ်းအသုံးပြုသူများအတွက် ဘေးကင်းတဲ့လမ်းအသုံးပြုမှုတွေ လုပ်ဆောင်ရမယ့် အမူအကျင့်တွေကို အသိပညာပေးဖို့ ဒီလှုပ်ရှားမှုတွေကို စတင်ဖြစ်ခဲ့တာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါတယ်။

ယခုအသိပညာပေးလှုပ်ရှားမှုများကို NEPAS ၏ လုပ်ငန်းများ လည်ပတ်လုပ်ကိုင်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ဒေသ ၁၀ ခုတွင် အဓိကထား ကာ သုံးနှစ်တာ လှုပ်ရှားမှုအဖြစ် လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်စဉ်တိုင်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ၊ သက်မွေးဝမ်းပညာသင်ကျောင်းများ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်ပစ္စည်း အရောင်းဆိုင်များ၊ ဘုန်းကြီးကျောင်းများနှင့် အခြားလူစုဝေးရာအရပ်များတွင် မော်တော်ဆိုင်ကယ်ဦးထုပ်များနှင့် ရောင်ပြန်ပါဝင်သော ကျောင်းသုံးကျောပိုးအိတ်များ၊ ရောင်ပြန်ဦးထုပ်များ၊ ရောင်ပြန်စလွယ်ကြိုးများ၊ ရောင်ပြန်သော့ချိတ်များနှင့် စတစ်ကာများကို အခမဲ့ဝေငှသွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းအန္တရာယ်ဖြစ်မှုကြောင့် သေဆုံးရခြင်းဟာ တိုင်းပြည်မှာရှိတဲ့ပြည်သူပြည်သားတွေနဲ့ လူငယ်တွေအတွက် အဓိကခြိမ်းခြောက်နေတဲ့ အန္တရာယ်ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသများမှ ရပ်/ကျေး ခေါင်းဆောင်တွေရော၊ ဩဇာအာဏာသက်ရောက်တဲ့ ခေါင်းဆောင်တွေကိုရော FXB က ပညာပေးဖျော်ဖြေတဲ့ပုံစံနဲ့ သေချာ ရှင်းလင်းလေ့ကျင့်ပေးပြီး အဓိကပေးရမယ့် သတင်းစကားတွေကို ကျောင်းတွေအပြင် သူတို့သက်ဆိုင်ရာဒေသခံတွေကို တစ်ဆင့်ပြန်လည်မျှဝေပေးဖို့လုပ်ဆောင်တာဖြစ်ပါတယ်"ဟု FXB International Myanmar ၏ မြန်မာနိုင်ငံတာဝန်ခံ ဒါရိုက်တာ ဒေါက်တာဒေါ် ချိုချိုမာကျော်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ယခုနှစ်များအတွင်း မြန်မာပြည်တွင်း၌ ယာဉ်အစီးရေတိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးမှုများလည်း များပြားလာသည့်အတွက် ယခုကဲ့သို့ ပညာပေးလှုပ်ရှားမှုအစီအစဉ်များကို ကုမ္ပဏီများက ငွေကြေးစိုက်ထုတ်လုပ်ဆောင်လာခြင်းမှာ ကောင်းမွန်သောကိစ္စရပ်ဖြစ်ကြောင်းနှင့် အသိပညာများကို ကိုယ်တိုင်အတွက်သာမက မိမိ၏ မိသားစု၊ သူငယ်ချင်းများသို့ပါ လက်ဆင့်ကမ်းပညာမျှဝေမှသာလျှင် ရည်ရွယ်ချက်အထမြောက်အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခမ်းအနားတွင် အမျိုးသားအနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၂၀၀ အပါအဝင် တက်ရောက်လာသူ ဧည့်သည်တော်များအား ပညာပေး ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခဲ့ပြီး လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုပစ္စည်းများကိုလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**CJ**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် UN-REDD Program သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှု ထိန်းသိမ်းရေးဆွေးနွေး

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UN-REDD Program မန္တလေးတိုင်းဒေသကြီးအဆင့် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှု ထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်က မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမတွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးမှူးများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနခွဲ စီမံချက်မန်နေဂျာ ဦးသန်းစိုးဦးက အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သစ်တောပြုန်းတီးမှုနှင့် သစ်တော အတန်းအစား ကျဆင်းခြင်းတို့ကိုဖြစ်စေသောအကြောင်းရင်းများ၊ သစ်တောများထိန်းသိမ်းရေး အဓိကအဆိုပြုထားသောမူဝါဒများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက်တက်ရောက်လာသူများက အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများရှာဖွေခြင်းနှင့်ရရှိလာမည့် အကျိုးအပြစ်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအား သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ထာဝရတည်တံ့မှုရှိစေရန် စီမံဆောင်ရွက်ပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ချရာတွင်တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်စေရန်ရည်ရွယ် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ ရာသီဥတု ပြောင်းလဲမှုကို ကာကွယ်ရန်အတွက် လေထုအတွင်းရှိဖန်လုံအိမ်ဓာတ်ငွေ့များ ပါဝင်နှုန်းထိန်းညှိပေးခြင်းကို သစ်တောများမှ ဆောင်ရွက်ပေးနေသောကြောင့် သစ်တောထိန်းသိမ်းရေးသည် အဓိကကျကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များဖြင့် အသင့်စား စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ စတင်ထုတ်လုပ်

မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များကိုအသုံးပြု၍ ထုတ်လုပ်ထားသည့် အသင့်စား စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ စတင်ထုတ်လုပ် ရောင်းချနေပြီဖြစ်ကြောင်း Shwe Hma Shwe ကုမ္ပဏီမှ သိရသည်။

ယခုလို အခြေခံမီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များအား တန်ဖိုးမြှင့် ထုတ်လုပ်ရခြင်းမှာ ပြည်တွင်းထွက်ကုန်ပစ္စည်းများဖြင့် ထုတ်လုပ်နိုင်သည်ကို လူအများသိရှိစေရန်နှင့် မီးဖိုးချောင်ရှိ ဟင်းသီးဟင်းရွက်များကို တန်ဖိုးထားတတ်စေရန်ရည်ရွယ်ကြောင်း သိရသည်။

“မီးဖိုးချောင်ကရတဲ့ ပစ္စည်းတွေက အစ်မတို့ မြန်မာနိုင်ငံမှာပေါတယ်။ အဲဒီမီးဖိုချောင်သုံးပစ္စည်းတွေကို လူတွေ အလွယ်တကူသုံးနိုင်တဲ့ ပစ္စည်းအဖြစ် ပြောင်းလိုက်တာပါ။ တန်ဖိုးမြှင့်ထုတ်ကုန်ဆိုတဲ့ နေရာမှာ သရက်သီးတို့၊ လိမ္မော်သီးတို့ဆို လူတိုင်းကသိတယ်။ အစ်မတို့ကျတော့ Kitchen Fruit တွေကို အဓိကထားပြီး လုပ်ချင်တာပါ။ ဒီလို မီးဖိုချောင်သုံးပစ္စည်းတွေကနေ တန်ဖိုးမြှင့်ထုတ်ကုန်စထုတ်တာလည်း အစ်မတို့က မြန်မာနိုင်ငံမှာ ပထမဆုံးပါပဲ” ဟု Shwe Hma Shwe ကုမ္ပဏီမှ Director မအေးသီတာအောင်က ပြောသည်။

Shwe Hma Shwe ကုမ္ပဏီ အနေဖြင့် အသင့်စား ထုတ်ကုန်ဖြစ်သည့် မုန်လာဥနီခြောက်ကို အရသာသုံးမျိုးဖြင့်ထုတ်လုပ်ထားသည့်အပြင် ကလေးများအတွက် မုန်ညင်းဆီနှင့် နနွင်း Body Lotion တို့ကိုလည်း ထုတ်လုပ်ထားကြောင်း သိရသည်။

အဆိုပါထုတ်ကုန်များမှာ သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ ဓာတ်ခွဲခန်းတွင် စစ်ဆေးခွင့်ပြုဆောင်ရွက်ထားခြင်းဖြစ်ပြီး ပြည်တွင်းရှိ Super Market များသို့ တင်သွင်းရောင်းချရန် စီစဉ်လျက်ရှိကြောင်း၊ နောက်ပိုင်းတွင် တခြားသော ဟင်းသီးဟင်းရွက်ထုတ်ကုန်များအပြင် ကိုလာဂျင်နှင့် ပြုလုပ်သည့် ဂျယ်လီများကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပနိုင်ငံများ၌ သဘာဝပစ္စည်းများကိုအခြေခံ၍ အာဟာရထောက်ပံ့ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုမှာ တွင်ကျယ်နေပြီဖြစ်သော်လည်း ပြည်တွင်း၌ထုတ်လုပ်မှုနည်းပါးလျက်ရှိနေသေးကြောင်း၊ ယခု ထုတ်ကုန်များကိုလည်း ဈေးနှုန်း ကျပ် ၁၇၀၀ မှ ကျပ် ၄၀၀၀ အထိ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

# အာမခံသက်တမ်းအပြင် ရက် ၁၀၀ အတွင်းလဲလှယ်ခွင့်ပေးမည့် TECNO Mobile စမတ်ဖုန်းများ ပြည်တွင်း၌ စတင်မိတ်ဆက်

အာမခံသက်တမ်းအပြင် ရက် ၁၀၀ အတွင်း လဲလှယ်ခွင့်အာမခံပါပေးမည့် TECNO Mobile စမတ်ဖုန်းများကို ပြည်တွင်း၌ မိတ်ဆက်လိုက်ပြီဖြစ်သည်။

TECNO Mobile ၏ နောက်ဆုံးထုတ် စမတ်ဖုန်းများအနက် CAMON CM နှင့် TECNO Spark CM တို့ကို လာမည့် မတ်လအတွင်း ဈေးကွက်၌ စတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဖုန်းအမျိုးအစားနှစ်မျိုးစလုံးသည် ဘေးဘောင်မဲ့ ၅.၇ လက်မဖြင့် မျက်နှာပြင်ပြည့်ဒီဇိုင်းများဖြစ်ပြီး ဈေးနှုန်းများမှာ ကျပ် ၁၀၉၀၀၀ မှ ကျပ် ၁၉၉၀၀၀ အထိရှိကြောင်း သိရသည်။

TECNO Mobile အနေဖြင့် ဝယ်ယူပြီးစမတ်ဖုန်းများ မျက်နှာပြင်ကွဲအက်ခဲ့ပါက ပြုပြင်ပေးမည့် ၃ လ အာမခံပေးထားသလို အထူးခြားဆုံးအနေဖြင့် Factory Fault ဖြစ်ခဲ့ပါက ရက် ၁၀၀ အတွင်း လဲလှယ်ပေးမည့် Replacement အာမခံလည်းပါရှိကြောင်း သိရသည်။

အဆိုပါ စမတ်ဖုန်းအမှတ်တံဆိပ်သည် အာဖရိက၏ ထိပ်ဆုံးမိုဘိုင်းဖုန်း တံဆိပ် ၃ ခုထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း ချိုသာသော ဈေးနှုန်းများဖြင့် နိုင်ငံပေါင်း ၄၀ ကျော်တွင် ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

# ဘီတာဒိုင်းမှ အသစ်ထုတ်လုပ်သည့် အအေးမိတုပ်ကွေး ပျောက်ဆေးကို ပြည်တွင်း၌ ဖြန့်ချိမည်

ဘီတာဒိုင်းမှ အသစ်ထုတ်လုပ်လိုက်သည့် Betadine Cold Defence Nasal Spray ထုတ်ကုန်ကို ပြည်တွင်း၌ စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

ဘီတာဒိုင်းအနေဖြင့် ယခင်က ပိုးသတ်ဆေးရည်တစ်မျိုးသာ ပြည်တွင်း၌ ဖြန့်ဖြူးခဲ့ပြီး ယခုအခါ Carragelose ဟုခေါ်သော ဗိုင်းရပ်စ်ဆန့်ကျင်သတ္တိရှိသော Betadine Cold Defence Nasal Spray ကိုပါ ဈေးကွက်အတွင်း ယူဆောင်လာပြီဖြစ်သည်။

Carragelose သည် အအေးမိတုပ်ကွေးဗိုင်းရပ်ပိုးများကို ထိန်းချုပ်ပေးပြီး ဆက်လက်ပြန့်ပွားမှုမရှိစေရန် လုပ်ဆောင်နိုင်သော အစွမ်းသတ္တိလည်းရှိကြောင်းသိရသည်။

အဆိုပါဆေးကို Mundipharma မှထုတ်လုပ်ခြင်းဖြစ်ပြီး ဘီတာဒိုင်းဆေးရည်အပြင် ဆေးဆပ်ပြာရည်၊ လိမ်းဆေးခရင်မ်၊ နှာခေါင်းဖြန်းဆေး၊ အာလုပ်ကျင်းဆေး၊ အာခေါင်ဖြန်းဆေး၊ Fresh Bliss မိန်းကလေးသုံးသန့်စင် ဆေးရည်၊ မိန်းကလေးသုံးသန့်စင်ဖြန်း ဆေးနှင့် ဘီတာဒိုင်းဆပ်ပြာများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

Mundipharma အနေဖြင့် North America, Stamford, CT, Europe, Cambridge, UK, Asia, Latin America, Middle East, Affrica နှင့် စင်ကာပူတို့တွင် ရုံးချုပ်နှင့် သုတေသနစက်ရုံများ၊ ရုံးခွဲများလည်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

# ဒုတိယအကြိမ်မြောက် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲလျှောက်လွှာများ စတင်လက်ခံ

မတ်လတွင်ကျင်းပမည့် ဒုတိယအကြိမ်မြောက် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးအတွက် ပြိုင်ပွဲဝင်လျှောက်လွှာ များစတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ မြန်မာ့ရိုးရာဓလေ့ကို ဖော်ထုတ်ချင်သည့်အပြင် စည်းလုံးညီညွတ်ခြင်း၏ အင်အားကို ပြသလိုကြောင်း၊ တိမ်မြုပ်လုနီးနီးဖြစ်နေသော အိုးသူကြီးများကို ချီးမြှင့်မြောက်စားနိုင်ရေးနှင့် မြန်မာ့ရိုးရာ အစားအသောက်ကဏ္ဍ ပိုမိုမြင့်တက်လာစေရေး ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်မှာ အသင်း ၁၆ သင်း လက်ခံမယ်။ ဒီထက်ကျော်သွားရင် အကြို လူရွေးပွဲလုပ်ပါမယ်။ ပြိုင်မှာကတော့ ပြည်သူ့ရင်ပြင်မှာလုပ်မှာပါ။ ယှဉ်ပြိုင်မယ့် အသင်း ၁၆ သင်းကို ပထမနေ့ ရှစ်သင်း၊ ဒုတိယနေ့ရှစ်သင်းပြိုင်ပြီး နှစ်သင်းစီရွေးထုတ်မယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ မြန်မာ့ရိုးရာ ထုတ်ကုန်တွေကိုရောင်းချမယ့် ဈေးရောင်းပွဲလည်း ပါပါတယ်။ အိုးကြီးချက်က တကယ်ဆို မြန်မာ့ရိုးရာယဉ်ကျေးမှု တစ်ခုပါပဲ။ နယ်တွေမှာရှိသေးပေမယ့် ရန်ကုန်က ကလေးတွေဆို သိမှာတောင် မဟုတ်တော့ဘူး။ ပြိုင်ပွဲမှာ ချက်ပြုတ်တဲ့သူတွေရဲ့ဟင်းလျာကိုလည်း စတုဒီသာပြန်ကျွေးမှာပါ။ ဒီနှစ်မှာတော့ သုံးရက်ပဲလုပ်မှာပါ” ဟု မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က ပြောသည်။

ပြိုင်ပွဲဝင်ဟင်းချက်ပြုတ်ရာတွင် ချက်မည့်ဟင်းပေါ် မူတည်၍ အချိန်သတ်မှတ်ပေးခြင်းဖြစ်ကာ ထင်းမီး တစ်မျိုးတည်းဖြင့်သာ ချက်ပြုတ်ခွင့်ပေးခြင်းဖြစ်ကြောင်း၊ အရန်ဟင်းနဲ့အဓိက ဟင်းလျာ လိုက်ဖက်မှု ရှိ/မရှိ၊ ဟင်းချက်ပြုတ်ပုံနှင့် လေလွင့်မှုရှိ/မရှိ(အစားအသောက်နှင့် မီးဖို) တို့အပေါ် အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် ကိုယ်ရေးအချက်အလက်နှင့်အတူ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူနှင့် လတ်တလောရိုက်ကူးထားသည့် ဓာတ်ပုံတို့ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဆုကြေးငွေအနေဖြင့် အနည်းဆုံး သိန်း ၂၀ မှ အများဆုံး သိန်း ၅၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။

# သကြၤန်နှစ်ကူး ကံစမ်းမဲအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် လှူဒါန်းနိုင်မည့် အစီအစဉ်ကို Samsung Myanmar မှ မိတ်ဆက်

၂၀၁၈ သကြၤန်နှစ်ကူးကံစမ်းမဲအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် လှူဒါန်းနိုင်မည့်အစီအစဉ်ကို Samsung Myanmar မှ မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါအစီအစဉ်ကို မတ်လ ၅ ရက်မှ ဧပြီ ၃၀ အထိ ကျင်းပမည်ဖြစ်ပြီး ပထမဆုအတွက် Suzuki Ciaz ကားသစ်တစ်စီးနှင့်အတူ တီဗွီ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များအပါအဝင် ဆုမဲပေါင်း ၂၆၀ ကျော်ကိုမဲနှိုက်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

“ဒီအစီအစဉ်မှာ ဆမ်ဆောင်းရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဝယ်ယူအားပေးတဲ့သုံးစွဲသူတွေအနေနဲ့ ဆမ်ဆောင်းက ဆောင်ရွက်နေတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ပါဝင်နိုင်ကြမှာပါ။ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ရုံတင် မဟုတ်ဘဲ လိုအပ်နေတဲ့ လူမှုပတ်ဝန်းကျင်ကို ကူညီဖို့လည်းပါပါတယ်။ အဲဒီအတွက် အကျိုးအမြတ်ကရတဲ့ တစ်စိတ်တစ်ဒေသကို ပြည်တွင်းက လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ထည့်ဝင်လှူဒါန်းသွားမှာပါ”ဟု Samsung Myanmar ၏ Head Of Consumer Electronics ဖြစ်သူ Mr.Khan Wai Yep က ပြောသည်။

Samsung Myanmar အနေဖြင့် ကံစမ်းမဲကာလအတွင်း ရရှိမည့်အကျိုးအမြတ်များအား ပညာရေးအခြေပြုလုပ်ငန်းများဖြစ်သည့် Mobile Application ရေးဆွဲနည်းသင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် myME Project အတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းသည်

# ယခုနှစ်ဆန်းပိုင်းမှစတင်ကာအွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှုမြင့်တက်လာဟုဆို

၂၀၁၈နှစ်ဆန်းပိုင်းမှစတင်ကာ အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှု မြင့်တက်လာကြောင်း work.com.mm၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း work.com.mm၏ ဝက်ဘ်ဆိုဒ်မှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှု သုံးသောင်းဝန်းကျင်ခန့်အထိရှိခဲ့ရာမှ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလထက် ၁၂ရာခိုင်နှုန်းနှင့် ဒီဇင်ဘာလထက် သုံးရာခိုင်နှုန်း ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

"အလုပ်အကိုင်အခွင့်အလမ်းကို အိမ်ကနေပဲ အလွယ်တကူလျှောက်ထားနိုင်တဲ့ အခြေအနေကို ဘယ်သူမဆို လုပ်ကိုင်ချင်ကြပါတယ်။ ဒေတာအချက်အလက်တွေနဲ့ Algorithm တွေကို အသုံးပြုပြီး အလုပ်ရှင်နဲ့ အလုပ်အကိုင်ရှာဖွေသူတွေကြားမှာ သင့်တော်တဲ့ ချိတ်ဆက်မှုနဲ့ ရည်ညွှန်းချက်တွေကို ဖန်တီးပေးနိုင်ခြင်းရဲ့ အကျိုးရလဒ်က ကျွန်တော်တို့လို အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးပလက်ဖောင်းတွေအတွက် အလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်တွေနဲ့ ယှဉ်ရင် ဈေးကွက်ကို ပိုလွှမ်းမိုးလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ရဲ့ ရှာဖွေတွေ့ရှိချက်တွေက ပိုမိုလွယ်ကူလျင်မြန်ပြီး အသုံးပြုရတာလည်း လွယ်ကူလို့ပါ" ဟု Work.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Mr.Derek Beeftink က ပြောသည်။

Work.com.mm ၏ ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ဇန်နဝါရီလအတွင်း အလုပ်အကိုင်လျှောက်ထားမှုမှာ သုံးသောင်းကျော်ရှိခဲ့ပြီး အများစုမှာ စာရင်းကိုင်နှင့် ငွေကြေးစီမံခန့်ခွဲမှု အလုပ်အကိုင်၊ အင်ဂျင်နီယာအလုပ်အကိုင်နှင့် အရောင်းဝန်ထမ်းအလုပ်အကိုင်မှာ အများဆုံးဖြစ်ကြောင်း သိရသည်။ ■

# မြန်မာခရီးသွားလုပ်ငန်းရှင်များအသင်း၏ CSR ခရီးသွားပရဟိတဈေးရောင်းပွဲတော် ပြုလုပ်မည်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်း၏ CSR ခရီးသွားပရဟိတ ဈေးရောင်းပွဲတော်ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ အမှတ်(၆)ဆိပ်ခံဗောတံတားအနီး၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၀၀ကျော်ဖြင့် မြန်မာ့ရိုးရာအစားအစာ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဆိုင်များ၊ တေးဂီတဖျော်ဖြေရေး၊ ခရီးသွားလုပ်ငန်းပြခန်းများအပြင် တက်ရောက်လာသူများအတွက် ကံစမ်းမဲအစီအစဉ်များကိုပါ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဈေးရောင်းပွဲတော်ကနေ ရရှိလာတဲ့ အကျိုးအမြတ်တွေကို ရခိုင်ဒေသနဲ့ အခြားလိုအပ်တဲ့ဒေသများမှာ သွားရောက်လှူဒါန်းသွားမှာဖြစ်ပါတယ်။ ဈေးရောင်းပွဲတော်ကို မနက် ၁၀ နာရီကနေ ည ၁၀ နာရီအထိ ပြုလုပ်သွားမှာပါ။ ခရီးသွားလုပ်ငန်းကုမ္ပဏီတွေအပြင် စိတ်ပါဝင်စားတဲ့အခြားလုပ်ငန်းကုမ္ပဏီတွေ ပါဝင်ဆင်နွှဲသွားဖို့လည်း ဖိတ်ခေါ်လိုပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ CSR ဖောင်ဒေးရှင်းဥက္ကဋ္ဌဒေါ်အေးသီတာမိုးက ပြောသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်း၏ CSR ဖောင်ဒေးရှင်းကို ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သောဒေသများတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီစောင့်ရှောက်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်ဒေသများအား ရေရှည်တည်တံ့နိုင်ရေးလုပ်ဆောင်မှုများတွင် ပံ့ပိုးကူညီရန်၊ ခရီးသွားဒေသများတွင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ဒေသခံများအား ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

# စီးပွားရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ (Colourful Myanmar Event 2018) ကျင်းပ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ရည်ရွယ်၍ စီးပွားရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ (Colourful Myanmar Event 2018)ကို ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ခဲ့သည်။




အဆိုပါ ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Promoting Good Corporate Governance ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဇော်ဝင်းသိန်းက Banking & Finance ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဦးထင်ဇံကျော်က Talant Management ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခဒေါ်ခင်မာရီက Business Law In Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်ဦးက Tax For Every Citizens ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပေးခဲ့သည်။

"အခုဟောပြောပွဲမှာ ကုမ္ပဏီတွေ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ တစ်ဦးတစ်ယောက်ချင်းရဲ့ ဦးဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်နိုင်ဖို့ လုပ်ဆောင်နိုင်မယ့်နည်းလမ်းတွေ၊ အဖွဲ့အစည်းတစ်ခုမှာ စီမံခန့်ခွဲမှုပညာရဲ့ အရေးပါပုံ၊ ဘဏ်ချေးငွေအကြောင်းအရာတွေ၊ စီးပွားရေးနဲ့သက်ဆိုင်တဲ့ ဥပဒေတွေနဲ့ အခွန်ဆိုင်ရာကိစ္စရပ်တွေကို အဓိက ဟောပြောခဲ့ပါတယ်" ဟု ဟောပြောပွဲကို စီစဉ်သူတစ်ဦးက ပြောသည်။

ယခုဟောပြောပွဲကို စီဘီဘဏ်မှ အဓိကကူညီပေးခဲ့ကြောင်း သိရသည်။ ■

# MANAGEMENT DEVELOPMENT TRENDS AND PRACTICES ဟောပြောပွဲ ပြုလုပ်

စီမံခန့်ခွဲမှုဘာသာရပ်ကို စိတ်ပါဝင်စားသော လူငယ်များအတွက် ရည်ရွယ်၍ Management Development Trends And Practices ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်/စက်မှု အသင်းချုပ်၌ ပြုလုပ်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် လူ့စွမ်းအားအရင်းအမြစ်ပညာရပ် ကျွမ်းကျင်သူ ဦးဝင်းမြင့်အောင်နှင့် AMARA Management Academy တည်ထောင်သူ ဦးမင်းခေါင်တို့မှ စီမံခန့်ခွဲမှု ဘာသာရပ်၏ ရှေ့ဆက်အလားအလာကောင်းသောအချက်အလက်များကို ဖန်တီးရယူနိုင်ရန်အတွက် သိသင့်သိထိုက်သော ဗဟုသုတများ၊ အတွေ့အကြုံများကို ဟောပြောပေးခဲ့သည်။

"လူငယ်များအတွက် နောင်အနာဂတ်ကာလမှာ လေ့လာသင်ယူရမယ့် အချက်တွေ၊ လိုက်နာရမယ့်အချက်တွေ၊ ဘယ်လို ကြိုးစားပြင်ဆင်ရမယ်ဆိုတာတွေကို သိစေချင်လို့ ကျွန်တော်တို့ AMARA Management Academy က ဒီပွဲလေးကို ကျင်းပရခြင်း ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာလည်း စီမံခန့်ခွဲမှုပညာရပ်ပတ်သက်ပြီး လူငယ်တွေ လေ့လာသင်ယူနိုင်စေဖို့ ဟောပြောပွဲနဲ့ ဆွေးနွေးပွဲတွေကို ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု AMARA Management Academy တည်ထောင်သူ ဦးမင်းခေါင်က ပြောသည်။ AMARA Management Academy ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။

# ပဲခူးတိုင်းဒေသကြီး၏ ရသုံးမှန်းခြေငွေစာရင်းစာစောင် ထုတ်ဝေ

ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ Renaissance Institute နှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းအချက်အလက်များစာစောင်ကို စတင်ထုတ်ဝေလိုက်ကြောင်း ဖေဖော်ဝါရီ၂၆ရက်က ပဲခူးမြို့၊ မြို့တော်ခန်းမ၌ပြုလုပ်ခဲ့သည့် အဆိုပါစာစောင်မိတ်ဆက်အခမ်းအနားမှ သိရသည်။

ရသုံးမှန်းခြေ ငွေစာရင်းအချက်အလက်များစာစောင်သည် ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို ရိုးရှင်းသောနည်းလမ်းများဖြင့် လူထုနားလည်အောင်ဖော်ပြထားပြီး ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် ဘတ်ဂျတ်ရေးဆွဲခြင်းဆိုင်ရာဖြစ်စဉ်တွင် ပြည်သူလူထု ပါဝင်လာနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

**သန်းထိုက်အောင် စုစည်းသည်**

"အစိုးရရဲ့ ရငွေဆိုတာ ပြည်သူတွေဆီက ရတဲ့ပိုက်ဆံဖြစ်သလို သုံးငွေဆိုတာလည်း ပြည်သူတွေအတွက်ပဲ သုံးရတာပါ။ ပြည်သူတွေအနေနဲ့ သူတို့ရဲ့ ပိုက်ဆံတွေကို သူတို့ခန့်ထားတဲ့ အစိုးရက ဘယ်နေရာတွေမှာ သုံးလိုက်သလဲဆိုတာကို သိနိုင်ဖို့အတွက် ရသုံးမှန်းခြေငွေစာရင်း အချက်အလက်များစာစောင်ကို ထုတ်ဝေရခြင်းဖြစ်ပါတယ်။ အခုလို ပြည်သူတွေအနေနဲ့ ဘတ်ဂျက်(ရငွေ သုံးငွေ)တွေကို သိသွားတဲ့အတွက် အခွန်တွေကိုပေးဆောင်ပြီး ပြည်သူကိုယ်စားအကောင်အထည်ဖော်ရတဲ့ အစိုးရအတွက်လည်း ပိုအဆင်ပြေပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း အချက်အလက်များစာစောင်ကို စာအုပ်ပုံစံဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

"ရသုံးမှန်းခြေငွေစာရင်း အချက်အလက်များ စာစောင်ကအစိုးရရဲ့ အဓိက သတင်းအချက်အလက်တွေကို ပြည်သူတွေဆီ ရိုးရှင်းလွယ်ကူစွာ တင်ပြခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေဆီက ရသုံးမှန်းခြေငွေစာရင်းအချက်အလက်တွေကို ထုတ်ဝေလာခြင်းဟာ ဒီမိုကရေစီ အကူးအပြောင်းကာလမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူတာဝန်ခံမှုကို ပြသခြင်းဖြစ်ပါတယ်။ ပြည်သူတွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုခိုင်မာလာစေဖို့ အခုလို တာဝန်ခံမှုရှိစွာ ဆောင်ရွက်မှုအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရကို ဂုဏ်ပြုလိုပါတယ်" ဟု အာရှဖောင်ဒေးရှင်း၏ ဌာနေကိုယ်စားလှယ် ဒေါက်တာကင်ဘီနင်က ပြောသည်။



## မြို့ကြီးများ၏ ၅-၃-၂၀၁၈ မှ ၉-၃-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၃-၂၀၁၈) | အင်္ဂါ(၆-၃-၂၀၁၈) | ဗုဒ္ဓဟူး(၇-၃-၂၀၁၈) | ကြာသပတေး(၈-၃-၂၀၁၈) | သောကြာ(၉-၃-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြစ်ကြီးနား | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| လားရှိုး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၈°C/၉၁°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၈°C/၄၆°F | တိမ်အသင့်အတင့် ၆°C/၄၃°F | တိမ်အသင့်အတင့် ၉°C/၃၉°F | တိမ်အသင့်အတင့် ၄°C/၄၁°F | တိမ်အသင့်အတင့် ၆°C/၄၃°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F |
| တောင်ငူ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၉°F |
| မုံရွာ | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ပုသိမ် | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F |
| မြိတ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| မကွေး | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| ဖလမ်း | နေသာ ၂၁°C/၇၀°F | နေသာ ၂၄°C/၇၇°F | နေသာ ၂၆°C/၇၉°F | နသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၉°F |

# အင်ဒိုနီးရှားနိုင်ငံတွင် လေပွေများ တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး ငါးဦးဒဏ်ရာရ

ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆုမတြားကျွန်းရှိ ဒိုင်ရီတိုင်းတွင် လေပွေများ တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆောက်အအုံများနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း ဂျာကာတာပို့စ်သတင်းတွင် ဖော်ပြသည်။ သေဆုံးသူမှာ ပါဂန်ဂန်ဂျူလူခရိုင်ခွဲရှိ ဆိုင်းဘိုရပ်ကျေးရွာတွင် နေထိုင်သူ ရစ်ဆန်ဂီဆန်းဆိုသူဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ ရန်ကွန်နှင့် ပါဘွာဟန်ကျေးရွာများမှဖြစ်သည်။

ရစ်ဆန်သေဆုံးရခြင်းမှာ အဆောက်အအုံပြိုကျမှုကြောင့်ဖြစ်ကြောင်း ဒိုင်ရီတိုင်းအုပ်ချုပ်ရေးအဖွဲ့က ဒုက္ခကြုံတွေ့ရသောမိသားစုကို ငွေကြေးထောက်ပံ့ခဲ့ကြောင်း အုပ်ချုပ်ရေးမှူးကပြောသည်။ ဒဏ်ရာရရှိသူအားလုံးကို ဆေးအဖွဲ့က ကုသပေးလျက်ရှိပြီး လေပွေတိုက်ခတ်မှုကို လူမှုရေးရာဝန်ကြီးဌာနသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်းနှင့် နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း သူကပြောသည်။

ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ကျရေး အေဂျင်စီ၏ ထုတ်ပြန်ချက်အရ ပျက်စီးဆုံးရှုံးသော အဆောက်အအုံ အရေအတွက်မှာ ၁၀၀ ကျော်ရှိပြီး နေအိမ်များ၊ ဘုရားရှိခိုးကျောင်းများနှင့် ကျောင်းများပါဝင်သည်။

အခင်းဖြစ်ပွားချိန်က ရန်ကွန်ကျေးရွာသူ ဆာမာလီယာဘီအာ ဘာဂါလာသည် သူ့နေအိမ်မှ မဝေးကွာလှသောလယ်ကွင်းထဲတွင် အလုပ်လုပ်နေကြောင်း ဂျာကာတာပို့စ်သတင်းဌာနသို့ ပြောသည်။ သူ့နေအိမ်အမိုးမှ ဗုန်းဆိုသောအသံကြီးကို ကြားလိုက်ရသောအခါ တုန်လှုပ်ချောက်ခြားမှုဖြစ်ခဲ့ရကြောင်းနှင့် လေပွေကြောင့် အိမ်အမိုး၊ ကုန်ခြောက်ဆိုင်နှင့် အီလက်ထရွန်းနစ်ကိရိယာများ ပျက်စီးခဲ့ကြောင်း ၎င်းကပြောသည်။

"အဖြစ်အပျက်က လျင်မြန်လွန်းပြီး အကုန်လုံးကို ပျက်စီးသွားတော့တာပဲ။ ကျွန်မအိမ်နီးချင်းတွေလည်း အပျက်အစီးဒဏ်ခံရတယ်"ဟု ၎င်းကပြောသည်။ နေအိမ်များ ပြင်ဆင်ရန်အတွက် အစိုးရက အကူအညီပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောသည်။

ဉာဏ်တင်

# ယန်စီမြစ်ဝကျွန်းပေါ်ဒေသတွင် မီးခိုးမြူများထူထပ်စွာ ကျရောက်ခြင်းကိုဖြေရှင်းရန် ဒေသဆိုင်ရာအစိုးရများကို တိုက်တွန်း

ယန်စီနှင့် ပုလဲမြစ်ဝကျွန်းပေါ်ဒေသတွင် ဇန်နဝါရီလအတွင်းက မီးခိုးမြူများ ကျရောက်မှု ပိုမိုများပြားလာပြီးနောက် တရုတ်ဒေသန္တရအစိုးရများမှ ဒေသတွင်းလေထုညစ်ညမ်းမှုကို တာဝန်ယူဖြေရှင်းရန်နှင့် တခြားသူများအား အပြစ်တင်နေခြင်းကို ရပ်ဆိုင်းရန် အကြီးတန်းသဘာဝပတ်ဝန်းကျင်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်ကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မီးခိုးမြူကျဆင်းလေ့ရှိသော တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် ဆောင်းရာသီက ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာအရ လေထုညစ်ညမ်းမှုကျဆင်းခဲ့သော်လည်း ရှန်ဟဲဒေသနှင့် စက်မှုလုပ်ငန်းအထွန်းကားဆုံး ကျန်စုပြည်နယ်တို့အပါအဝင် တရုတ်နိုင်ငံအရှေ့ပိုင်းဒေသတွင် PM2.5 ဟုခေါ်သော မြူမှုန်များ ၂၀ ရာခိုင်နှုန်းအထိ ထူထပ်စွာကျရောက်လာသည်။

ဟောင်ကောင်ဒေသအနီး ပုလဲမြစ်ဝကျွန်းပေါ်ဒေသတွင် PM 2.5 မြူမှုန်များ ၃ ဒသမ ၉ ရာခိုင်နှုန်းထပ်မံမြင့်တက်လာသည်။ ထို့ကြောင့် မြောက်ပိုင်းဒေသတွင် နှိမ်နင်းမှုများကြောင့် စက်ရုံထောင်ပေါင်းများစွာ၏ ထုတ်လုပ်မှုကိုလျှော့ချရသောကြောင့် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတွင် အကြီးအကျယ်တိုးမြှင့်၍ ကုန်ထုတ်လုပ်လာမည်ကို စိုးရိမ်နေကြသည်။

စက်မှုလုပ်ငန်း ကုန်ထုတ်လုပ်မှုပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် တာဝန်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဝန်ကြီးဌာနရှိ လေထုညစ်ညမ်းမှု စစ်ဆေးရေးဌာနအကြီးအကဲ ဂျူဘင်ကျန်းက ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

"စက်မှုလုပ်ငန်းတွေရဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့် PM2.5 ဘယ်လောက် အတိုင်းအတာအထိ မြင့်တက်လာတယ်ဆိုတာကို ကျွန်တော်တို့အနီးကပ်လေ့လာစောင့်ကြည့်သွားပါမယ်။ သူတို့မှာ ဘယ်လို တာဝန်ရှိတယ်ဆိုတာကို ယန်စီမြစ်ဝကျွန်းပေါ်ဒေသက အစိုးရအဖွဲ့တွေ နားလည်မယ်လို့ယုံကြည်ပါတယ်"ဟု သူကပြောသည်။

ဉာဏ်တင်

# ရှွေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် Mobile Lab ယာဉ်ဖြင့် ဈေးကွက်ထောက်လှမ်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန အပါအဝင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က ရေဦးမြို့မ စည်ပင်သာယာဈေးအတွင်း ရောင်းချနေသောဈေးဆိုင် ၄၉ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၈၆ မျိုးကို နမူနာ ဝယ်ယူကာ စားသောက်ကုန်ပစ္စည်း ၇၃ မျိုးအား Mobile Lab ယာဉ်ပေါ်ရှိ Test Kit များဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ကြောင်း သိရသည်။ စစ်ဆေးသည့် စားသောက်ကုန်ပစ္စည်းများမှာ မုန်ညင်းချဉ်၊ ပဲချဉ်၊ မျှစ်ချဉ်၊ ကြက်သွန်ချဉ် စသည့် လက်လုပ်ချဉ်မျိုးစုံ၊ ချင်းချဉ်၊ လက်ဖက်ချဉ်၊ ငါးချဉ် စသည့် အချဉ်မျိုးစုံနှင့် မုန့်တီဖတ်များဖြစ်ပြီး စားသုံးရန်မသင့်သည့် စားသောက်ကုန်များ မတွေ့ရှိရကြောင်း၊ စလေဘီ၊ ပဲငါးပိ၊ ဆီတို့ဟူး အပါအဝင် နမူနာဝယ်ယူထားသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုးအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးချုပ်သို့ ဆက်လက်ပို့ဆောင်ကာ ဓာတ်ခွဲစစ်ဆေးပြီး တွေ့ရှိသည့် ရလဒ်အဖြေများကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ ဥက္ကဋ္ဌထံသို့ ပေးပို့ပြန်ကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အောင်မင်္ဂလာရပ်ကွက်ရှိ မုန့်တီဖတ် အလုပ်ရုံနှစ်ရုံသို့ သွားရောက်ပြီး သန့်ရှင်းမှုရှိ၊ မရှိ စစ်ဆေးကာ လိုအပ်သည်များကို ပညာပေးဆောင်ရွက်ခဲ့ကြောင်း၊ မုန့်တီဖတ်နမူနာများဝယ်ယူ၍ Test Kit များဖြင့် ဓာတ်ခွဲစစ်ဆေးရာ တာရှည်ခံဆေး ဖော်မလင် သုံးစွဲထားမှုမရှိ ကြောင်း တွေ့ရသည်။ ဆက်လက်၍ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေရတနာဝင်းကိတ်မုန့်၊ ပေါင်မုန့်လုပ်ငန်း၊ မွန်မေတ္တာ ကိတ်မုန့်၊ ပေါင်မုန့်လုပ်ငန်းနှင့် အောင်ဆန်းရပ်ကွက်ရှိ ဖိုးလပြည့်ကိတ်မုန့်၊ ဘီစကွတ်မုန့်လုပ်ငန်းများသို့ ဆက်လက် သွားရောက်စစ်ဆေးပြီး အလုပ်ရုံအတွင်း သန့်ရှင်းမှုရှိရေး၊ ခွင့်ပြုသည့် ဓာတုပစ္စည်းများကိုသာ အသုံးပြုရေး၊ လုပ်သားများအား လက်အိတ်၊ ခေါင်းစွပ်များဖြင့် စနစ်တကျသန့်ရှင်း သပ်ရပ်စွာ လုပ်ကိုင်စေရေး၊ အမှတ်တံဆိပ်၊ မူပိုင်ခွင့် မှတ်ပုံတင်ရရှိအောင် ဆောင်ရွက်ရေး၊ မုန့်အိတ်ပေါ်တွင် ထုတ်လုပ်သူလိပ်စာ၊ ပါဝင်ပစ္စည်းအမျိုးအစားနှင့် ပါဝင်မှုပမာဏ၊ ဖုန်းနံပါတ်၊ သက်တမ်းကုန်ဆုံးရက်များ ပြည့်စုံစွာ ဖော်ပြရေး စသည်ဖြင့် ပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**အောင်ညွှန့်(ရေဦး)**

# မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၁၈)ကျင်းပ

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်တွင်ကျင်းပခဲ့ရာ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ကိုးဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက စားသုံးသူအငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရေးအဖွဲ့ကို မြို့နယ်အဆင့်ဖွဲ့စည်းထားခြင်း မရှိဘဲ ခရိုင်အဆင့်ဖွဲ့စည်းထားကြောင်းနှင့် ယခုအချိန်ထိ စားသုံးသူအငြင်းပွားမှုနှင့်ပတ်သက်၍ တိုင်ကြားမှုမရှိသေးကြောင်း၊ မုံရွာခရိုင်လက်အောက်ရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်နေသဖြင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအနေဖြင့် မလိုက်နိုင်ပါက ကိုယ်စား ထည့်ပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအားလုံး ပါဝင် ကြီးကြပ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ကဏ္ဍာကြီးခြောက်ခုဖြစ်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဈေးများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေး ဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ခြင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို လအလိုက်/ နှစ်အလိုက် စီမံချက်များရေးဆွဲပြီး စီမံချက်ပြည့်မီကျော်လွန်အောင် လစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ယခင်လစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံး ဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဖေဖော်ဝါရီလအတွင်း လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရပါကြောင်း၊ သက်ဆိုင်ရာဌာနများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို နွေရာသီ ကျောင်းပိတ်ရက်များဖြစ်သော မတ်လ၊ ဧပြီလ၊ မေလများတွင် ရပ်ကွက်/ကျေးရွာများရှိ ဓမ္မာရုံ/ ဘုန်းတော်ကြီးကျောင်းများ၌ ကျင်းပရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ဓမ္မစကူးလ် ကျောင်းများမှ ကျောင်းသား/ ကျောင်းသူများကို အသိပညာပေးရန်အတွက် ခရိုင်သာသနာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းရန်၊ မုံရွာမြို့နယ်၌ ဈေး(၁)ဈေးကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းကိစ္စကို စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဟူ၍ ဆုံးဖြတ်ချက်သုံးခုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သန်းသန်းတင် (မုံရွာ)**

# ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ သိမ်းဆည်းရရှိသော သက်တမ်းလွန်နှင့် မှတ်ပုံတင်မရှိသော ဆေးဝါးများအား မြေမြှုပ်ဖျက်ဆီး

ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်တွင် ပုသိမ်မြို့ မြို့မဈေးအတွင်းရှိ တိုင်းရင်းဆေးနှင့် နိုင်ငံခြား ဆေးဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်များမှ သက်တမ်းလွန်၊ ကုန်ဆုံးရက်မပါAMOXICILLIN နိုင်ငံခြားဆေးများ၊ တောင်ဆိတ်ဆီ မြန်မာအကြောလိမ်းဆေးများ၊ မြဇင်ယော်အစာအိမ်ဆေးများ၊ ရွှေယုန်မင်း အနာလိမ်းဆေးများအား စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ပြီး လုံခြုံစိတ်ချရမှုမရှိသဖြင့် သိမ်း ဆည်းခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင်ကျင်းပသည့် ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြခဲ့ရာ အဆိုပါ သိမ်းဆည်းပစ္စည်းများအား မြေမြှုပ်ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်အရ သိမ်းဆည်းထားသော နိုင်ငံခြားဆေး၊ တိုင်းရင်းဆေးများကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပုသိမ်ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချို ဦးဆောင်၍ အတွင်းရေးမှူး ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစိုးဦးနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များပါဝင်သော ပုသိမ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့သည် စားသုံးသူရေးရာဦးစီးဌာန ရုံးဝင်းအတွင်း မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်းနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၂(ဇ)အရ စားသုံးသူများ လိမ်လည်လှည့်ဖြားမှုမခံရစေရေးအတွက် ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်အတိုင်းအရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မောင်ပုသိမ်**

# ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာမွေမြို့နယ် (ဒဂုဏ်ညွှန့်ဈေး)တွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည်ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန်နှင့် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍လစဉ် မြို့၊ ရွာ၊ ရပ်ကွက်၊ ဈေးများနှင့် အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၁၆ ရက်၌ တာမွေမြို့နယ် (ဒဂုဏ်ညွှန့်ဈေး)တွင် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဈေးတွင်ကျင်းပပြုလုပ်သော ပညာပေး ဟောပြောပွဲ၌ ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ စာရင်းကိုင်-၃ ဦးမောင်မောင်သောင်းက ပညာပေးဟောပြောရာတွင် စားသုံးသူများ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကျင့်ဝတ်သိက္ခာများ၊ အိမ်သုံးဆေးဝါးများဝယ်ယူအသုံးပြုရာတွင် အထူးဂရုပြုရမည့် အချက်များ၊ Social Media များမှ ရောင်းချနေသော ထုတ်ကုန်များ၏ လုံခြုံစိတ်ချရရှိမှုအားနည်းချက်များ ယနေ့ခေတ်တွင် ခေတ်စားနေသော (Multi Level Marketing ) ဆင့်ပွားကွန်ရက်ချိတ်ဆက်စီးပွားရေး စနစ်အပေါ် စားသုံးသူပြည်သူများ စဉ်းစားချင့်ချိန်၍ရွေးချယ်သင့်ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်နှင့်ဝန် ဆောင်မှုများကိုဝယ်ယူအသုံးပြုရာတွင် စားသုံးသူများ နစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှုအခြေအနေ၊ တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ စားသုံးသူများကိုကာကွယ်ပေးနိုင်ရန် ရေးဆွဲထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ဈေးသူဈေးသားများမှလည်း မိမိတို့၏ ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို ရောင်းဝယ်ဖြန့်ဖြူးရာတွင် စေတနာအရင်းခံ၍ ရောင်းဝယ်ကြရန် တိုက်တွန်းဟောပြောခဲ့ပါသည်။

ဆက်လက်ပြီး စာရင်းကိုင်-၃ ဒေါ်အေးအေးမော်က ပညာပေးဟောပြောရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းဓာတ်ကျန်၏ အန္တရာယ်များ၊ ဖော်မလင်၏ဆိုးကျိုးများ၊ မှည့်ဆေး၊ ယင်မနားဆေး အသုံးပြုထားသော အစားအသောက်များကို မည်ကဲ့သို့ ဂရုပြုစားသုံးသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော ဓာတုဆိုးဆေးများအကြောင်းနှင့် ကျရောက်နိုင်သောရောဂါဘယများကိုလည်း ရုပ်ပုံများနှင့်တကွ အသိပညာပေးဟော ပြောခဲ့ပြီး တက်ရောက်လာသော ဈေးသူဈေးသားများက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိရှိလိုသမျှ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားခဲ့ပါသည်။ ဟောပြောပွဲအပြီးတွင် အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဝန် ထမ်းများနှင့် ဈေးဌာနတာဝန်ရှိသူများသည် ဈေးအတွင်းအစားအသောက်များ၊ ကျန်းမာရေးနှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ တားမြစ်ပိတ်ပင်ထားသော စားသောက်ကုန်များနှင့် လူသုံးကုန်များ ဖြန့်ဖြူး ရောင်းချခြင်းရှိမရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

**ဖြိုးသီဟ**

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အား ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ပါသည်

# မြန်မာ့ဆန်စပါးနဲ့ ကမ္ဘာ့ဆန်ဈေးကွက်

| မောင်တိုးအောင် |

## မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုသမိုင်း

ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိကစားနပ်ရိက္ခာ (Staple Food)ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အဓိကစားနပ်ရိက္ခာ (Staple Food) ကိုအလေးအနက်ထားကိုင်တွယ်ကြပြီး တချို့သော နိုင်ငံများတွင် (Political crop) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ လွန်ခဲ့သော ၃၃ နှစ်ခန့်က သီးနှံစီမံခန့်ခွဲမှု သင်တန်းတစ်ခုမှာ ဆန်အကဲဖြတ်အဖွဲ့ဝင် ဆရာကြီးဦးလှအောင်က "မင်းတို့ အရင်တွေ့ခဲ့ဖူးတဲ့ ကျည်ဆန်က တစ်ဖက်ပဲ ချွန်တယ်၊ အခု ထိတွေ့ကိုင်တွယ်ရမယ့် ဆန်စပါးက နှစ်ဖက်ချွန်ဖြစ်လို့ လုပ်ကိုင်ဆောင်ရွက်ရာမှာ တစ်ဖက်တည်း စဉ်းစားလို့မရဘူး၊ နှစ်ဖက်စလုံးအကျိုးရှိဖို့ စဉ်းစားဆုံးဖြတ်ရမှာ ဖြစ်တယ် (ဥပမာ - စားသုံးသူနဲ့ တောင်သူ၊ ပြည်တွင်းနဲ့ ပြည်ပ၊ စက်ပိုင်နဲ့ ဝန်ထမ်း)" ဆိုပြီး မှာကြားခဲ့ဖူးပါတယ်။ သမိုင်းအထောက်အထားများအရ ဗိဿနိုးမြို့ဟောင်းမှာ စပါးခွံပါတဲ့ အုတ်ကိုတွေ့ရပြီး၊ ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာ မြို့ဟောင်းတွေမှာ ရိက္ခာဖူလုံဖို့ စပါးစိုက်ပျိုးတဲ့ အထောက်အထားတွေ့တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက မြန်မာနိုင်ငံမှာဆန်စပါးကို စိုက်ပျိုးစားသောက်တဲ့ အလေ့အထရှိခဲ့ပါတယ်။

## ရှေးဘုရင်များလက်ထက် ဆန်စပါးပြည်ပတင်ပို့မှု

ဆန်စပါး ပြည်ပတင်ပို့မှုကို ဟံသာဝတီ ခေတ် (၁၂၈၇-၁၅၃၉) တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အီတလီလူမျိုး ဗာသီမာဆိုသူ၏ မှတ်တမ်းအရ ပဲခူးမှ မလက္ကာနှင့် ဆူမတြားကျွန်းများသို့ ဆန်စပါးများ တင်ပို့ရောင်းချကြောင်း သိရှိရပါတယ်။ မလက္ကာမြို့ကို ပေါ်တူဂီများ ၁၅၁၁ ခုနှစ် သိမ်းစဉ်က မြန်မာနိုင်ငံကဆန်စပါးနှင့် ကုန်စည်တွေ လာရောင်းကြတဲ့ မြန်မာသင်္ဘောသား (သို့) ကုန်သည် ၃၀၀ ခန့် လောက်ရှိနေတယ်လို့ မှတ်တမ်းများအရ သိရှိရပါတယ်။ ၁၇ ရာစုမှာတော့ ဒတ်ချ်တွေဟာ ရခိုင်၊ အင်းဝနဲ့ ပဲခူးဈေးကွက်တွေက ဆန်စပါးဝယ်ယူတယ်လို့ သိရပါတယ်။ ဒတ်ချ်ကုန်တိုက်များကို မြောက်ဦးမြို့တွင် ၁၆၂၄ ခုနှစ်၊ သန်လျင်နဲ့ အင်းဝမြို့တွေမှာ ၁၆၃၅ ခုနှစ်မှာ ဖွင့်လှစ်ရောင်းဝယ်ကြတယ်လို့ ဆရာကြီး လူထုဦးလှရဲ့ 'စားစရာဆန်' စာအုပ်မှာ ဖော်ပြထားပါတယ်။ အဲဒီအချိန်က ဆန်စပါးရောင်းဝယ်မှုကို ဘုရင်တွေကိုယ်တိုင် ကိုင်တွယ်ကြပြီး၊ ဘုရင်မှခန့်အပ်သည့် ပွဲစားများက သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းကြရပါတယ်။ ဘယ်အချိန် ဘယ်ဈေးထားရမယ်ဆိုတာ ဘုရင်ကဆုံးဖြတ်ပြီး ပြည်တွင်းပိုလျှံမှုကိုသာ ပြည်ပသို့ ရောင်းချစေပြီး ဈေးနှုန်းချိုးဖောက်တဲ့ ပွဲစားကို သေဒဏ်ပေးတဲ့အထိ အရေးယူတယ်လို့ သိရပါတယ်။ ဒီအချိန်က အများဆုံး တင်ပို့တာ မလက္ကာ၊ ဂျာဗားနဲ့ ဆူမတြားဒေသတွေဖြစ်ပြီး မြန်မာ့ဆန်စပါးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ခန့်ကတည်းက ပင်လယ်ရပ်ခြား တိုင်းပြည်တွေကို ရောင်းချနေပြီလို့ ဆိုနိုင်ပါတယ်။

## ကိုလိုနီခေတ်ဆန်ပြည်ပတင်ပို့မှု

အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၂၅) အပြီးမှာ စစ်တွေ ဆိပ်ကမ်းကနေ နိုင်ငံခြားကုမ္ပဏီများက ပြည်ပကို ဆန်စပါးတင်ပို့မှုကို စတင်ခဲ့ကြပါတယ်။ ၁၈၄၀ ခုနှစ်မှ ဆန်တန်ချိန် ၇၄၅၀၀ တင်ပို့ခဲ့ပြီး ဥရောပဈေးကွက်၊ အာရှဈေးကွက် (၂) ပိုင်းစလုံး တင်ပို့ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ၁၈၅၄-၅၅ ပြီးချိန်မှာ အောက်မြန်မာနိုင်ငံမှာစပါး စိုက်ပျိုးမှုတိုးလာလို့ တင်ပို့မှုလည်း တိုးတက်လာပါတယ်။ ၁၈၆၅ ခုနှစ်မှာ တန်ချိန် ၁ ဒသမ ၆ သိန်းကျော်၊ စူးအက်တူးမြောင်း ၁၈၆၉ ဖောက်လုပ်ပြီးနောက်ပိုင်း ၁၈၈၀ ပြည့်နှစ်မှ တန်ချိန် ၈ ဒသမ ၅ သိန်း တင်ပို့နိုင်ခဲ့ပါတယ်။ ၁၈၈၃ ခုနှစ်တွင် တွံတေးတူးမြောင်းဖောက်လုပ်ခဲ့ပြီး ၁၈၉၀ ခုနှစ်မှာတော့ တန်ချိန် ၁ ဒသမ ၁ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်မှာတော့ တန်ချိန် နှစ်သန်းကျော်အထိ ဆန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆိပ်ကမ်းများလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်က အဓိကတင်ပို့တဲ့ ဆိပ်ကမ်းတွေနဲ့ တင်ပို့တဲ့ ရာခိုင်နှုန်းတွေက ရန်ကုန် ၇၃ ရာခိုင်နှုန်း၊ ပုသိမ် ၁၂ ရာခိုင်နှုန်း၊ စစ်တွေ ၈ ရာခိုင်နှုန်းနဲ့ မော်လမြိုင် ၆ ရာခိုင်နှုန်း အသီးသီး ဖြစ်ကြပါတယ်။ ထားဝယ်နှင့် မြိတ်ဆိပ်ကမ်းတို့မှလည်း ၁ ရာခိုင်နှုန်းခန့် အနည်းငယ် တင်ပို့ပါတယ်။

အလားတူ ဆန်စက်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာပါတယ်။ စတင် ပြည်ပတင်ပို့စဉ်က လုံးတီးဆန်အဖြစ် တင်ပို့ကြပေမယ့် နောက်ပိုင်းဆန်စက်လုပ်ငန်းများ တိုးတက်လာပြီး ဆန်ဖြူ၊ ဆန်ကွဲ နဲ့ ပြုတ်ဆန် (ပေါင်းဆန်)များကို တင်ပို့နိုင်တဲ့အပြင် အဆင့်မြင့်ဆန်အဖြစ် ဆန်ဖြူကို သိုးသားရေနှင့်ပွတ်ပြီး အရောင်တင် (Polish) ထားတဲ့ ဆန်များကိုပါ တင်ပို့နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ် မဖြစ်မီကာလကမြန်မာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းမှာ ဥရောပတိုက်ဖြစ်ပြီး ဂျာမနီနိုင်ငံသည် မြန်မာ့ဆန်အများဆုံးဝယ်သောနိုင်ငံ ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဂျာမနီ လုပ်ငန်းရှင်ကြီးများက ဆန်စက်များကို တိုးချဲ့တည်ဆောက်လာကြရာ မြန်မာ့ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး ၁၉၁၈ ခုနှစ်တွင် ဆန်စက် ၃၃၂ လုံးရှိခဲ့ရာမှ ၁၉၃၀ ခုနှစ်မှာ ဆန်စက် ၆၁၃ လုံးထိ ရှိလာခဲ့ပါတယ်။ ပထမကမ္ဘာစစ်ပြီးတဲ့အချိန်မှာတော့ ဂျာမနီပိုင်ဆန်စက်များကို အင်္ဂလိပ်က သိမ်းပိုက်လိုက်ပါတယ်။ ၁၉၀၀ ပြည့်နှစ်ခန့်မှာ ခနောင်တိုဒေသမှာစတီး ဘရားသားကုမ္ပဏီက ၂၄ နာရီစပါးတန် ၁၅၀၀ ဆန်တန် ၁၀၀၀ ကြိတ်ခွဲနိုင်တဲ့ ဆန်စက်ကြီးကို တည်ဆောက်ခဲ့ပြီး အဲဒီအချိန်က ကမ္ဘာမှာအကြီးဆုံး ဆန်စက်ဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဗုံးကြဲခံရတဲ့အတွက် ပျက်စီးသွားကြောင်း သိရပါတယ်။

ကိုလိုနီခေတ်တွင် ဆန်စပါးဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေလမ်း (တူမြောင်းများအပါအဝင်)၊ ရထားလမ်းများကို အဓိက အသုံးပြုခဲ့ပါတယ်။ ငွေကြေးကဏ္ဍ အထောက်အကူဖြစ်စေရန်အတွက် ဘဏ်များကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့ရာ ၁၈၆၂ ခုနှစ်၌ ဘင်္ဂလားဘဏ်၊ ဩစတြေးလျဘဏ်၊ တရုတ်ချာတာဘဏ်နှင့် ဥရောပဘဏ်များကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်က မြန်မာနိုင်ငံတွင် စုစုပေါင်းဘဏ် ၃၃ ခုအထိ ရှိခဲ့ပါတယ်။ တောင်သူများသို့ ငွေချေးရန်အတွက် ငွေချေးလုပ်ငန်းတွင် ကျွမ်းကျင်သူချစ်တီးများကို ဒေသအနှံ့ဖြန့်ကြက် လုပ်ကိုင်စေခဲ့ပါတယ်။ အမတော်ကြေးများလည်း ထုတ်ချေးပေးခဲ့တဲ့အပြင် အချို့ဘဏ်များသည် ငွေကြေးများကို ချစ်တီးများမှတစ်ဆင့် ထုတ်ချေးစေခဲ့ပါတယ်။

၁၉၂၇-၂၈ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၁ သန်းထိ စတင်တင်ပို့နိုင်ခဲ့ပြီး ၁၉၃၄-၃၅ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၅၉ သန်းထိ စံချိန်တင် တင်ပို့နိုင်ခဲ့ရာ ထိုအချိန်က ကမ္ဘာ့ဆန်ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ပြီး ကမ္ဘာ့နံပါတ် (၁) ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ ဆန်တင်ပို့မှုရပ်ဆိုင်းခဲ့ပါတယ်။ စစ်ကြီးပြီးလို့ ၁၉၄၆ ခုနှစ်မှာ ဆန်တန်ချိန် နှစ်သိန်းစတင်တင်ပို့ခဲ့ပြီး ၁၉၄၇-၄၈ လွတ်လပ်ရေးရမယ့်နှစ်မှာ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှစ၍ လွတ်လပ်ရေးရချိန်အထိ မြန်မာ့ဆန်စပါးကဏ္ဍကို နိုင်ငံခြားဆန်စပါးကုမ္ပဏီများကသာ လွှမ်းမိုးခဲ့ကြပြီး ၁၉၂၁ မှာ နိုင်ငံခြားကုမ္ပဏီကြီး လေးခု ပူးပေါင်း၍ ဘူလင်ဂျာပူး (Bullinger Pool) ကို ဖွဲ့စည်းပြီးလက်ဝါးကြီးအုပ် စိတ်ကြိုက်ခြယ်လှယ်ခဲ့ကြရာမှ အကျိုးဆက်အနေနဲ့ ပြည်တွင်း စပါးဈေးတွေ အလွန်အမင်းကျဆင်းခဲ့ပြီး တောင်သူများ စားဝတ်နေရေးကျပ်တည်းလာရာမှ သာယာဝတီခရိုင်တွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါက်ပေါက်လာခဲ့ရပါတယ်။


## လွတ်လပ်ရေးရပြီးခေတ်

လွတ်လပ်ရေးရသည့်အချိန်တွင် မြန်မာ့ဆန်စပါးလောကကို နိုင်ငံခြားကုမ္ပဏီများ လွှမ်းမိုးမှုမှ မြန်မာ့ဆန်စပါးလုပ်ငန်းရှင်များမှ ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (SAMB)ကို (၁၄. ၁၁. ၁၉၄၇) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ်ရေးပြီး(၁)နှစ်အတွင်း မြန်မာ့ဆန်စပါးကဏ္ဍ၏ ၇၅ ရာခိုင်နှုန်းကို တိုင်းရင်းသား လုပ်ငန်းရှင်များက ဆောင်ရွက်လာနိုင်ပြီး ပြည်ပဆန်တင်ပို့မှုတန်ချိန် ၁ သန်းနှင့် ၂ သန်းကြား တင်ပို့နိုင်ခဲ့ရာ ၁၉၆၅-၆၆ ခုနှစ်အထိ ၁ သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စာမျက်နှာ - ၃၁ သို့

မြန်မာဆန်တင်ပို့မှုအခြေအနေနှင့် ပတ်သက်၍ USDA ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် Grain: World Markets and Trade ၏ ဖော်ပြချက်ပါ ဇယားနှင့် သုံးသပ်ချက်အား သိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။

**Burma Rises as a Major Rice Exporter in Southeast Asia**




Burma's (Myanmar's) emergence as a significant supplier is intensifying competition among Southeast Asia rice exporters. In 2017, the country positioned itself as a major player in global rice exports, more than doubling its exports from 2016. Burma is forecast to boost its exports again in 2018 to 3.3 million tons, the same amount as the United States.



# ဘောလုံးအသင်းတစ်သင်းနှင့် စာချုပ်လက်မှတ်ရေးထိုးတော့မည်ဟု အူစိန်ဘော့ဆို


အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရှစ်ခု ရယူထားနိုင်သည့် ကမ္ဘာ့အပြေးချန်ပီယံ ဂျမေကာနိုင်ငံသား အူစိန်ဘော့သည် ဘောလုံးအသင်းတစ်သင်းနှင့် မကြာမီစာချုပ်လက်မှတ်ရေးထိုးသွားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အသက် (၃၁)နှစ်ရှိ အူစိန်ဘော့သည် ဂျာမန်ဘွန်ဒက်စ်လီကာကလပ် ဒေါ့မွန်အသင်းနှင့်အတူ ခြေစွမ်းစမ်းသပ်ရန် စီစဉ်နေကြောင်းလည်း သိရသည်။ ၎င်းသည် ဒေးဗစ်ဘက်ခမ်းပိုင်ဆိုင်သည့် မေဂျာလိဂ်ကလပ် မီယာမီအသင်းတွင် ကစားရန်ရှိနေကြောင်း သတင်းများထွက်ပေါ် လျက်ရှိသော်လည်း မည်သည့်အသင်းတွင် ကစားသွားမည်ကို ပြောဆိုရန်စောနေသေးကြောင်း ဆိုခဲ့သည်။

"ကျွန်တော် ဘောလုံးအသင်းတစ်သင်းနဲ့ မကြာမီအချိန်အတွင်းမှာ စာချုပ်ချုပ်သွားဖို့ရှိနေပါတယ်။ အလွတ်သဘောတူညီမှု ရရှိထားပြီးပါပြီ။ ဆေးစစ်မှုခံယူပြီးရင်တော့ ဘယ်အသင်းမှာ ကစားမယ်ဆိုတာကို ထုတ်ဖော်ပြောဆိုသွားမှာပါ။ ကျွန်တော်ဟာ မန်ယူအသင်းကို ဖာကူဆန်ကိုင်တွယ်ခဲ့စဉ်ကပင် မန်ယူအသင်းမှာ ကစားဖို့ ရူးသွပ်ခဲ့သူတစ်ဦးပါ။ ဒါပေမယ့် မန်ယူအသင်းက ကျွန်တော့်ကို အခွင့်အရေးတွေ မပေးခဲ့ပါဘူး။ ဒေါ့မွန်လိုအသင်းမျိုးမှာ ကစားခွင့်ရမယ်ဆိုရင်လည်း ကျွန်တော့်အတွက် သိပ်ကောင်းတဲ့ ရလဒ်တစ်ခုပါ"ဟု ပြောကြားခဲ့သည်။ အူစိန်ဘော့သည် မန်ယူအသင်း၏ အမာခံပရိသတ်တစ်ဦးဖြစ်သလို မန်ယူအသင်းတွင် ပါဝင်ကစားခွင့်ရရှိရေးအတွက်လည်း ကြိုးစားခဲ့ဖူးသူ ဖြစ်သည်။

# ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရပါက အသင်းမှ ထွက်ခွာမည်ဟု ဟာဇက်နှင့် ကော်တိုရစ်တို့ပြောကြား

ယခုနှစ်ရာသီကုန်တွင် ချယ်လ်ဆီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဟာဇက်နှင့် ကော်တိုရစ်တို့ကမန်ယူကို ရှုံးနိမ့်ခဲ့သည့်ပွဲအပြီးတွင် ပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၂၈) အိုးထရက်ဖို့ဒ်တွင် မန်ယူကို ၂ဂိုး- ၁ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အဆင့်(၅)နေရာသို့ရောက်ရှိသွားပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ရရှိရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့ရသည်။ ချယ်လ်ဆီးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြနေသည့် ဟာဇက်ကို ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေ ကြပြီး ၎င်းကစားသမားမှာ ချယ်လ်ဆီးအသင်းကို စွန့်ခွာမည်ဆိုပါက ရီးရဲလ်မက်ဒရစ်သို့မဟုတ် မန်စီးတီး အသင်းသို့ရောက်ရှိရန် နီးစပ်နေသည်ဟု ဟောကိန်းများထုတ်နေကြသည်။

ထို့ပြင် ကော်တိုရစ်သည်လည်း စပိန်လာလီဂါသို့ ပြန်သွားဖွယ်ရှိကြောင်း သတင်းများထွက်ပေါ် လျက်သည်။ ချယ်လ်ဆီးအသင်းသည် ၂၈ ပွဲ ကစားအပြီးတွင် ၁၆ ပွဲနိုင်၊ ငါးပွဲသရေကျကာခုနစ်ပွဲအထိ ရှုံးနိမ့်ထားပြီး ရမှတ် ၅၃မှတ်ဖြင့် အဆင့် (၅) နေရာတွင်သာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်း ဂိုးသွင်းယူနိုင်မှုမှာလည်း မန်စီးတီး၊ မန်ယူ၊ လီဗာပူးနှင့် စပါးတို့ထက် လျော့ကျနေသည်။






# ခြောက်ကြိမ်မြောက် ရွှေဘောလုံးဆုရယူရန် စီရိုနယ်ဒိုမျှော်မှန်း

ရီးရဲလ်မက်ဒရစ်ကစားသမား စီရိုနယ်ဒိုက ရွှေဘောလုံးဆုကို ခြောက်ကြိမ်မြောက်ရယူရန် မျှော်မှန်းလျက်ရှိနေပြီး ယင်းဆုကိုရယူရန်အတွက် မည်သည့်ကစားသမားနှင့်မဆို စိန်ခေါ်နိုင်စွမ်းရှိကြောင်း ပြောဆိုလိုက်သည်။

"ကျွန်တော့်အနေနဲ့ ကစားသမားဘဝက အနားမယူခင်မှာ ရွှေဘောလုံးဆုကို ရယူချင်ပါသေးတယ်။ အဲဒီအတွက်လည်း ကျွန်တော်ကြိုးစားနေပါတယ်။ လက်ရှိအနေအထားအရ အဲဒီဆုအတွက် မက်ဆီအပါအဝင် ဘယ်ကစားသမားကိုမဆို စိန်ခေါ်နိုင်စွမ်းရှိနေပြီး ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့်ရှိနေပါတယ်" ဟု ပြောဆိုသည်။

စီရိုနယ်ဒိုသည် ရွှေဘောလုံးဆုကို ငါးကြိမ် ရယူထား သူဖြစ်ပြီး ၂၀၁၈ တွင်ပေးအပ်မည့် ရွှေဘောလုံးဆုကို ရယူရန်လည်း မျှော်မှန်းလျက်ရှိသည်။ ၎င်းကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ သမိုင်းသစ်ရေးထိုးနိုင်ခဲ့ရုံသာမက ရွှေဘောလုံးဆုရယူရာတွင်လည်း စံချိန်သစ်တစ်ခု ဖြစ်လာရန်မျှော်မှန်းထားသူဖြစ်သည်။

စီရိုနယ်ဒိုသည် ရွှေဘောလုံးဆုကို ၂၀၀၈၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရရှိထားပြီး မက်ဆီနှင့်အတူ ရွှေဘောလုံးဆုကို ငါးကြိမ်ပိုင်ဆိုင်ထားသူဖြစ်သည်။

# ယူရိုသန်း ၇၀ ဖြင့် ဆာဗစ်ကို ရနိုင်မည် မဟုတ်ကြောင်း လာဇီယိုအသင်းတုံ့ပြန်



လာဇီယိုအသင်းက ၎င်းတို့၏ကစားသမား မီလင်ကိုဗစ်ဆာဗစ်ကို ယူရိုသန်း ၇၀ ဖြင့်ဝယ်ယူ၍ ရနိုင်မည်မဟုတ်ကြောင်းပြောဆိုလိုက်သည်။ လာဇီယိုအသင်းအနေဖြင့် ၎င်းတို့၏ ကစားသမားကို ရောင်းထုတ်ရန် အစီအစဉ်ရှိသော်လည်း ယူရိုသန်း ၇၀ မှာ နည်းလွန်းသည့် ပမာဏသာဖြစ်ကြောင်း၊ ယင်းထက် ပိုမိုပေး၍ ခေါ်ယူမည်ဆိုပါက လက်လွှတ်သွားဖွယ်ရှိနေကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။

ဆာဗစ်ကို ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေပြီး အဆိုပါအသင်းများက ၎င်းကစားသမားများကို ယူရိုသန်း ၇၀ သာပေးရန် ဆန္ဒရှိနေသည်။ အသက်(၂၂)နှစ်ရှိ ဆာဗစ်က" ကျွန်တော့်ရဲ့ အပြောင်းအရွှေ့က ဖြစ်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဘယ်အသင်းကို ပြောင်းရွှေ့ကစားမယ်ဆိုတာကိုတော့ မဆုံးဖြတ်ရသေးပါဘူး။ ကျွန်တော့်ရဲ့ အနာဂတ်က လက်ရှိကစားနေတဲ့ လာဇီယိုအသင်းအပေါ် မှာပဲ အဓိကတည်မှီနေပါတယ်" ဟု ပြောကြားခဲ့သည်။

ဆာဗစ်သည် ဆားဘီးယားလက်ရွေးစင်ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဂျန့်အသင်းမှ လာဇီယိုအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် လာဇီယိုအသင်းတွင် ၈၃ ပွဲ ကစားပြီး ၁၄ ဂိုးသွင်းထားသူ ဖြစ်သည်။

# နေမာ၏ ဒဏ်ရာမှာ အလွန်အမင်း စိုးရိမ်စရာမလို



ပီအက်စ်ဂျီကစားသမား နေမာ၏ ခြေချင်းဝတ်ဒဏ်ရာမှာ အလွန်အမင်း စိုးရိမ်စရာမလို ကြောင်း ဆေးစစ်မှုများအပြီးတွင် အသင်းမှ ထုတ်ဖော်ကြေညာလိုက်သည်။နေမာသည် ဖေဖော်ဝါရီ ၂၅ ရက်က မာဆေးအသင်းနှင့် ကစားခဲ့သည့်ပွဲတွင်ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး ကွင်းအတွင်းမှ ထမ်းစင်ဖြင့် ထုတ်သွားခဲ့ရသည်။ တိုက်စစ်မှူး ကာဗာနီအပါအဝင် အသင်းဖော်များ အားလုံးက စိုးရိမ်ခဲ့ကြသော်လည်း နေမာ၏ဒဏ်ရာမှာ ထင်ထားသလောက် မပြင်းထန်ဘဲ ကာလရှည်ကြာ အနားယူရမည့်အနေအထားမျိုးမရှိခဲ့ကြောင်းသိရသည်။ သို့သော် ၎င်းကစားသမားသည် မတ် ၆ ရက်ညအတွက် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်နိုင်ရန်မှာ မသေချာတော့ကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းတွင် နေမာ ပါဝင်နိုင်ခြင်းမရှိပါက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ရင်ဆိုင်ရမည့်ပွဲမှာ အခက်အခဲများစွာ ရှိလာမည်ဖြစ်ကြောင်း အသင်းဖော်တိုက်စစ်မှူး ကာဗာနီက ပြောသည်။

ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းကလည်း ပီအက်စ်ဂျီအသင်းမှာ မိမိတို့၏ ပြိုင်ဘက်ဖြစ်သော်လည်း နေမာဒဏ်ရာရသွားမှုကိုများစွာ စိတ်မကောင်းဖြစ်မိကြောင်းနှင့် အမြန်ဆုံးပြန်ကောင်းလာနိုင်ရေး အတွက် ဆုတောင်းစကားများ ပေးပို့ပြောဆိုထားသည်။

ဝင်းတင်ဝင်း စုစည်းသည်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

|သန်းသန်းနိုင်|

**ယခင်တစ်ပတ်မှအဆက်**

**(ဆ)အဆုံးသတ်၊ ဖျက်သိမ်း၊ ရုပ်သိမ်းခြင်း**

၃၅။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ လျှောက်ထားမှုကို လက်ခံပြီး လုပ်ကိုင်နေချိန်တွင်အောက်ပါအချက်များရှိပါက ခွင့်ပြုမိန့် ချပေးရန်လုပ်နေသော အလုပ်များအားလုံး ရပ်နားထားရမည်။

(၁) လျှောက်ထားသည့်ကိစ္စမှာ လိုင်စင်မလိုသော လုပ်ငန်းဖြစ်ပါက၊

(၂) လျှောက်ထားသည့်ကိစ္စမှာ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ လုပ်ပိုင်ခွင့်တွင်မရှိပါက၊

(၃) လျှောက်ထားသူကိုပြန်လည်ဖြည့်စွက်တင်ပြရန် အကြောင်းကြားထားသော စာရွက်စာတမ်းများကို အချိန်မီဖြည့်စွက်မှုမပြုပါက၊

(၄) လျှောက်ထားသူအနေဖြင့် လျှောက်ထားမှုကိုရုပ်သိမ်းပါက၊

(၅) သတ်မှတ်ချက်များအရ ပေးရမည့်ငွေကြေးများကို အချိန်မီ မပေးပါက၊

(၆) အခြားဥပဒေများအရ လိုင်စင်ရုပ်သိမ်းရမည်ဆိုပါက၊

၃၆။ အောက်ပါအချက်များရှိပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေဖြင့် ကျန်းမာရေးလိုင်စင်ကို ရုပ်သိမ်းရမည်။ ထို့အတူ အများသိရန် ကြေညာရမည်။

(၁) ကျန်းမာရေးလိုင်စင်ကိုဥပဒေအရ ရုပ်သိမ်း၊ ဖျက်သိမ်း၊ အဆုံးသတ်ရမည်ဆိုပါက၊

(၂) ကျန်းမာရေးလိုင်စင်သက်တမ်းကုန်ဆုံးချိန်တွင် သက်တမ်းတိုးမှုမပြုပါက၊

(၃) ပိုင်ဆိုင်သူ (သို့မဟုတ်) အသင်းအဖွဲ့ကို ဥပဒေအရ ရုပ်သိမ်းမည်ဆိုပါက၊

(၄) ခွင့်ပြုချက်ရသူအနေဖြင့် ရုပ်သိမ်းပေးရန်တောင်းဆိုလာပါက၊

(၅) လူ့စွမ်းအားဖြင့် ကျန်းမာရေးလိုင်စင်ရလုပ်ငန်းကို အကောင်အထည်မဖော်နိုင်သောအရာများ ဖြစ်ခဲ့ပါက၊

(၆) အခြားဥပဒေများကြောင့် လိုင်စင်ရုပ်သိမ်းရမည်ဆိုပါက၊

၃၇။ လိုင်စင်ရုပ်သိမ်းရမည့်လုပ်ငန်းရှင်အနေနှင့် လိုင်စင်ရထားပြီးဖြစ်ပါက လိုင်စင်ထုတ်ပေးသည့်ဌာနမှ ရုပ်သိမ်းရန် လုပ်ကိုင်ရမည်။

၃၈။ ကျန်းမာရေးလိုင်စင်ပါအချက်များသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင် (သို့မဟုတ်) ရုပ်သိမ်းပါက၊ ခွင့်ပြုချက်များ လက်တွေ့တွင် အပြောင်းအလဲကြီးများရှိပါက၊ မဖြစ်မနေရုပ်သိမ်းရမည်ဆိုပါက ခွင့်ပြုမိန့်ချပေးသည့်ဌာနမှ ပြင်ဆင်၊ ရုပ်သိမ်းမှုလုပ်ငန်းကို တာဝန်ယူရမည်။

**အပိုင်း၄-ကြီးကြပ်အုပ်ချုပ်ခြင်း**

၃၉။ ကျန်းမာရေးလိုင်စင်ပုံစံကို နိုင်ငံတော်အရည်အသွေးစစ်ဆေးရေးဌာနရုံးချုပ်မှ သတ်မှတ်ရမည်။ သက်တမ်းမှာ သုံးနှစ်ဖြစ် သည်။

၄၀။ ယာယီစားသောက်ကုန်၊ ထမင်းဆိုင်၊ အအေးဆိုင်လုပ်ငန်းလုပ်သူများကို ထုတ်ပေးသောလိုင်စင်သက်တမ်းမှာ နှစ်ဝက်အထက်မပိုရ။

၄၁။ ကျန်းမာရေးလိုင်စင်နံပါတ်မှာ၊(အသင်းအဖွဲ့အမှတ်)ဂဏန်း(၆)လုံး၊(ခုနှစ်နံပါတ်) ဂဏန်း(၂)လုံး- (အမျိုးအစားအမှတ်)ဂဏန်း(၆)လုံး-(လိုင်စင်နံပါတ်)ဂဏန်း(၄)လုံး

၄၂။ လုပ်ငန်းရှင်အနေဖြင့် မိမိအမည်အောက်တွင် ဆိုင်ခွဲများရှိပါက ကျန်းမာရေးလိုင်စင်ခွဲများ လျှောက်ထားရမည်။

၄၃။ ကျန်းမာရေးလိုင်စင်ကို ပြင်ဖျက်ခြင်း၊ ငှားရမ်းခြင်း၊ ချေးခြင်း၊ တရားမဝင်လွှဲပြောင်းခြင်း၊ လက်လွှဲရောင်းချခြင်းမပြုရ။

၄၄။ လိုင်စင်သက်တမ်းအတွင်းနှစ်စဉ်စိစစ်မှုလုပ်ရမည်။ နှစ်စဉ်စိစစ်မှုမပြုပါက လိုင်စင်တရားမဝင်တော့ဟု သတ်မှတ်သည်။ လုပ်ငန်းရှင်အနေဖြင့် ခွင့်ပြုချက်ကျသည့်နေ့မှစ၍ တစ်နှစ်မပြည့်မီရက် (၃၀) စော၍ နှစ်စဉ်စိစစ်မှုပြုရမည်။ နှစ်စဉ်စိစစ်မှုပြုရာတွင် လျှောက်လွှာတင်ရမည်ဖြစ်သလို၊ လာမည့်နှစ်တွင် မည်သည့်အချိန်ခန့်တွင် စိစစ်မှုပြုမည်ဖြစ်ကြောင်း ရေးသားထားရမည်။ နှစ်စဉ်စိစစ်မှုပြုရာတွင် အောက်ပါစာရွက်စာတမ်းများတင်ပြရမည်-

(၁) ကျန်းမာရေးလိုင်စင်လျှောက်လွှာ

(၂) ကျန်းမာရေးလိုင်စင်ဒုတိယအုပ်

(၃) သက်တမ်းရှိသောလုပ်ငန်းလိုင်စင်မိတ္တူ

ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ နေ့စဉ်ကြီးကြပ်မှုအခြေအနေပေါ်မူတည်၍စိစစ်မှုပြုကာ၊ စိစစ်ချက်အောင်ပါက ကျန်းမာရေးလိုင်စင်ဒုတိယအုပ်တွင် စိစစ်သည့်စည်းတံဆိပ်ကို ရိုက်နှိပ်ရမည်။ ထို့အတူ ရက်စွဲရေးရမည်။

၄၅။ အထက်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန၏ လုပ်ငန်းများဥပဒေနှင့် မညီညွတ်ဟု တွေ့ရှိပါက ပြင်ဆင်စေခြင်း (သို့မဟုတ်) တိုက်ရိုက်ပြင်နိုင်သည်။

၄၆။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနဝန်ထမ်းများ၏ လုပ်ရပ်ကိုလုပ်ငန်းရှင်များ၊ ပြည်သူများကြီးကြပ်နိုင်သည်။တိုင်ကြားမှုရှိပါကစိစစ်ကာ မှန်ကန်ကြောင်းတွေ့ရှိပါက ပြင်ဆင်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာမျက်နှာ (၂၉) မြန်မာ့ဆန်စပါးနဲ့ . . . . မှအဆက်

### ဆန်စပါး လုပ်ငန်းပြည်သူပိုင်ပြုလုပ်ခြင်းနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခြင်း

၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ ဆန်စပါး ဝယ်၊ သယ်၊ သို၊ ကြိတ်၊ ဖြန့် လုပ်ငန်းအားလုံးကို အစိုးရက တာဝန်ပေးသောဌာနမှလွဲ၍ အခြားမည်သူမှ လုပ်ပိုင်ခွင့်မရှိကြောင်း ကြေညာခဲ့ပါတယ်။ ဆန်စပါးကို အစိုးရမှတိုက်ရိုက်ကိုင်တွယ်ခြင်း၊ စပါးဈေးနှုန်းကို သတ်မှတ်ဝယ်ယူခြင်းများ ဆောင်ရွက်ခဲ့၍ ဆန်စပါး ထုတ်လုပ်တင်ပို့မှုများ လျော့နည်းလာပါတယ်။ ၁၉၆၆ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှုတန်ချိန် ၄ ဒသမ ၆ သန်းမှ ၃ ဒသမ ၈ သန်းထိ ကျဆင်းခဲ့ရာ တာဝန်ရှိသူများရဲ့ စီမံကိုင်တွယ်မှု ချွတ်ယွင်းချက်များကြောင့် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းဆန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အချို့ဒေသတွင် ဆန်ရှားပါးမှုများ၊ ပြတ်လပ်မှုများဖြစ်၍ လုယက်မှုများအထိ ဖြစ်ခဲ့ကြောင်းသိရပါတယ်။

၁၉၈၇-၈၈ ခုနှစ်တွင်လည်း ဆန်စပါးကဏ္ဍတွင် အစိုးရဌာနက သီးနှံအခွန်သာ ကောက်ခံစေပြီး သမဝါယမကဏ္ဍသို့ တိုက်ရိုက်ကိုင်တွယ်စေခဲ့ရာ လုပ်ငန်းကျွမ်းကျင်မှုနှင့် အချင်းချင်း ချိတ်ဆက်မှုအားနည်းခဲ့၍ ပြည်သူလူထုသို့ ဖြန့်ဖြူးရာမှ ဆန်ပြတ်လပ်မှုများဖြစ်ခဲ့ပြီး သမဆိုင်တွင် ဆန်တစ်ပြည် နှစ်ကျပ်ကျော်ဖြင့် ရောင်းချရာမှ ပြင်ပဈေးကွက်တွင် ၅/၆ ဆအထိ ဖြစ်လာပြီး ပြည်သူများ စားရေးအခက်အခဲရှိလာကာ ထိုအချိန်က အထွေထွေမကျေနပ်မှုကြီးကို ပိုမိုကြီးထွား ပေါက်ကွဲစေခဲ့ပါသည်။

### ၁၉၈၈ နောက်ပိုင်းကာလ

၁၉၈၉ ခုနှစ်နောက်ပိုင်း တောင်သူများထံမှ တစ်ဧကလျှင် အများဆုံး ၁၂ တင်းထိ သတ်မှတ်၍ သတ်မှတ်ဈေးဖြင့် ဝယ်ယူ၍ သတ်မှတ်အင်အားစုများသို့ သတ်မှတ်ဈေးဖြင့် ရောင်းပေးခြင်း၊ ပိုလျှံသည်ကို ပြည်ပတင်ပို့ခြင်းများအား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT) က ဆောင်ရွက်ပြီး ကျန်ဆန်စပါးများကို ပြည်တွင်းတွင် လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့ပါတယ်။

၂၃. ၄. ၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်၏ဆန်စပါးရောင်းဝယ်မှုမူဝါဒသစ်ကို ကြေညာ၍ ၂၀၀၃-၀၄ စပါးရာသီမှစပြီး အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ ပုဂ္ဂလိကသို့ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့် ပြုခဲ့ပါတယ်။

အစပိုင်းတွင် ပြည်ပတင်ပို့ခြင်းကို မြန်မာနိုင်ငံဆန်စပါးရောင်းဝယ်ရေး ဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၀၇ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁၄၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှစ၍ ပုဂ္ဂလိကကို အပြည့်အဝပြည်ပတင်ပို့မှု လုပ်ကိုင်ခွင့်ပြုခဲ့၍ ဆန်တန်ချိန် ၃ ဒသမ ၆ သိန်းထိ ပြန်လည် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသမှ တင်ပို့ခြင်းကိုပါ တရားဝင်ခွင့်ပြုပေးခဲ့ရာ ဆန်တန်ချိန် ၁ ဒသမ ၄ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၁ လအတွင်း တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့၍ ယခု ဘဏ္ဍာနှစ် တင်ပို့နိုင်မှုသည် ၁၉၃၄-၃၅ ခုနှစ် နောက်ပိုင်း နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံး စံချိန်တင် တင်ပို့နိုင်မှုဖြစ်ပါတယ်။

### မြန်မာ့ ဆန်ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည့် အချက်များ

မြန်မာနိုင်ငံ၏ ဆန်စပါး အခြေခံမူမှာ ပြည်တွင်းဖူလုံမှုကို ဦးစားပေး၍ ပိုလျှံသည်များ ပြည်ပတင်ပို့ရန်ဖြစ်ပါတယ်။

သို့ဖြစ်၍ ပြည်တွင်းဆန်စပါး **ဖူလုံမှုထက် ပိုလျှံစေရေး**တွင် အောက်ပါအချက်များသည် အဓိကဖြစ်သည်ဟု သုံးသပ်ရရှိရပါတယ်-

(၁) တောင်သူများဆန်စပါးထုတ်လုပ်မှုအပေါ် စိတ်အားထက်သန်ခြင်း၊

(၂) ရာသီဥတုမှန်ကန်ခြင်း၊

(၃) စပါးသီးနှံနှင့် ရာသီတူအခြားသီးနှံများ၏ တောင်သူအကျိုးအမြတ် လျော့နည်းသွားခြင်း (ဥပမာ-မတ်ပဲ)၊

(၄) စိုက်ပျိုးစဉ် စိုက်ပျိုးမှုနည်းစနည်းမှန်ကန်ကောင်းမွန်ခြင်း၊ ရိတ်သိမ်း ခြွေလှေ့ပြီးနောက်ပိုင်းအလေအလွင့် (Post-Harvest Losses) လျော့နည်းသွားခြင်း၊

(၅) လူတစ်ဦးစားသုံးမှုနှုန်း လျော့နည်းသွားခြင်း၊

(၆) ပြည်တွင်း ဆန်ဈေးနှုန်း ကောင်းမွန်ခြင်း၊

ဆန်ပိုလျှံမှုအပေါ် **ပြည်ပသို့ ပိုမိုတင်ပို့နိုင်မှု**မှာ အောက်ပါအချက်များအပေါ်တွင် မူတည်သည်ဟု သုံးသပ်ရရှိပါတယ်-

(၁) ကမ္ဘာ့ဆန်ဈေးနှုန်း၊

(၂) ပြည်တွင်းဆန်စပါးဈေးနှုန်း၊

(၃) မြန်မာငွေနှင့် နိုင်ငံခြားငွေလဲလှယ်ဈေးနှုန်း၊

(၄) ထုတ်လုပ်မှု ကွင်းဆက် (Supply Chain) တစ်လျှောက် Stakeholders အားလုံး တွက်ချေကိုက်မှုရှိခြင်း၊

(၅) ကမ္ဘာ့ဆန်စားသုံးနိုင်ငံများ၏ ရာသီဥတုအခြေအနေနှင့် ဈေးကွက်လိုအပ်ချက်၊

(၆) နိုင်ငံတကာ စီးပွားဆက်ဆံမှု အခြေအနေကောင်းရှိခြင်း၊

### ပြည်ပဆန်တင်ပို့မှု အခြေအနေတည်ငြိမ်နိုင်ရေး ဆောင်ရွက်သင့်သည့် အစီအစဉ်များ

မြန်မာနိုင်ငံတွင် ဆန်စပါးကဏ္ဍ တည်ငြိမ်စေရေးအတွက် အစိုးရ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP) လုပ်ငန်းစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါတယ်-

(က) ဆန်စပါးအရည်အသွေးနှင့် ထုတ်လုပ်မှုကို သိသာစွာ မြှင့်တင်သွားရန်၊

(ခ) အခြေခံအဆောက်အဦများ တိုးချဲ့ခြင်းနှင့် ကုန်ကျစရိတ်လျှော့ချနိုင်မည့်နည်းလမ်းများ စီစဉ်ဆောင်ရွက်သွားရန်၊

(ဂ) ပို့ကုန်ဈေးကွက်အတွင်း အရည်အသွေးအရ၊ ဈေးနှုန်းအရ၊ ဈေးကွက်လိုအပ်ချိန်အရ ယှဉ်ပြိုင်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်စီစဉ်သွားရန်၊

(ဃ) စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးနှင့် မစိုက်ပျိုးမီကာလပင် ဈေးနှုန်းခန့်မှန်း သိရှိနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(င) ဆန်စပါးလက်ကား ကုန်စည်ဒိုင်များတွင် စနစ်မှန်ကန်ပြီး အာမခံချက်ရှိသည့် ပုံစံများ ဖြစ်ပေါ်လာရေး ဆောင်ရွက်ရန်၊

(စ) ပုဂ္ဂလိကနှင့် အစိုးရ ပူးပေါင်းပါဝင်၍ အရန်ဆန်ကိုပါ ကိုင်တွယ်နိုင်မည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်း၍ ပြည်တွင်း ဆန်စပါးကဏ္ဍကို ထိန်းကျောင်းဆောင်ရွက်ရန်၊

(ဆ) စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူကြားတွင် အဆင့်များ လျော့နည်းသွားရန်နှင့် အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် (Contract Farming)များ ဒေသအလိုက် ပေါ်ပေါက်လာစေရေး စီစဉ်ဆောင်ရွက်ရန်၊ (ယခင်က ဒေသအလိုက် ဆန်စပါးအထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ ရှိခဲ့ပါတယ်။)

# ဇန်နဝါရီလတွင် ၆၂ လတာကာလအတွင်း ထိုင်းနိုင်ငံမှ ပို့ကုန်အများဆုံးတင်ပို့နိုင်ခဲ့

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှု ငါးနှစ်တာကာလအတွင်း အမြင့်ဆုံးတိုးတက်မှုရခဲ့ပြီး မျှော်လင့်ထားသည့်နှုန်းဖြင့် မြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ယခုလသုံးလပတ်အတွင်း ဘတ်ငွေကြေးတန်ဖိုးမြင့် တက်သော်လည်း ပို့ကုန် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ပလပ်စတစ်လုံးများ၊ လက်ဝတ်ရတနာ၊ ဓာတုပစ္စည်းများနှင့် ရော်ဘာထွက်ကုန်ပစ္စည်းများ၏သဘော်တင်ပို့မှုမြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့်တစ်လပျမ်းမျှအမေရိကန် ဒေါ်လာ၂၁ ဒသမ ၄ ဘီလီယံ (ဘတ် ၆၇၃ ဘီလီယံ)ရရှိမှသာ အစိုးရ၏ သတ်မှတ်ချက်ဖြစ်သည့် ၈ ရာခိုင်နှုန်း တိုးတက်မှုကိုရရှိမည်ဖြစ်ပြီး တိုင်းပြည်တွင် တန်ဖိုးမြင့်ထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ ပို့ကုန်ယှဉ်ပြိုင်နိုင်မှုစွမ်းအား အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ မြှင့်တင် ရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံသည် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများ၊ အလားအလာရှိသည့်ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်စသည့် (CLMV) နိုင်ငံများနှင့် ကုန်သွယ်မှု တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လျာထားသည့် ပို့ကုန် တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းသည် အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့၏ ခန့်မှန်းချက် ၆ ဒသမ ၈ ရာခိုင် နှုန်းထက်ကျော်လွန်ကြောင်း၊ အဆိုပါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လျာထားချက်သည် ဒေသသုံးငွေကြေးတန်ဖိုး အမေရိကန် တစ်ဒေါ်လာ ၃၂-၃၄ ဘတ်အတွင်းနှင့် ရေနံစိမ်းဈေး တစ်စည်လျှင် ၅၅-၅၆ အမေရိကန်ဒေါ်လာအားအခြေခံ၍ တွက်ချက်ခန့်မှန်းခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးတက်ရန် အလားအလာများရှိနေသော်လည်း ထိုင်းနိုင်ငံသည် အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် မူဝါဒများ တိကျစွာချမှတ်မထားခြင်း၊ အာဆီယံဈေးကွက်တွင် အကောက်ခွန်မဟုတ်သော အတားအဆီးများ ရှိနေခြင်း၊ အမေရိကန်နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း မတည်ငြိမ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲခြင်း စသည့် အားနည်းချက်များရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Sontirat Sontijirawong က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ အကောက်ခွန်ရှင်းလင်း တင်ပို့နိုင်မှုမှာ ဇန်နဝါရီလတွင် ယခင်နှစ်ကထက် ၁၇ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်၍ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ ဘီလီယံရရှိခဲ့ပြီး ပြီးခဲ့သည့် ၆၂ လ အတွင်း အမြင့်ဆုံးတိုးတက်မှုဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

အဓိကပို့ကုန်များအနေဖြင့် ကားနှင့် ကားအပိုပစ္စည်း၊ ကွန်ပျူတာနှင့် အပိုပစ္စည်း၊ ရော်ဘာထွက်ကုန်ပစ္စည်းများ၊ ပလပ်စတစ်လုံးများ၊ ဓာတုပစ္စည်း၊ စက်ဆီ/ချောဆီ၊ စက်နှင့် စက်အပိုပစ္စည်းနှင့် စတီးပစ္စည်းများဖြစ်ကြောင်း၊ ဇန်နဝါရီတွင် သွင်းကုန်တင်သွင်းမှုမှာ ၂၄ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂ ဘီလီယံဖြစ်သည့်အတွက် ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၁၉ သန်းဖြစ်ကြောင်း၊ ဘတ်ငွေကြေးတန်ဖိုး ခိုင်မာခြင်းသည် ပို့ကုန်တင်ပို့မှုအပေါ် အနည်းငယ်သက် ရောက်မှုရှိသော်လည်း ဈေးကွက်ဝယ်လိုအားမှာ ခိုင်မာကြောင်း၊ အဓိကပို့ကုန်ဈေးကွက်များ၊ အထူးသဖြင့် တောင်အာရှသို့ ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်ကုန်ပိုင်းကထက် ၂၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၎င်းအပြင် ပို့ကုန်တင်ပို့မှု အမြင့်ဆုံးအနေဖြင့် ဂျပန်နိုင်ငံသို့ ၂၆ ဒသမ ၃ ရာခိုင်နှုန်းအထက်၊ US သို့ ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ အီးယူသို့ ၈ ဒသမ ၉ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများသို့ ၁၄ ဒသမ ၃ ရာခိုင်နှုန်း၊ CLMV နိုင်ငံများသို့ ၁၈ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့် တင်ပို့နိုင်ခဲ့သည်။ Australia, Africa တို့သို့ တင်ပို့ရောင်းချမှုလည်း တိုးမြင့်ခဲ့ကြောင်း၊ လယ်ယာထွက်ပစ္စည်းများ၊ စက်မှုကုန်ထုတ်ပစ္စည်းများ၏ တင်ပို့မှုသည် ဇန်နဝါရီ တွင် ယခင်နှစ်ကထက် ၁၆ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ ဘီလီယံဖြစ်ကြောင်း၊ ဆန်၊ အုန်း၊ သကြား၊ အအေးခဲအသား၊ ဆီသွပ်ဗူးများ၊ ပင်လယ်စာများလည်း တိုးတက်တင်ပို့နိုင်ကြောင်း၊ စက်မှုထုတ်ကုန်များ ရောင်းချတင်ပို့နိုင်မှုသည် ဇန်နဝါရီတွင် ၁၇ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ ကွန်ပျူတာများ၊ ဓာတုထုတ်ကုန်များသည်လည်းပို့ကုန်တိုးမြှင့်ခြင်းအတွက် အထောက်အကူဖြစ်စေကြောင်းကိုလည်း အဆိုပါဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံအနေဖြင့် စတီးနှင့် အလူမီနီယံပစ္စည်းများအပေါ် ကုန်သွယ်မှု အခွန်အရေးပေးသော်လည်း အချို့သော ထိုင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဆိုလာဆဲလ်ပစ္စည်းများ၊ မျက်ကပ်မှန်၊ အဝတ်လျှော်စက်များအပေါ် အခွန်တင်းကျပ်စွာ ကောက်ခံသည့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒကို စောင့်ကြည့်လေ့လာရန်လိုအပ်ကြောင်း၊ မြောက်အမေရိကနှင့် Free Trade Agreement သဘောတူညီမှုသည် ထိုင်းနိုင်ငံ၏ မော်တော်ကားတင်ပို့မှုကို ထိခိုက်စေကြောင်းနှင့် ယခုနှစ်တွင် ထိုင်းပို့ကုန် တင်ပို့မှုငါးရာခိုင်နှုန်းတိုးတက်နိုင်မည်ဟု ခန့်မှန်းကြောင်း Siam Commercial Bank ၏ စီးပွားရေးအထောက်အကူပြုစင်တာ (EIC) မှထုတ်ပြန်ခဲ့သည်။ **မင်းအောင်အေး**

**Source :-Exports hit 62-month high during January"**

# ပို့ကုန်ကန့်သတ်ချက်အား ဖယ်ရှားလိုက်သည့်အတွက် Maharashtra ပြည်နယ်၌ ကြက်သွန်နီဈေး ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့

အိန္ဒိယဗဟိုအစိုးရက ကြက်သွန်တင်ပို့မှုအပေါ် ကန့်သတ်ချက်အား ဖယ်ရှားကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်း Maharashtra ပြည်နယ်၌ ကြက်သွန်နီဈေးနှုန်းမှာ တစ်ပတ်အတွင်း ၃၀ ရာခိုင်နှုန်းသို့မြင့်တက်ခဲ့ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်သည်ကြက်သွန်နီအမြောက်အများ ထွက်ရှိခဲ့သောကြောင့် ပြီးခဲ့သည့်နှစ် မတ်လမှစ၍ အကျပ်အတည်းကြုံခဲ့ရသည့် ကြက်သွန်နီ စိုက်တောင်သူများအတွက် ဈေးကောင်းရရှိရန် အထောက်အကူပြုစေမည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာချိန်တွင် ကြက်သွန်နီတင်ပို့မှုအပေါ် အနိမ့်ဆုံး ပို့ကုန်ဈေးနှုန်း (minimum export price-MEP) ကို တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၈၅၀ အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၎င်းနောက် ယခုနှစ် ဇန်နဝါရီတွင် ကြက်သွန်နီ MEP တစ်တန်ဈေးနှုန်းအား အမေရိကန် ဒေါ်လာ ၇၀၀ သို့ လျှော့ချ သတ်မှတ်ပေးခဲ့ပြီး ယင်းကန့်သတ်ချက် မှာ ဖေဖော်ဝါရီ ၂၀ ရက်အထိသာ အသက်ဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Arun Jaitley က ဘဏ္ဍာနှစ်သစ်အတွက် မိန့်ခွန်း၌ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန် အလားအလာမှာ မြင့်မားပြီး လက်ရှိတွင် စိုက်ပျိုးရေးပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ သာ ရှိသော်လည်း နောင်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ထိ ရောက်ရှိလာနိုင်ကြောင်း၊ သို့ဖြစ်ရာ စိုက်ပျိုးရေးပို့ကုန်များ တင်ပို့မှုအတွက် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ရန် ဆောင်ရွက်မည်ဟု ဖေဖော်ဝါရီ ၁ ရက်တွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယင်းသို့ပြောကြားခဲ့ပြီး နောက်တစ်နေ့တွင် ကြက်သွန်နီ ပို့ကုန်အပေါ် အနိမ့်ဆုံး ပို့ကုန်ဈေးနှုန်း ကန့်သတ်ချက်များအား ဖယ်ရှားမည့်ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suresh Prasbhu ကလည်း ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးပို့ကုန်များ မြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

ထိုအချိန်မှစ၍ Maharashtra ပြည်နယ်တစ်ဝန်း၌ ယခင်က ပျမ်းမျှလက်ကားဈေး အနေဖြင့် တစ်ကီလိုဂရမ်လျှင် ၄ ရူပီး - ၅ ရူပီးသာရှိသော ကြက်သွန်နီဈေးနှုန်းများမှာ တစ်ပတ်အတွင်း ရူပီး ၂၀ သို့ မြင့်တက်သွားခဲ့ကြောင်း သိရှိရပါသည်။

ထို့သို့ဈေးနှုန်းမြင့်တက်လာသည့်အပေါ် Nafed (National Agricultural Cooperative Marketing Federation of India) ၏ ဒါရိုက်တာဟောင်းဖြစ်သူ CB Holkar က နိုင်ငံအတွင်း၌ မကြာမီ ရက်ပိုင်းတွင် ကြက်သွန်နီလှိုင်လှိုင် ထွက်ရှိတော့မည် ဖြစ်သည့်အတွက် ကြက်သွန်နီတင်ပို့မှုအပေါ် MEP သတ်မှတ်ချက် ဖယ်ရှားခြင်းမှာ မှားစွာလိုအပ်သည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါကြောင်း၊ သို့ရာတွင် ဈေးကွက်အတွင်း၌ ဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းမှာ အဓိကအားဖြင့် ကုန်သည်များကြောင့်သာဖြစ်ပြီး ၎င်းတို့၏ အမြတ်အစွန်းအတွက် ကြိုတင်မှာယူမှုများကြောင့် ဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှုအနေဖြင့်မူ တဖြည်းဖြည်းသာ တိုးလာဖွယ်ရှိပြီး မတ်လမှစ၍ နောက်ပိုင်းတွင် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိမည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရသည်။

အိန္ဒိယ၌ ဆောင်းစိုက် ကြက်သွန်နီများမှာ နွေရာသီတွင် နုတ်သိမ်းလေ့ရှိပြီး မတ်လနှင့် ဧပြီလတွင် အများဆုံး ရိတ်သိမ်းလေ့ရှိကြောင်း၊ ထိုအချိန်မျိုးတွင် ကြက်သွန်နီလက်ကားဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ငါးရူပီးမှ ခုနှစ်ရူပီးဝန်းကျင်သာရှိကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံကွမ်တုန်ပြည်နယ်သည် နေရောင်ခြည်သုံးစွမ်းအင်လုပ်ငန်းများအတွက် အခွင့်အသာဆုံးနေရာအဖြစ် ဆက်လက် ရပ်တည်နေဟုဆို

တရုတ်နိုင်ငံ၏ အရှေ့တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်ပြီး ဟောင်ကောင်၊ မကာအိုတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ကွမ်တုန်ပြည်နယ်မှာ လုပ်ခနှုန်းမြင့်တက်သော်လည်း ဆိုလာထုတ်ကုန်များအတွက် အခွင့်သာပြီး လူကြိုက်များသည့်နေရာတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေသေးကြောင်း အာရှနှင့် အာဖရိကသို့ ဆိုလာမီးအိမ်များ ရောင်းချသည့်ကုမ္ပဏီ၏ အမှုဆောင်ချုပ်က ပြောကြားခဲ့သည်။ ဆိုလာပြားများနှင့် ဘက်ထရီများထုတ်လုပ်မှုတွင် လုပ်ခလစာနှုန်းများ မြင့်တက်သည့်တိုင် နည်းပညာတိုးတက်မှုများကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး ဆိုလာပြားများ၏ စွမ်းအင်အသွင်ပြောင်းလဲခြင်းဖြင့် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ကြောင်း၊ ကွမ်တုန်ပြည်နယ်ရှိ ရှန်းကျန့်မြို့နှင့် တုန်ကွမ်းမြို့တို့၏ လုပ်ခနှုန်းမှာ အိန္ဒိယနှင့် အာဖရိကထက် သိသိသာသာမြင့်တက်သော်လည်း ကုန်ထုတ်လုပ်မှုကွင်းဆက်၏အရင်းအမြစ်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း ပြောကြားခဲ့သည်။

ဘက်ထရီများ၊ ဒိုင်အုတ် အပါအဝင် စက်ကိရိယာအစိတ်အပိုင်းများ၊ ဆိုလာပြားများစသည့် ပစ္စည်းများအားလုံးကို ကွမ်တုန်ပြည်နယ်အတွင်းရရှိနိုင်ပြီး ထုတ်လုပ်မှုကွင်းဆက်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေးထိန်းချုပ်မှုများအားလုံးကို လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ရှန်းကျန့်မြို့၏ အနိမ့်ဆုံးလုပ်ခလစာမှာ ယွမ်၈၅၀ သာ ရှိခဲ့သော်လည်း ယမန်နှစ်တွင် ယွမ် ၂၁၃၀ ထိ မြင့်တက်ခဲ့ပြီး နှစ်စဉ်ပျမ်းမျှ ၉ ဒသမ ၆ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် နည်းပညာတိုးတက်မှုကြောင့် ဆိုလာပြားများ၏ ကုန်ကျစရိတ်မှာ ၉၀ရာခိုင်နှုန်းခန့်လျှော့ကျခဲ့ကြောင်း၊ အာဖရိကနှင့် အိန္ဒိယတွင် ရုံးခန်းပေါင်း ၁၁ ခုနှင့် ဝန်ထမ်းပေါင်း ၈၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက် တစ်ကမ္ဘာလုံးတွင် ၎င်း၏ ထုတ်ကုန်သုံးစွဲသူပေါင်း ၁ ဒသမ ၃ ဘီလီယံခန့်ရှိကြောင်း၊ ရှန်းကျန့်တွင် နှစ်ပေါင်းများစွာ ဆိုလာစွမ်းအင်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီကြီးမှ ပြောကြားခဲ့သည်။ တရုတ်ပြည်တောင်ပိုင်းတွင် ကွမ်တုန်ပြည်နယ်သည် ဆိုလာထုတ်ကုန်ပြုလုပ်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းရရှိနိုင်မှုအပြင် ထုတ်လုပ်မှုစရိတ် သက်သာသော ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေပြီး ၎င်း၏နေရာအား ဆုံးရှုံးနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

■

# ဗီယက်နမ်နိုင်ငံ၏ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများ ထူးထူးခြားခြားတိုးတက်

ဗီယက်နမ်နိုင်ငံသည် ရေရှည်တည်တံ့သော ချေးငွေလုပ်ငန်းများ တိုးချဲ့နိုင်ရန်အတွက် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ထူးထူးခြားခြား တိုးတက်မှုရရှိခဲ့ကြောင်း ရေရှည်တည်တံ့သော ဘဏ်လုပ်ငန်းကွန်ရက် (Sustainable Banking Network -SBN)၏ ကမ္ဘာ့ဘဏ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

SBN အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ်လုပ်ငန်းရပိုင်ခွင့်များသည် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၆ ထရီလီယံရှိပြီး ထွန်းသစ်စဈေးကွက်များတွင်ရှိသော ဘဏ်ရပိုင်ခွင့်ငွေ၏ ၈၅ ရာခိုင်နှုန်းရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအတွက် ကတိကဝတ်များမှ အစပြုကာ ပြည်တွင်းဘဏ်ချေးငွေ အလေ့အကျင့်များအထိ ရေရှည်ဘဏ္ဍာရေးပြုပြင် ပြောင်းလဲရေး အဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုခဲ့သည်။



ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ တရုတ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယားနှင့် နိုင်ဂျီးရီးယားစသည့် အခြားနိုင်ငံ ခုနစ်နိုင်ငံတို့နှင့်အတူ ဗီယက်နမ်နိုင်ငံသည် တိုးတက်သောအဆင့်ကို ရောက်ရှိခဲ့သည်။ ထို့ကြောင့် အကြီးစားပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရလဒ်များကို တိုင်းတာနိုင်ရန်အတွက် စံနှုန်းများကို ချမှတ်နိုင်ခဲ့သည်။

ယင်းပြုပြင်ပြောင်းလဲမှုများအရ ဘဏ်များသည် ချေးငွေလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအန္တရာယ်တို့ကို အကဲဖြတ်သုံးသပ်ပြီး အစီရင်ခံစာတင်ရသည်။ ထို့ပြင် ဘဏ်များက အစိမ်းရောင် စီမံကိန်းကိုငွေချေးရန် ဈေးကွက်ဆွဲဆောင်မှုများကို ဖန်တီးပေးသည်။

“ဒီတိုးတက်မှုက ၂၀၃၀ ပြည့်နှစ်မှာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်တွေရရှိအောင် ဆောင်ရွက်ရာမှာ အရေးပါတဲ့ခြေလှမ်းတစ်ခုဖြစ်ပါတယ်”ဟု အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးထောက်ပံ့မှုကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌ အီသီယိုတာဖာရာက ပြောသည်။

“ဒီတိုးတက်မှုကို ကြည့်ခြင်းအားဖြင့် ဝင်ငွေအလယ်အလတ်နဲ့ ဝင်ငွေနည်းသောနိုင်ငံတွေက ရေရှည် ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုတွေကို ချမှတ်နိုင်တာကို ပြသနေပါတယ်။ ကြီးကြပ်ရေးအဖွဲ့တွေ၊ မူဝါဒရေးဆွဲသူတွေ၊ ကုန်သွယ်မှုအသင်းတွေနဲ့ ဖွံ့ဖြိုးရေးအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်လိုက်တဲ့အခါ အောင်မြင်မှုဘယ်လောက်အထိ ရနိုင်တယ်ဆိုတာကို SBN အဖွဲ့က အချိန်တိုအတွင်းမှာ ပြသနိုင်ခဲ့ပါတယ် ”ဟု သူကပြောသည်။

အစီရင်ခံစာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်ပိုင်ပြည်တွင်းဈေးကွက်များ၌ အသုံးပြုနိုင်မည့် လက်တွေ့ညွှန်းကိန်းများနှင့် အသုံးချနိုင်မည့် ကိရိယာများကို ဖော်ပြပေးထားပြီး ဗီယက်နမ်ဗဟိုဘဏ်၏ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုထားသည်။

ဗီယက်နမ်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်တွင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး စီးပွားရေးကိုမြှင့်တင်နိုင်မည့်နည်းလမ်းများကိုဖော်ပြကာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစွန့်စားမှုအန္တရာယ်ဖြေရှင်းရေးကို ပူးတွဲဆောင်ရွက်နိုင်ရန် ချေးငွေအဖွဲ့အစည်းများအားလုံးကို အားပေးခဲ့သည်။ ယင်းညွှန်ကြားချက်က ဘဏ်လုပ်ငန်းကဏ္ဍအားလုံးကို လွှမ်းခြုံနိုင်ရုံသာမက အာမခံနှင့်ပိုင်ဆိုင်ပစ္စည်း စီမံခန့်ခွဲမှုကဲ့သို့သော အခြားဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများအထိ တိုးချဲ့နိုင်သည်။ ■

## ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာလာသော်လည်း ပြောင်းလဲမှုအတွက် ပြင်ဆင်ရန်လိုအပ်

ကမ္ဘာ့စီးပွားရေးသည် ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုး တိုးတက်နေသော်လည်း ကုန်သွယ်ရေးအငြင်းပွားမှုများ၊ ငွေကြေးမူဝါဒများ ပုံမှန်အတိုင်းဖြစ်ရန် ကြိုးပမ်းမှုများနှင့် နည်းပညာပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များမြင့်မားလာသည့်အတွက် စီးပွားရေးဝန်းကျင်အခင်း အကျင်းမှာ ပြောင်းလဲလျက်ရှိနေကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ညွှန်ကြားရေးမှူးချုပ် ခရစ်စတင်းလားဂတ်က ဖေဖော်ဝါရီ ၂၇ ရက်က ပြောကြားချက်ကို ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။

ယခုနှစ် အောက်တိုဘာတွင် ဘာလီ၌ကျင်းပမည့် အိုင်အမ်အက်ဖ် ၏ နှစ်ပတ်လည်ကွန်ဖရင့်အတွက် ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျာကတာမြို့၌ ပြုလုပ်ခဲ့ရာ ယင်းအစည်းအဝေးတွင် လားဂတ်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုသည် ၃ ဒသမ ၉ ရာ ခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်းနှင့် ယခုပြင်ဆင်ခန့်မှန်းချက်သည် ဇန်နဝါရီက ခန့်မှန်းချက်နှင့်အတူတူပင်ဖြစ်ပြီး ၂၀၁၇ ခုနှစ်က ရရှိသော တိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်း ထက်မြင့်တက်ခဲ့သည်။

အာဆီယံနိုင်ငံများသည် အမေရိကန်ပြည် ထောင်စုနှင့် ဥရောပကဲ့သို့ တိုးတက်ပြီးနိုင်ငံများနည်းတူ ဗဟိုဘဏ်အတိုးနှုန်းများကို မြှင့်တင်ရန် ကြိုးစားနေကြောင်း၊ သို့ရာတွင် မူဝါဒရေးဆွဲသူများသည် ဘဏ္ဍာရေးမတည်ငြိမ်မှုနှင့် မတည်ရင်းနှီးငွေ မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာမည့် ဂယက်ရိုက်ခတ်မှုများကို သတိဝီရိယရှိရန်လိုကြောင်း ၎င်းကပြောသည်။

“ဒီလုပ်ရပ်ကြောင့် သီးခြား အကျိုးသက်ရောက် မှု ဖြစ်လာမယ်ဆိုတာကို ကျွန်မတို့သိနေပါတယ်။ ဒီလို ဖြစ်လာလိမ့်မယ်လို့ ကျွန်မတို့သိနေတာကြာပါပြီ။ ဒီအပြောင်းအလဲက တခြားနိုင်ငံတွေ၊ ကုမ္ပဏီတွေနဲ့ ဝင်ငွေတွေကို ဘယ်လိုထိခိုက်လာမယ်ဆိုတာ မသေချာသေးပါဘူး”ဟု လားဂတ်က ပြောသည်။

အာဆီယံနိုင်ငံများသည် ပြည်တွင်းဝယ်လိုအား၊ ဒေသတွင်းကုန်သွယ်မှုနှင့် စီးပွားရေးဖြန့်ကြက် ဆောင်ရွက်ရေးတို့ကို အလေးထားသော ဖွံ့ဖြိုးမှုပုံစံကို အဓိကချမှတ်ရန်လိုကြောင်းနှင့် စက်ရုံများကို အလိုအလျောက်စနစ် တပ်ဆင်ခြင်းနှင့် ဒစ်ဂျစ်တယ် ငွေကြေးတို့အပါအဝင် နည်းပညာပြောင်းလဲမှုများအတွက် ပြင်ဆင်ရန်လိုကြောင်း ဂတ်က ပြောသည်။

## SMEs များ၏ နည်းပညာကိုကာကွယ်ရန် တောင်ကိုရီးယားက ဝမ် ၁၀ ဘီလီယံလျာထား

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) များ၏ နည်းပညာများကို ပြိုင်ဖက်ကုမ္ပဏီကြီးများ၏ လွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် ၎င်းတို့၏နည်းပညာဖွံ့ဖြိုးမှုကို အထောက်အကူပေးရန်နှင့် ကုမ္ပဏီငယ်များ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုကို အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က SME နှင့် ထူထောင်စ လုပ်ငန်းများဝန်ကြီးဌာနနှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှုအဖွဲ့တို့၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

နည်းပညာစီမံကိန်းပေါင်း ၄၀ ဝန်းကျင်ကို ထောက်ပံ့ရန်အတွက် ယခုနှစ်အတွင်းအစိုးရက ဝမ် ၁၀ ဒသမ ၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ သန်း) လျာထားကြောင်း အဖွဲ့အစည်းနှစ်ခု၏ ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ အကျိုးခံစားခွင့်ရှိသူများမှာ လွန်ခဲ့သောခုနစ်နှစ်က တည်ထောင်ခဲ့ပြီး စတုတ္ထစက်မှုတော်လှန်ရေးနှင့် ဆက်နွှယ်နေသော နည်းပညာများကိုတီထွင်ဖန်တီးသော ထူထောင်စ သို့မဟုတ် ကုမ္ပဏီငယ်များဖြစ်သည်။

ကုမ္ပဏီများ၏ နည်းပညာဖွံ့ဖြိုးမှုအတွက် ကုမ္ပဏီတစ်ခုလျှင်ဝမ် သန်း ၂၈၀ ထောက်ပံ့ပေးပြီး ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်အတွက် တိုင်ပင်ညှိနှိုင်းမှုပေးသွားမည်။ အတိုင်ပင်ခံလုပ်ငန်းကို ဆောင်ရွက်ပေးရာတွင် အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်များအတွက် Big Data ခေါ် ကွန်ပျူတာကိန်းဂဏန်းအချက်အလက်များကို အခြေခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အသေးစား စီးပွားရေးလုပ်ငန်းများက မိမိတို့၏နည်းပညာများသည် ကုမ္ပဏီကြီးများကြောင့် ဆုံးရှုံးနေသော်လည်း လက်တုံ့ပြန်မှုများကို ကြောက်ရွံ့သည့်အတွက် ငြိမ်နေကြရကြောင်း ကုမ္ပဏီငယ်ကလေးများ၏ ကန့်ကွက်ပြောကြားချက်များ ကြီးထွားလာပြီး နောက်ပိုင်းအစိုးရ၏ကြေညာချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်က အသေးစား စီးပွားရေးလုပ်ငန်းပေါင်း ၈၂၁၉ ကို အစိုးရက စစ်တမ်းကောက်ယူရာတွင် ကုမ္ပဏီ ၆၄၄ ခုကမိမိတို့၏ နည်းပညာများကို ခိုးယူခြင်းခံနေရကြောင်း ပြောကြားသည်။ ထိုသို့ခိုးယူခံရသည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ နှစ်စဉ် ပျမ်းမျှဝမ် ၃၄၅ ဒသမ ၆ ဘီလီယံရှိကြောင်း စစ်တမ်းတွင်ဖော်ပြသည်။ ထို သို့ဆုံးရှုံးမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုနေရပြီး ဥပဒေကြောင်းအရ ရင်ဆိုင်ရန်ငွေကြေးမရှိသဖြင့် အစိုးရကိုတိုင်ကြားနိုင်ခြင်းမရှိခဲ့ပေ။

## ၂၀၁၈ ခုနှစ်တွင် စင်ကာပူကုမ္ပဏီထက်ဝက်ခန့်သာ လုပ်ခ သုံးရာခိုင်နှုန်းနှင့် ခြောက်ရာခိုင်နှုန်းအတွင်းသာ တိုးပေးနိုင်မည်

စင်ကာပူအလုပ်ရှင်များအနက် ထက်ဝက်နီးပါးသည် ၂၀၁၈ ခုနှစ်တွင် လုပ်ခလစာကို သုံးရာခိုင်နှုန်းမှ ခြောက် ရာခိုင်နှုန်းသာတိုးပေးရန် စီစဉ်နေ ကြောင်း အလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ Hays ၏ ပြောကြားချက်ကို စထရိတ်တိုင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၈ ခုနှစ်တွင် စင်ကာပူစီး ပွားရေးသည် ပိုမိုတိုးတက်လာရမည်ဖြစ်သောကြောင့် ယခုကိန်းဂဏန်းကိုကြည့်ပါက တိုးတက်မှုမရှိသည်ကို ပြသနေကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည့်2018 Hays Asia Salary Guideတွင်ဖော်ပြသည်။

“ကျွန်တော်တို့ထုတ်ပြန်ခဲ့တဲ့ လမ်းညွှန်ကို ကြည့်ရင် စင်ကာပူကုမ္ပဏီအများစုက လစာနှုန်းတိုးပေးရာမှာ တိုးတက်မှုမရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျွမ်းကျင်လုပ်သားရှားပါးတဲ့ နယ်ပယ်တွေမှာ အလုပ်အကိုင်ခန့်ထားမှုက ပျမ်းမျှနှုန်းအထက်မှာ ရှိနေပါတယ်”ဟု Hays (Singapor) ၏ အုပ်ချုပ်မှုဒါရိုက်တာ လင်းရိုဒါကပြောသည်။

ထိုသို့ခန့်ထားခဲ့သည့်အထဲတွင် ရောင်းချရေး၊ အိုင်တီ၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးကဲ့သို့သော အထူးပြုနယ်ပယ်များပါဝင်ကြောင်း Hays က ပြောသည်။

ဝန်ထမ်းခြောက်သန်းခန့်ထားသော အလုပ်ရှင်သုံးထောင်ကျော်ကို ကောက်ယူထားသည့် စစ်တမ်းတွင် စင်ကာပူ၊ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ ဂျပန်နှင့် မလေးရှားတို့၏ လစာနှင့် အလုပ်အကိုင်ခန့်ထားမှု အခြေအနေတို့ပါဝင်သည်။

စင်ကာပူအလုပ်ရှင် ၁၄ ရာခိုင် နှုန်းသည် ၂၀၁၈ ခုနှစ်တွင် လစာခြောက်ရာခိုင်နှုန်းကျော် ပိုမိုတိုးမြှင့်ပေး သွားမည်ဖြစ်ကြောင်း စစ်တမ်းအရ သိရသည်။ အလုပ်ရှင်များအနက် သုံးပုံတစ်ပုံက လစာကိုသုံးရာခိုင်နှုန်းအထိ သာတိုးပေးရန် စီစဉ်ထားပြီး ငါးရာခိုင်နှုန်းကမူ လစာတိုးပေးရန်အစီအစဉ်မရှိကြောင်း ဖော်ပြသည်။

ဉာဏ်တင်စုစည်းတင်ပြသည်။


PUMA
PUMA ENERGY ASIA SUN
TK-310
FOR MORE INFORMATION CONTACT US: COMMERCIAL.MM@PUMAENERGY.COM | 09962025211
FUELLING
Myanmar
pumaenergy.com


SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



**EVER RICH GROUP CO.,LTD** စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၉၆၆၅၅၁၇၊ ၀၁-၉၆၄၀၂၇၇၊ ၀၉-၃၀၀၈၈၇၂၀၊ ၀၉-၄၅၇၇၄၀၀၆၅၊ ၀၉-၉၇၆၇၀၀၂၅၀

အမှတ်(၄၁၇)၊ လှသီရိလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ☎ ၀၁-၆၁၇၁၄၉၊ ၀၉-၇၃၂၅၀၁၅၃၊ ၀၉-၇၉၆၁၀၈၁၄၁၊ ၀၉-၉၇၇၉၄၁၈၀၁၊ ၀၉-၄၅၇၇၄၀၀၆၄




## မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်

## AYEYARWADY PARTNERS TRADING CO.,LTD.

အမှတ် (G-5B)၊ ရန်ကုန်-မန္တလေးလမ်း၊ စက်မှုဇုံ(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

Tel : 09-402634566, 09-402634577, 09-402634588 email : shacman.ayeyarwaddypartners@gmail.com

COMMERCE
INTERNATIONAL

# ကုန်ပစ္စည်းလက်ကျန်များပြားလာသဖြင့် ဇန်နဝါရီတွင် ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကျဆင်း

ဂျပန်နိုင်ငံတွင် ဇန်နဝါရီက မော်တော်ကားနှင့် အီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်မှု နှေးကွေးကျဆင်းခဲ့ကြောင်း၊ ယခုကျဆင်းမှုသည် ၂၀၁၁ ခုနှစ်က အပျက်အစီး များပြားသောငလျင်ဖြစ်ပေါ်ပြီးနောက်ပိုင်း အကြီးမားဆုံးကျဆင်းမှုဖြစ်ရာ ဝယ်လိုအားကျဆင်းမှုနှင့် သိုလှောင်လက်ကျန်များ များပြားမှုကို ပြသလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဝတ်အထည်၊ မော်တော်ကားနှင့် အသုံးအဆောင်ပစ္စည်းများအတွက် သုံးစွဲမှုများကို လျှော့ချလာသည့်အတွက် ဇန်နဝါရီလတွင် လက်လီရောင်းချမှု တိုးတက်မှုနှုန်းမှာ ခန့်မှန်းထားသည့်အောက်ကျဆင်းခဲ့ကြောင်း သီးခြားကောက်ခံထားသော ကိန်းဂဏန်းများက ဖော်ပြလျက်ရှိသည်။ ဇန်နဝါရီလ ထုတ်လုပ်မှု ကိန်းဂဏန်းများနှင့် ဖေဖော်ဝါရီနှင့် မတ်တွင် ထုတ်လုပ်မည်ဟု ကုမ္ပဏီများ၏ ခန့်မှန်းချက်များအား စုစည်းတင်ပြသည့် အစိုးရ၏အစီရင်ခံစာအရ ဂျပန်ကုမ္ပဏီများ၏ လုပ်ငန်းတိုးချဲ့မှုမှာ နှေးကွေးမည့်လက္ခဏာကို ပြသနေသည်။ သို့ဖြစ်ရာ မူဝါဒရေးဆွဲသူများအဖို့ စီးပွားရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်အားပေးသည့် နည်းလမ်းသစ်များကို မရမနေ ရှာဖွေရတော့မည်ဖြစ်သည်။

ဖွံ့ဖြိုးမှု နှေးကွေးခြင်းကြောင့် ကုမ္ပဏီများနှင့် နိုင်ငံရေးသမားများအတွက် ယန်းငွေတန်ဖိုး မြင့်တက်မှုသည် ပိုမိုစိုးရိမ်စရာ ဖြစ်လာသဖြင့် ပို့ကုန်လုပ်ငန်းများ၏ အကျိုးအမြတ်ကို ထိခိုက်ကာကုမ္ပဏီများကလည်း ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် လုပ်ခလစာတိုးမြှင့်ပေးမည့် အလားအလာများနည်းပါးလျက်ရှိသည်။ ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဂျပန်ယန်းငွေတန်ဖိုးက ငါးရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်က ၁၅ လအတွင်း အမြင့်ဆုံးနှုန်းအထိ ရောက်ရှိခဲ့သည်။

ယန်းငွေတန်ဖိုး မြင့်တက်မှုကြောင့် ပို့ကုန်အမှာစာအသစ် ရရှိမှုနှေးကွေးသည့်အတွက် ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ တိုးတက်မှု ပိုမိုနှေးကွေးလာသည်။ ထို့ကြောင့်ကော်ပိုရေးရှင်းကြီးများသည် ငွေကြေးတန်ဖိုး အတက်အကျကို အပြင်းအထန် ခံစားရသည်ကို ပြသလျက်ရှိသည်။

"ဂျပန်စီးပွားရေးက ဒီနှစ်မှာတိုးတက်မှုရှိနိုင်ပါတယ်။ ဒါပေမယ့် ယခင်နှစ်က အခြေအနေကိုမမီနိုင်လောက်ပါဘူး။ ဂျပန်အစိုးရက ယန်းငွေတန်ဖိုးမြင့်တက်နေတာကို ရပ်တန့်ဖို့ကြိုးစားမှာပါ။ ဒါပေမယ့် ကုန်သွယ်မှုပဋိပက္ခတွေနဲ့ ပတ်သက်ပြီး သူတို့စိတ်ပူနေရဦးမှာပါ" ဟု တိုကိုင်းတိုကျိုသုတေသနဗဟိုဌာနမှ စီးပွားရေးပညာရှင် ဟီရိုအာကီမူတိုက ပြောသည်။

ဂျပန်နိုင်ငံ၏ ဇန်နဝါရီကုန်ထုတ်လုပ်မှုသည် ယခင်လနှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်သော ကုန်သွယ်ရေးဝန်ကြီးဌာန ကိန်းဂဏန်းများအရသိရသည်။ ယင်းကျဆင်းမှုမှာ ၁၆ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော ၂၀၁၁ ခုနှစ်မတ်လနောက်ပိုင်း အများဆုံးကျဆင်းမှုဖြစ်သည်။



## ကမ္ဘာကြီးနှင့် လက်တွဲ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက အသင့်ဖြစ်

အိန္ဒိယနိုင်ငံသည် စီးပွားရေးလုပ်ဆောင်ရာ၌ ကမ္ဘာပေါ်ရှိ အပွင့်လင်းဆုံးနိုင်ငံများတွင် ပါဝင်ကြောင်း၊ ကမ္ဘာကြီးနှင့် လက်တွဲဆောင်ရွက်ရန် အသင့်ဖြစ်နေကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သည့်အနေဖြင့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီ၏ ပြောကြားချက်ကို ဟိန္ဒူဘိဇနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယအစိုးရသည် တည်ငြိမ်သော စီးပွားရေးပတ်ဝန်းကျင် ဖန်တီးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး ဆုံးဖြတ်ချက်ချရာတွင် စိတ်ကူးပေါက်သလို ဆောင်ရွက်သောစနစ်ကို ဖယ်ရှားထားကြောင်း အိန္ဒိယ-ကိုရီးယားစီးပွားရေးထိပ်သီးဆွေးနွေးပွဲတွင် သူကပြောသည်။

"ကျွန်တော်တို့က နေ့စဉ်လုပ်ငန်းဆောင်တာတွေကို ခိုင်မာပြတ်သားစွာ ဆောင်ရွက်ပါတယ်။ သံသယနဲ့လုပ်ငန်းဆောင်ရွက်ခြင်းထက် ယုံကြည်မှုနယ်ပယ်ကို ကျယ်ပြန့်အောင်ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်မှုကိုကြည့်ခြင်းအားဖြင့် အစိုးရ၏တွေးခေါ်မှုအလေ့အထ လုံးဝပြောင်းလဲနေတယ်ဆိုတာကို တွေ့ရမှာဖြစ် ပါတယ်"ဟု သူကပြောသည်။

ဝယ်ယူမှုစွမ်းအားဘက်မှကြည့်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် တတိယအကြီးဆုံး စီးပွားရေးဖြစ်ကြောင်း သူကပြောသည်။ အမည်ခံ၍ ဂျီဒီပီအရ အိန္ဒိယနိုင်ငံသည် ပဉ္စမမြောက် အကြီးဆုံးနိုင်ငံဖြစ်လာမည့် အခြေအနေရှိကြောင်းနှင့် ယနေ့ခေတ်စီးပွားရေးတွင် အိန္ဒိယ နိုင်ငံသည် အလျင်အမြန်ဆုံးတိုးတက်နေသည့် နိုင်ငံလည်းဖြစ်ကြောင်း သူကပြောသည်။

"ကျွန်တော်တို့နိုင်ငံက ထူထောင်စစီးပွားရေးလုပ်ငန်းဝန်းကျင် အမြင့်မားဆုံးနိုင်ငံဖြစ်ပါတယ်"ဟု သူကထပ်လောင်းပြောကြား သည်။

အစိုးရသည် စည်းကမ်းစည်းမျဉ်းလျှော့ချပြီး လိုင်စင်ယူရသောလုပ်ငန်းလျှော့ချရေးကို ဦးတည်ဆောင်ရွက်နေကြောင်း မိုဒီကပြောသည်။ စက်မှုလုပ်ငန်းများ၏ လိုင်စင်သက်တမ်းကို ယခင်က သုံးနှစ်ထားရှိရာမှ ယခုအခါ ၁၅ နှစ်နှင့်အထက်အထိ တိုးမြှင့်ပေးထား ကြောင်း သူကပြောသည်။

"တစ်ကမ္ဘာလုံးကိုခြုံကြည့်မယ်ဆိုရင် စီးပွားရေးနဲ့ပတ်သက်ပြီး အရေးပါတဲ့အကြောင်းတရားသုံးပါးကို အတူတကွပူးတွဲတွေ့ရတဲ့နိုင်ငံ အတော်နည်းပါတယ်။ အဲဒီအချက်သုံးချက်ကတော့ ဒီမိုကရေစီ၊ လူဦးရေနဲ့ ဝယ်လိုအားတွေပဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ဒီသုံးခုလုံးကို ပူးတွဲပြီးတွေ့ရပါတယ် "ဟု သူကပြောသည်။

## စင်ကာပူနိုင်ငံ၌ လာမည့်သုံးနှစ်အတွင်း လုပ်ငန်းခွင် အလိုအလျောက်စနစ်သုံးစွဲမှု နှစ်ဆမြှင့်တင်မည်

လုပ်ငန်းခွင် အလိုအလျောက်စနစ်သည် စင်ကာပူနိုင်ငံတွင် လာမည့်သုံးနှစ်အတွင်း နှစ်ဆအထိ မြင့်တက်လာမည်ဟု အကြံပေးအဖွဲ့တစ်ခုဖြစ်သည့် ဝီးလစ်တာဝါဝပ်ဆင်က ခန့်မှန်းကြောင်း စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

လာမည့်သုံးနှစ်အတွင်း စင်ကာပူရှိစီးပွားရေးလုပ်ငန်းများက ဆောင်ရွက်နေသော လုပ်ငန်းမှန်သမျှ၏ ပျမ်းမျှ ၂၉ ရာခိုင်နှုန်းကို အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်လိမ့်မည်ဟု ၂၀၁၇ ခုနှစ်အတွက် ထုတ်ပြန်သော စစ်တမ်းအစီရင်ခံစာဖြစ်သည့် The Global Future of Work တွင် ခန့်မှန်းထားသည်။ လွန်ခဲ့သောသုံးနှစ်ခန့်ကရှိခဲ့သော ခုနစ်ရာခိုင်နှုန်းနှင့် လက်ရှိအသုံးပြုနေသော ၁၄ ရာခိုင်နှုန်းကို အလိုအလျောက်စနစ်အသုံးပြုလျက်ရှိသည့် အခြေအနေနှင့် နှိုင်းယှဉ်ပါက ယခုခန့်မှန်းချက်သည် အဆမတန် တိုးတက်လျက်ရှိနေသည်ကို တွေ့ရသည်။

လုပ်ငန်းခွင်တွင် အလိုအလျောက်စနစ်သုံးစွဲမှုက အရေးပါသော အခန်းကဏ္ဍမှ ဆက်လက် ပါဝင်လျက်ရှိနေသော်လည်း စီးပွားရေးအဖွဲ့အစည်းများက အလိုအလျောက်စနစ်နှင့် ဆက်နွယ်နေသော နည်းပညာကို အကောင်အထည်ဖော်ခြင်းကို လူသားများ၏ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်လုပ်မှု တိုးတက်ကောင်းမွန်မှုအဖြစ် ရှုမြင်ထားကြသည်။

"လုပ်ငန်းခွင်မှာ စက်ယန္တရားတွေနဲ့ စက်ရုပ်တွေတိုးမြှင့်သုံးစွဲလာတာကို ကျွန်တော်တို့ တွေ့မြင်နေရပေမယ့် သူတို့က လူသားတွေကို အစားမထိုးနိုင်သေးဘူးဆိုတာ နားလည်ဖို့အရေးကြီးပါတယ်။ အလိုအလျောက်စနစ်ကို အသုံးပြုတဲ့အကျိုးကျေးဇူးက လုပ်သားအင်အားနဲ့ လုပ်ငန်းခွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုကို တိုးတက်ကောင်းမွန်စေပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့ နည်းလမ်းကိုပြောင်းလဲပေးပါတယ်။ ကုန်ကျစရိတ်ကို လျှော့ချပေးပါတယ်" ဟု ဝီးလစ်တာဝါဝပ်ဆင်မှ စွမ်းဆောင်ရည်နှင့်ရလဒ်ဌာနခွဲခေါင်းဆောင် ဒါရီးပါး ရန့်က ပြောသည်။

သို့သော်လည်း အလိုအလျောက်စနစ်ကြောင့်ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကြီးထွားလာသည်ကို ထိန်းချုပ်ရန် အဖွဲ့အစည်းအားလုံးက အသင့်မဖြစ်သေးကြောင်း မစ္စတာပါးရန့်က ပြောသည်။ အလိုအလျောက်စနစ်နှင့်အတူ စက်ရုပ်လေ့ကျင့်သူနှင့် အချက်အလက်ပြုစုရေး သိပ္ပံပညာရှင်များ စသည့် အလုပ်အကိုင်သစ်များသည် ရှေ့တန်းသို့ရောက်လာသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများသည် လက်ရှိလုပ်ငန်းများကို ဖျက်သိမ်းပြီး အလိုအလျောက်စနစ်ကို အသုံးပြုနိုင်သော အခြေအနေကို ဖော်ထုတ်ဖန်တီးရန် ဝီးလစ်တာဝါဝပ်ဆင်က အကြံပြုထားသည်။



ထိုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများသည် သူတို့လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် မှန်ကန်သောစွမ်းဆောင်ရည်ရှိသူများကို ဖော်ထုတ်ရှာဖွေနိုင်ကြောင်းလည်း ထပ်လောင်းအကြံပြုထားသည်။ ဒစ်ဂျစ်တယ်ကို အဓိကကျွမ်းကျင်မှုလိုအပ်သော အလုပ်အကိုင်များမှာ လိုအပ်ချက်မြင့်မားနေသည့်အတွက် စင်ကာပူရှိ ကုမ္ပဏီများ၏ ၅၇ ရာခိုင်နှုန်းသည် ယင်းကဲ့သို့သော ဝန်ထမ်းများအား လစာကောင်းကောင်းပေးရန် ဆန္ဒရှိကြသည်။

ညဏ်တင် စုစည်းသည်